# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (3-10-2015) (၈၃၄၂)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှွံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအိန်ဂျလာ မာကဲလ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ တည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပက်ဂွန်ဟေးနှင့် ဝန်ကြီးချုပ် မစ္စတာ ဟွမ်ကျိုအန်း တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့သည်။

**(သတင်းစဉ်)**

# အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း သဲနုန်းများပို့ချမှုကိုကာကွယ်ရန် သစ်တောသစ်ပင်များ ပြန်လည်ပြုစုပျိုးထောင် မှန်ကန်သည့် မြေအသုံးချမှုနှင့် စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဟန်ချက်ညီပူးပေါင်းဆောင်ရွက်



အင်းလေးဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာ သန်းအောင်၊ ဦးငွေအောင်၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟဲဟိုးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ညောင်ရွှေမြို့သို့ဆက်လက်ထွက်ခွာရာ လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ စာတည်းရှုထောင့် ၃-၁၀-၂၀၁၅၊ စနေနေ့

# ပြည်သူ့အကျိုးသယ်ပိုးရွက်ဆောင်

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အခန်းကဏ္ဍသည် ရှေ့တန်းမှပါဝင်လာသည်။ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ပေးရမည့်ကဏ္ဍများမှာ ကျယ်ပြန့်လာသည်။

ရဲတပ်ဖွဲ့ဝင်များသည် အမှုဖြစ်မှ ပါဝင်ဆောင်ရွက်ရသည့် အယူအဆကို ပြောင်းလဲပြီး ပြည်သူလူထုအကျိုးအတွက် အကြောင်းကိစ္စရပ်တိုင်းတွင် ပါဝင်လာသည်။ အထူးသဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အေးချမ်းတည်ငြိမ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အသိတရားဖြင့် ကူညီဆောင်ရွက်ပေးလာကြသည်။

ရပ်ရွာအကျိုးပြု ရဲလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်များ သီးခြားမရပ်တည်ဘဲ ပြည်သူလူထုနှင့် လက်တွဲပါဝင်ရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ကြရသည်။ အမြင်မကြည်လင်ခဲ့သော အတွေးများကို ကူညီဆောင်ရွက်ခြင်းဖြင့် ဆေးကြောကြရသည်။ ပြည်သူလူထုအပေါ် စေတနာထားခြင်း၊ ရဲလုပ်ငန်းများအပေါ် နှစ်ခြိုက်သဘောကျခြင်း ဖြစ်အောင် ကြိုးပမ်းကြရသည်။

ရဲတပ်ဖွဲ့၏ပုံမှန်လုပ်ငန်းမှာ မှုခင်းတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ကြရသည်။ မြို့၊ ရွာများတွင် လူဦးရေထူထပ်လာခြင်းနှင့်အတူ မှုခင်းဖြစ်စဉ်များ တိုးပွားလာလေ့ရှိသည်။ မှုခင်းများအား ဖြစ်ပွားလျှင် ဖြစ်ပွားချင်း အမြန်ဆုံးနှိမ်နင်းနိုင်ခြင်းသည် ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်ပင်ဖြစ်သည်။ မဖြစ်ပွားမီတွင် ကြိုတင်တားဆီးကာကွယ် ဟန့်တားနိုင်သည်မှာလည်း ရဲတပ်ဖွဲ့၏အစွမ်းအစပင်ဖြစ်သည်။

မှုခင်းဖြစ်စဉ်များ ထူပြောလာသည်ဟု ယခုအခါဆိုတတ်ကြသည်။ ရဲတပ်ဖွဲ့ကိုလည်း အပြစ်ဆိုတတ်ကြသည်။ အမှန်တွင် မှုခင်းဖြစ်စဉ်နည်းခြင်း၊ များခြင်းမှာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်၊ အခြားနိုင်ငံများတွင်လည်း ထိုနည်းလည်းကောင်းပင်။ မကောင်းမှုနှင့် ကောင်းမှုမှာ အမြဲဒွန်တွဲနေတတ်သည်။ လူကောင်းနှင့် လူဆိုးမှာလည်း အမြဲရှိနေတတ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ဒုစရိုက်မှုများ ကျယ်ပြန့်လာသည်။ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လူကုန်ကူး၊ လူမှောင်ခိုမှုခင်းများ၊ အုပ်စုဖွဲ့ကျူးလွန်သည့်မှုခင်းများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ စသည့်အမှုအခင်းများနှင့် ဒုစရိုက်လုပ်ငန်းများအား နိုင်ငံအချင်းချင်းပူးပေါင်း၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်လာရသည်။

ပြည်တွင်းမှုခင်းများသာမက ပြည်ပနှင့် နိုင်ငံချင်းဆက်မှုခင်းများတွင်ပါဝင်ဆောင်ရွက်ကြရသောကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားအောင်၊ ခေတ်မီတိုးတက်အောင် အစဉ်အမြဲပြုပြင်ပြောင်းလဲဆောင်ရွက်နေသည်ကိုတွေ့ရသည်။ အရေးကြီးလျှင် ကြီးသလို အချိန်ပြည့်ဆောင်ရွက်ရသော ရဲတပ်ဖွဲ့ဝင်များ၏ ဘဝအခြေအနေများကို နားလည်မှုသာ စာနာထောက်ထားတတ်မည်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးသည် ရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း ပြည်သူကို အလုပ်အကျွေးပြုမည့် စေတနာနှင့် ဂုဏ်သိက္ခာရှိသော ရဲတပ်ဖွဲ့၏အင်္ဂါရပ်နှင့်ညီညွတ်အောင် တစ်ဖက်က ဆောင်ရွက်ရသည်။ ပြည်သူ့အတွက် အနစ်နာခံမှုများရှိသလို အသက်ပေးမှုများလည်း ရှိခဲ့သည်။ ပြည်သူများ မှီခိုအားထားရာအဖြစ် ပြသကြရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့်ဆက်ဆံရာတွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ဆက်ဆံကူညီရ၏။ ဒုစရိုက်သမားနှင့် ကြုံတွေ့လျှင် လိမ္မာပါးနပ်စွာဖြင့် မီးကိုရေနှင့်ငြိမ်းသကဲ့သို့ ထိရောက်စွာကိုင်တွယ်ရ၏။ ရဲတပ်ဖွဲ့ဝင်များ၏ အလုပ်မှာ အပြောလွယ်သလောက် အလုပ်ခက်လှ၏။ ရဲတပ်ဖွဲ့ဝင်ကောင်း တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရ၏။

တရားဥပဒေစိုးမိုးရေးတာဝန်များကို တိုင်းပြည်နှင့်လူမျိုးအတွက် အစဉ်အမြဲရှေးရှုထမ်းဆောင်ကြရ၏။ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ တရားမျှတစွာဆောင်ရွက်ရ၏။ မြားမြောင်လှသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နေ့ညမရွေး၊ အချိန်အခါမရွေးထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များအားနားလည်စာနာပြီး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။ ။

# ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း သိရိရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘိုးဘွားရိပ်သာများမှ တာဝန်ရှိသူများ၊ ကန်တော့ခံဘိုးဘွားများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘိုးဘွားများအတွက် လှူဒါန်းငွေကျပ် ၄၄ သိန်းကို ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဇော်မိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကများက အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များက အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း ဘိုးဘွားများအား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဘိုးဘွားများအတွက် အလှူရှင်များမှ လှူဒါန်းငွေများအား လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကန်တော့ခံဘိုးဘွားများထံ လှူဒါန်းပစ္စည်းများအား ဂါရဝပြုကန်တော့ကြပြီး ကန်တော့ခံဘိုးဘွားများကိုယ်စား မြောက်ဥက္ကလာပမြို့နယ်မှ အသက် (၁၀၅) နှစ်ရှိ အဘိုး ဦးကျင်ပါက ကျေးဇူးတင်စကား ပြောကြားကာ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းအား ဗီဒီယိုဖိုင်ဖြင့် ဖွင့်လှစ်ပြသသည်။ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေနှင့် ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၈၁၃၇၀၀ ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၂**

လူ့ဘောင်သစ်ပါတီ၊ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီနှင့် ၈၈ မျိုးဆက်ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂**

(၅၁)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲက မွန်ပြည်နယ် ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်က မိန့်ခွန်းပြောကြားပြီး သထုံခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်သူနှင့် အဆင့်တိုးရဲတပ်ကြပ် ဇင်ဘိုထွန်းအား တပ်ကြပ်ကြီးရာထူးသို့ တိုးမြှင့်ခြင်း၊ ဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ရဲချုပ်မှပေးပို့သည့် ဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ကို မုဒုံမြို့နယ် မူလတန်းပြဆရာမနှစ်ဦးကို ချီးမြှင့်ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး ဘိုဘိုဦး၊ ဒုတိယပြည်နယ် ရဲမှူးကြီး သောင်းဝင်း၊ ဒုတိယရဲမှူးကြီး အောင်မြင့်နိုင် ဦးစီးအရာရှိ(ပထမတန်း)၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်မှ ရဲတပ်ဖွဲ့မှူးများ၊ အမှတ်(၅) သတင်းရဲတပ်ဖွဲ့ခွဲမှူး၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး၊ အမှတ် (၉)ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲမှူး၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးတို့က ဆုရတပ်ဖွဲ့ဝင် ၄၀၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တာဝန်သိပြည်သူ ၁၄ ဦး၊ အားကစားထူးချွန်ဆုကိုးဦး၊ ပညာရည်ထူးချွန်ဆု ၁၀ ဦး၊ မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီ ၁၀ ဦးတို့အား ဆုများနှင့် ဂုဏ်ပြုလွှာများကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၇၁၅၀၀ - ၇၇၁၅၀၀ |
| မန္တလေး ရွှေဈေး | ၇၇၁၅၀၀ - ၇၇၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၃၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၂၆၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၀.၄၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၆၀၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၂.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၉.၂၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၅.၆၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၈.၃၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




# မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | |
|---|---|
| စဥ့်ကိုင်မြို့ | - ၂ ဒသမ ၉၇ လက်မ |
| တံတားဦးမြို့ | - ၂ ဒသမ ၀၉ လက်မ |
| ဖလမ်းမြို့ | - ၂ ဒသမ ၀၁ လက်မ |
| ကျောက်ဆည်မြို့ | - ၁ ဒသမ ၇၃ လက်မ |
| မင်းဘူးမြို့ | - ၁ ဒသမ ၆၉ လက်မ |
| ကျိုက္ခမီမြို့ | - ၁ ဒသမ ၆၀ လက်မ |
| ဖြူးမြို့ | - ၁ ဒသမ ၅၄ လက်မ |

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

### ☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတသည် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် စက်ယန္တရားများ အသုံးပြု၍ ကန်အတွင်းသို့ စီးဝင်သည့်ချောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်းများ ပြန်လည်တူးဖော်နေမှု၊ ရေမှော်၊ ဗေဒါနှင့် ဒိုက်ပင်များ ရှင်းလင်းနေမှု အခြေအနေများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အင်းလေးကန်အတွင်း ရေလမ်းခရီးသွားလာရေးအတွက် အဓိကအသုံးပြုနေသည့် ငါးဖယ်ချောင်း ရေလမ်းကြောင်းအဝတွင် ကလောချောင်းမှ စီးဝင်လာသော သဲနုန်းများကြောင့် တိမ်ကောလာသဖြင့် မြေကျင်းပေါက်တစ်သိန်းခန့် ပြန်လည်တူးဖော်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဖောင်တော်ဦးဘုရားသို့သွားသည့် ငါးဖယ်ချောင်းရေလမ်းကြောင်းတစ်လျှောက်တွင်လည်း မြေကျင်းပေါင်း ၁ ဒသမ ၅ သိန်းခန့် ပြန်လည်တူးဖော်ရန် ဆောင်ရွက်နေပြီး ရေလမ်းကြောင်းအတွင်းသို့ စိုက်ပျိုးခြံများကျူးကျော်မှု မရှိစေရန်အတွက် အလျား ၃ မိုင်ရှိ ခြံစည်းရိုးကာရံသွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကန်အတွင်းသို့စီးဝင်သည့် ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခင် မိမိခရီးစဉ်အတွင်း အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့်ပတ်သက်ပြီး နဒီကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ သာစည်ကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ငါးဖယ်ချောင်းအဝ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ငါးဖယ်ချောင်းရေလမ်း သဲနုန်းတူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို လတ်တလော ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း။

ယခုခရီးစဉ်တွင် ထိုလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လာရောက်စစ်ဆေးပြီး ရေရှည်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း။

သဲနုန်းများ တူးဖော်ခြင်း၊ နုန်းထိန်းတမံနှင့် နုန်းစစ်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်သကဲ့သို့ အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း သဲနုန်းများပို့ချမှုကို ကာကွယ်ရန်အတွက် သစ်တော၊ သစ်ပင်များ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မှန်ကန်သည့် မြေအသုံးချမှုနှင့် စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကိုလည်း ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟဲဟိုးလေဆိပ်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်းလေးကန်အတွင်းရှိ သဲနုန်းများ တူးဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် နယ်သာလန်နိုင်ငံမှ ခေတ်မီသော သောင်တူးစက်တစ်ခုကို မှာယူထားရာ မကြာမီရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ၎င်းသောင်တူးစက်ကို အင်းလေးကန်တွင် အမြဲတမ်းထားရှိပြီး ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အင်းလေးကန် စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နမ့်ဟူးကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယ ဟဲယာရွာမရွှေဘုံသာ ဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသ အမှူးပြုသော အင်းလေးဒေသမှ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဟဲယာရွာမရွှေဘုံသာ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ညောင်ရွှေမြို့ရှိ နဒီကန်သို့ရောက်ရှိပြီး နဒီကန်ပြန်လည်တူးဖော်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နဒီကန်ပြန်လည်တူးဖော်ပြီးစီးမှု၊ ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နဒီကန်သည် အင်းလေးကန်အတွင်း သဲနုန်းဝင်ရောက်ခြင်းမှ ကာကွယ်ပေးမည့် နုန်းစစ်ကန်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို ရေပေးဝေခြင်း၊ အင်းလေးကန် ရေနည်းချိန်တွင် ရေကူဖြည့်တင်းပေးခြင်းတို့ကို ပြုလုပ်သည့်ကန်ဖြစ်ပြီး ယခုအခါ ကန်တွင်း သဲနုန်းဝင်ရောက်မှုများပြားပြီး တိမ်ကောလာသဖြင့် ပြန်လည်တူးဖော်နေခြင်းဖြစ်သည်။

သာစည်ကန်သည်လည်း နဒီကန်နည်းတူ နုန်းစစ်ကန်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၄၀၀ ကျော်ကို ရေပေးဝေနိုင်သည့် ကန်ဖြစ်သည်။ နဒီကန်နည်းတူ တိမ်ကောလာသဖြင့် ပြန်လည်တူးဖော်နေခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရှိုင်ရယ်နဒီဟိုတယ်သို့ ရောက်ရှိရာ ဝမင်းကုမ္ပဏီမှ ဦးလွင်မိုးက အင်းလေးကန်သန့်ရှင်းသာယာလှပရေးအတွက် အင်းပေါ်ခုံကျေးရွာရှိ အိမ်ခြေ ၂၅၈ အိမ် လူဦးရေ ၂၁၀၀ အသုံးပြုနိုင်ရန် Kubota Johkasou KZ-5 ရေဆိုးသန့်စင်စက် ၆၅ လုံး တပ်ဆင်အသုံးပြုမည့် အစီအစဉ်၊ အင်လေးဖောင်တော်ဦးဘုရားတွင် ဝမင်းကုမ္ပဏီအုပ်စုနှင့် YAMAHA ကုမ္ပဏီတို့မှ လှူဒါန်းထားသော ရေဆိုးသန့်စင်စက်များအခြေအနေနှင့် ဝမင်းကုမ္ပဏီနှင့် YAMAHA ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ အခြေခံပြည်သူလူထုအတွက် တစ်ရက်လျှင် မိသားစု ၁၆၀၀၊ လူဦးရေ ၈၀၀၀ သောက်သုံးနိုင်မည့် သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေနိုင်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးဖောင်တော်ဦးဘုရား၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နဒီကန်ပြန်လည်တူးဖော်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဖေ့စ်ဘွတ်တွင် မှတ်ချက်ပေးခဲ့မှု ကမ္ဘောဒီးယားအမတ် အမှုရင်ဆိုင်ရ

**ဖနောင်ပင် အောက်တိုဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံ၌ အတိုက်အခံ အမတ်တစ်ဦးသည် ဖေ့စ်ဘွတ် လူမှုကွန်ရက်စာမျက်နှာတွင် မှတ်ချက်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အတိုက်အခံပါတီဖြစ်သော ကမ္ဘောဒီးယားအမျိုးသား ကယ်တင်ရေးပါတီမှ အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဟောင်ဆွတ်ဟာဝါကို အောက်တိုဘာ ၂ ရက်က ရုံးထုတ်ခဲ့ကြောင်း၊ အာမခံရရှိရန် ၎င်း၏ ပန်ကြားချက်ကို တရားရုံးတော်က ပယ်ချခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဟောင်ဆွတ်ဟာဝါသည် ဩဂုတ် ၁၅ ရက်တွင် အဖမ်းခံခဲ့ရပြီးချိန်မှစ၍ တရားစီရင်ခြင်းမတိုင်မီ ထိန်းသိမ်းခံထားရပြီး ဆေးဝါးကုသမှုခံယူနိုင်ရန် အာမခံလျှောက်ထားခဲ့သည်။ တရားသူကြီးအဖွဲ့၏ သဘာပတိ ရှေ့စ်ပီဆက်က အာမခံလျှောက်ထားမှုအား ငြင်းဆိုရသည့် အကြောင်းတရားများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ တရားခွင်ကို ဖွင့်လှစ်ခဲ့သည်။

အင်တာနက်ရှိ ဖေ့စ်ဘွတ် လူမှုကွန်ရက်ပေါ်တွင် မှတ်ချက်ရေးသားခဲ့မှုများသည် နိုင်ငံတော်သစ္စာဖောက်မှုကို ကျူးလွန်ရာရောက်သည်ဟု ဝန်ကြီးချုပ် ဟွန်ဆန်က စွပ်စွဲခဲ့သည်။ အဆိုပါ အမတ်သည် ဗီယက်နမ်နိုင်ငံနှင့် ရရှိခဲ့သော နယ်စပ်ဒေသဆိုင်ရာ သဘောတူညီချက်နှင့် ပတ်သက်၍ ဝေဖန်ရေးသားခဲ့သည်ဆို၏။

အများပြည်သူဆိုင်ရာ စာလွှာစာတမ်းများကို လိမ်လည်မှု၊ စာလွှာစာတမ်းအတု အသုံးပြုမှု၊ မငြိမ်မသက်ဖြစ်စေရန် လှုံ့ဆော်မှုဟူသော စွဲချက်သုံးရပ်ဖြင့် အတိုက်အခံအမတ်ကို တရားစွဲဆိုမည်ဖြစ်ပြီး ပြစ်မှုထင်ရှားတွေ့ရှိရပါက ထောင်ဒဏ် ၁၇ နှစ်အထိ ကျခံရဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**



# စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဝန်ကြီးအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

**စင်ကာပူ အောက်တိုဘာ ၂**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း ဦးဆောင်သော အစိုးရအဖွဲ့သစ်သည် အောက်တိုဘာ ၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွတ်လပ်သောနိုင်ငံတော်အဖြစ် စင်ကာပူနိုင်ငံကို ထူထောင်ခဲ့ပြီးချိန်နောက်ပိုင်း (၁၂) ကြိမ်မြောက် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ လီရှန်လွန်း၏ ပြည်သူ့လုပ်ရှားမှုပါတီ(ပီအေပီ) အနိုင်ရရှိခဲ့ပြီးနောက် ရက်သတ္တသုံးပတ်အကြာတွင် ဝန်ကြီးချုပ်လီနှင့် ဝန်ကြီးအဖွဲ့သစ်တို့ ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်သည်။

ဝန်ကြီးအဖွဲ့သစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို သမ္မတနန်းတော်၌ ကျင်းပသည်။ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ သမ္မတတိုနီတန်ကန်ယမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသစ်ရွေးချယ်တင်မြှောက်ခံရသော အမတ်သစ်များ၊ သံတမန်များနှင့် လူထုလူတန်းစား အသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များအပါအဝင် လူပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

၁၉၆၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ ပီအေပီပါတီက အာဏာရပါတီအဖြစ် ဆက်တိုက်အုပ်ချုပ်လာခဲ့သည်။

**ပီတီအိုင်။**

# အမေရိကန် သယ်ယူပို့ဆောင်ရေးလေယာဉ် အာဖဂန်တွင် ပျက်ကျ၊ ၁၂ ဦးထက်မနည်းသေဆုံး

**ကဘူး အောက်တိုဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်မြို့ရှိ လေယာဉ်ကွင်းတွင် အောက်တိုဘာ ၁ ရက် ညပိုင်းက စီ-၁၃၀ အမျိုးအစား အမေရိကန် သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူ ၁၂ ဦးထက် မနည်းသေဆုံးကြောင်း၊ ယင်းလေယာဉ်မှာ မိမိတို့လက်ချက်ဖြင့် ပျက်ကျခြင်းဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၁ ရက် ညသန်းခေါင်ယံဝန်းကျင်တွင် ဂျလာလာဘတ်လေဆိပ်၌ စီ-၁၃၀ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူအသေအပျောက်ရှိကြောင်း အမည်မဖော်သည့် သတင်းရပ်ကွက်တစ်ခုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသွားသူများတွင် အမေရိကန် စစ်သားငါးဦးပါဝင်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ အသေးစိတ်ကိုမူ မသိရပေ။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ သတင်းပေးပို့ချက် အသစ်များ မရရှိသေးကြောင်း အာဖဂန်နစ္စတန်ရှိ မဟာမိတ် ညွှန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တိုနီစစ်မန်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကျွန်ုပ်တို့၏ မူဂျာဟစ်ဒင် တပ်ဖွဲ့ဝင်များက အင်ဂျင်လေးလုံးတပ် အမေရိကန် လေယာဉ်တစ်စင်းကို ဂျလာလာဘတ်၌ ပစ်ချခဲ့သည်ဟု အာဖဂန်နစ္စတန် တာလီဘန်အဖွဲ့၏ တွစ်တာ စာမျက်နှာတွင် ရေးသားဖော်ပြသည်။

တပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံးသည်ဟု တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဟီဟူလာ မူဂျာဟစ်က ၎င်း၏ တွစ်တာတွင် ရေးသားသည်။

ယမန်နှစ် ဇွန်လအတွင်းကလည်း အမေရိကန် စီ-၁၃၀ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းဒေသ၌ မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရပြီး ယင်းဖြစ်စဉ်၌ လူအသေအပျောက်မရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# တရုတ်နိုင်ငံတွင် ပါဆယ်ဗုံးများဖောက်ခွဲသူ ဗုံးပေါက်ကွဲမှုအတွင်း သေဆုံး

**ပေကျင်း အောက်တိုဘာ ၂**

စက်တင်ဘာ ၃၀ ရက်က တရုတ်နိုင်ငံတွင် ပါဆယ်ဗုံးများ ဆက်တိုက်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သံသယရှိသူတစ်ဦးသည် အဆိုပါဗုံးများပေါက်ကွဲမှုအတွင်း သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ရဲအရာရှိများက အတည်ပြုပြောကြားကြသည်။

ကွမ်ရှီးကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လျိုကျိုးမြို့ အစိုးရအဆောက်အအုံများ၊ ဆေးရုံများ၊ စျေးဝယ်စင်တာများ စသည့် လူစည်ကားသည့်နေရာ ၁၇ နေရာတွင်ပါဆယ်ဗုံးများ ဖောက်ခွဲခဲ့မှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ပြီး ၅၁ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဗုံးဖောက်ခွဲသူဟု သံသယရှိသူမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီး တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ လျိုကျိုးမြို့မှဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# တိုက်တန်းနစ်သင်္ဘောမှ နောက်ဆုံးနေ့လယ်စာမီနူး အွန်လိုင်းလေလံမှတစ်ဆင့် ကန်ဒေါ်လာ ၈၈၀၀၀ ဖြင့် ရောင်းချ




**နယူးယောက် အောက်တိုဘာ ၂**

ကံမကောင်းစွာဖြင့်နစ်မြုပ်ခဲ့ရသော တိုက်တန်းနစ်သင်္ဘောပေါ်ရှိ ပထမတန်းခရီးသည်များအတွက် နေ့လယ်စာစားသောက်ဖွယ်စာရင်းကို အွန်လိုင်းလေလံတစ်ခု၌ အမေရိကန်ဒေါ်လာ ၈၈၀၀၀ ဖြင့် ရောင်းချလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပထမတန်းခရီးသည်တစ်ဦးဖြစ်ပြီး ငွေကြေးကြွယ်ဝသူများဖြင့် ပြည့်နှက်နေသော "ငွေကြေးလှေ" ဟု ခေါ်ဆိုသည့် အသက်ကယ်လှေတစ်စင်းဖြင့် လွတ်မြောက်လာသူများအနက်တစ်ဦးဖြစ်သူ အေဘရာဟမ်လင်ကွန်းဆော်မွန်ဆိုသူ သိမ်းဆည်းထားသော ယင်းစားသောက်ဖွယ်ရာစာရင်းကို ပုဂ္ဂလိကစုဆောင်းသူတစ်ဦးထံ ရောင်းချလိုက်ပြီး စျေးနှုန်းမှာ မရောင်းချမီကြိုတင်ခန့်မှန်းထားသည့် အတိုင်းရရှိခဲ့သည်ဟု လေလံကုမ္ပဏီ Lion Heart Autographs က ပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာစာရင်းမှာ သင်္ဘောပေါ်မှတွေ့ရှိခဲ့သော ယခုတိုင်ရှိနေသေးသည့် စားသောက်ဖွယ်ရာစာရင်းသုံးခု သို့မဟုတ် လေးခုအနက်တစ်ခုဟုယုံကြည်ရပြီး အသက်ကယ်လှေဖြင့် လွတ်မြောက်ခဲ့သူများအနက်တစ်ဦး၏သားစဉ်မြေးဆက်တစ်ဦးက ပေးခဲ့သည်ဆိုသော တိုက်တန်းနစ်သင်္ဘောမှပစ္စည်းအချို့ကို မည်သူမည်ဝါမသိရသူတစ်ဦးက ရောင်းချရန်အတွက် ပေးခဲ့ခြင်းဖြစ်သည်။

၁၉၁၂ ခုနှစ် ဧပြီလ ၁၄ ရက်နေ့စွဲဖြင့် White Star သင်္ဘောလိုင်းလိုဂိုတံဆိပ်ကပ်ထားသည့် အဆိုပါစားသောက်ဖွယ်ရာစာရင်းတွင် ကြက်ဥပူတင်း၊ ပြောင်းဖူးဖြင့်ချက်ထားသည့်အမဲသား၊ အာလူး၊ ဝက်ပေါင်ခြောက်နှင့် ဒိန်ခဲ စသည့် စားသောက်ဖွယ်ရာများ ပါဝင်ခဲ့သည်။ ဇိမ်ခံသင်္ဘောတိုက်တန်းနစ်မှာ အင်္ဂလန်နိုင်ငံ ဆောက်သမ်တန်မြို့မှ နယူးယောက်မြို့သို့ မောင်းနှင်သည့်ပထဦးဆုံးခရီးစဉ်အတွင်း ရေခဲတောင်တစ်လုံးနှင့် တိုက်မိပြီးနောက် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း နစ်မြုပ်သွားခဲ့ပြီး လူပေါင်း ၁၅၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကချင်ပြည်နယ်အတွင်း သွားလာရန်ခက်ခဲသည့် မြို့နယ်များအတွက် မဲရုံသုံးပစ္စည်းများ သယ်ယူပို့ဆောင်မှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နှင့်အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၁၀ နာရီတွင် မြန်မာ့လေကြောင်းခရီးဖြင့် မြစ်ကြီးနားသို့ ရောက်ရှိသည်။**




ထို့နောက် မြစ်ကြီးနားလေဆိပ် ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်ရှင်အဖွဲ့ဝင် ကချင်ပြည်နယ် တာဝန်ခံနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့မှ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် သွားလာရန် ခက်ခဲသည့် ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်း၊ ခေါင်လန်ဖူး၊ မချမ်းဘော မြို့နယ်များရှိ မဲရုံများတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်း (၃ ဒသမ ၃)တန်အား မြစ်ကြီးနားမှ ပူတာအိုသို့ တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ဖြင့် သယ်ယူပို့ဆောင်မည့် အစီအစဉ်နှင့် ပူတာအိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ပို့ဆောင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ပူတာအိုလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းမြင့်၊ ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်ပေးရသည့်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေထိုင်သော လူမျိုးစုများတွင် လူဦးရေ၏ (၀ ဒသမ ၁) ရာခိုင်နှုန်းထက်များသော လူမျိုးစုများကိုလည်း တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ရွေးချယ်ပေးရပြီး အုပ်ချုပ်ရေးကိစ္စများတွင် ပါဝင်နိုင်အောင်ဆောင်ရွက်ပေးရကြောင်း၊ အထွေထွေရွေးကောက်ပွဲသည်နိုင်ငံတော်အတွက် လွန်စွာအရေးကြီးပြီး ကော်မရှင်အနေနှင့်လည်း တာဝန်ကြီးမားပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ကြီး(၈)ရပ်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအရလည်း တာဝန်(၁၃)ရပ် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ အနှစ်ချုပ်လိုက်လျှင်အဓိကတာဝန် (၃)ခုသာရှိကြောင်း၊ (၁) လွှတ်တော်အသီးသီးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပေးခြင်း၊ (၂) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊ (၃) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ဖြစ်ပါကြောင်း။

လွှတ်တော်အတွင်း လူတော်လူကောင်းများ ရောက်ရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကို (၅)နှစ်တစ်ကြိမ် ကျင်းပပေးရမည်ဖြစ်ပြီး ပထမအကြိမ်လွှတ်တော်အသီးသီး၏သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၉၀)အတွင်း ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်ကြောင်း။

လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပပေးနိုင်ရေးအတွက် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ Observer များနှင့် မီဒီယာများ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ရန် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပူတာအိုလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မြစ်ကြီးနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# သမဝါယမဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် အောက်တိုဘာ ၂**

သမဝါယမဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် စုစုပေါင်း (၈)ဦးဖြင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၆၁/၂၀၁၅)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လိုပါက ဦးကျော်ငွေ ဥက္ကဋ္ဌ (အမြဲတမ်း အတွင်းဝန်၊ ဝန်ကြီးရုံး၊ သမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၀၂၈၊ ၀၉-၄၉၂၀၃၃၁၇၊ ဒေါ်ယဉ်ယဉ်နွယ် တွဲဖက်အတွင်းရေးမှူး (လက်ထောက်အတွင်းဝန်၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဝန်ကြီးရုံး သမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၅၇၂၊ ၀၉၄၃၀၇၇၁၃၅၊ ဦးဇော်မျိုး အတွင်းရေးမှူး (ဒုတိယအမြဲတမ်း အတွင်းဝန် ဝန်ကြီးရုံး သမဝါယမဝန်ကြီးဌာန) ဖုန်း-၀၆၇-၄၁၀၀၃၀၊ ၀၉-၄၂၀၇၃၇၇၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

ထိုကဲ့သို့ မြန်မာနိုင်ငံသို့ Logos Hope သင်္ဘောကြီးလာရောက်ခဲ့ခြင်းနှင့် ပတ်သက်၍ စီစဉ်ခဲ့သူ Operation Mobilization ၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာဂိုချင်ဇမ်းက "သင်္ဘောပေါ်မှာက စာအုပ်မျိုးစုံ ငါးထောင်ကျော်ပါပါတယ်။ ၃ ရက်နေ့ကစပြီး ၁၄ရက်နေ့အထိ နံနက် ၁၀နာရီကနေ ညနေ ၆ နာရီအထိ စာပေချစ်သူအများပြည်သူတွေ အခမဲ့လာရောက်ကြည့်ရှုပြီး ဝယ်ယူနိုင်အောင် ဖွင့်လှစ်ပေးသွားမှာပါ။ တနင်္လာနေ့တစ်ရက်တည်းသာ မွန်းလွဲ ၁နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမှာပါ။ စာအုပ်တွေကိုလည်း အများပြည်သူ အလွယ်တကူဝယ်ယူနိုင်အောင် မြန်မာငွေနဲ့ ရောင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆာပြေစားနိုင်အောင် ရေခဲမုန့်နဲ့ အခြားအစားအသောက်တွေကို ရောင်းချပေးသွားမှာပါ။ နောက်လာရောက်တဲ့သူတွေ စိတ်အပန်းဖြေနိုင်အောင် သင်္ဘောကုန်းပတ်တွေကို လေ့လာလို့ရအောင်ဖွင့်ပေးထားမှာ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

၎င်းကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးသည် ကမ္ဘာ့နိုင်ငံအနှံ့သို့ လှည့်လည်သွားလာကာ စာအုပ်များကိုရောင်းချပြီး ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ အာရှတိုက်ဒေသခရီးစဉ်အတွင်း မလေးရှားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောကြီးလာရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ Logos Hope ၏ မန်နေဂျင်းဒါရိုက်တာ Mr. Ronald Lappin က "ကျွန်တော်တို့ Logos Hope အနေနဲ့ ဒီခရီးစဉ်ဟာ မြန်မာနိုင်ငံအတွက် တတိယအကြိမ်မြောက်ခရီးစဉ်ပါ။ ပထမ ၁၉၉၈ မှာတစ်ကြိမ်၊ ၂၀၀၂ ခုနှစ်မှာ တစ်ကြိမ် Logos Hope သင်္ဘောဟောင်း Doulos နဲ့လာဖူးပါတယ်။ အခုကတော့ ဆယ့်လေးနှစ်အကြာမှာ ကမ္ဘာ့အကြီးဆုံး သင်္ဘောနဲ့ ပထမဆုံးအကြိမ် လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီသင်္ဘောပေါ်မှာ နိုင်ငံပေါင်း ၆၈ နိုင်ငံက အခကြေးငွေမယူဘဲ စေတနာနဲ့လုပ်ကိုင်ပေးတဲ့ ဝန်ထမ်း လေးရာကျော်ပါပါတယ်။ သူတို့က သင်္ဘောပေါ်မှာ နှစ် နှစ်သက်တမ်း တာဝန်ထမ်းဆောင်ကြတာပါ။ သူတို့အနေနဲ့ သင်္ဘောပေါ်က တာဝန်တွေကို ဆောင်ရွက်သလို ရောက်တဲ့ နိုင်ငံတွေမှာ မိတ်ဆွေဖွဲ့ပြီး ပရဟိတ အလုပ်တွေ လုပ်ကြပါတယ်။ အခုမြန်မာနိုင်ငံ မှာလည်း လုပ်လို့အဆင်ပြေမယ့်နေရာတွေမှာ ပရဟိတလုပ်ငန်းတွေ လုပ်သွားကြမှာပါ"ဟု ပြောသည်။

Logos Hope သည် ဂျာမနီ နိုင်ငံတွင် မှတ်ပုံတင်ထားသည့် နိုင်ငံတကာစေတနာရှင်အဖွဲ့ကြီးဖြစ်ပြီး ၁၉၇၀ ခုနှစ်မှ စတင်ကာ နိုင်ငံပေါင်း (၁၆၀) မှ လူဦးရေ ၄၄ သန်းကို ၎င်းတို့၏သင်္ဘောပေါ်သို့ လက်ကမ်းကြိုဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဖရန့်ဝေါတာစတိုင်းမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ရက်တွင်ကျရောက်သောကိုရီးယားသမ္မတနိုင်ငံတည်ထောင်သည့် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယွန်ဗြောင်ဆဲ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# မွေးကင်းစကလေး ကျန်းမာဖွံ့ဖြိုးရေးအတွက် နှိုးဆော်ချက်

ကလေးများသည် မွေးကင်းစကပင် အသိဉာဏ်ရှိပါသည်။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူမှ ကလေးအား ဂရုတစိုက်ပြုံး၍ ချော့မြူခြင်း၊ စကားပြောခြင်း၊ ချစ်ခင်ကြင်နာသည့် အပြုအမူများပြုလုပ်ပေးခြင်းနှင့် ကလေးငယ်၏တုံ့ပြန်မှုကို ဂရုပြုရန်လိုအပ်ပါသည်။ သို့မှသာ ကာယ၊ ဉာဏ ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်သော ကလေးငယ်များဖြစ်လာနိုင်ပါသည်။

**မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်း**

- ကလေးကို နွေးနွေးထွေးထွေးထားပါ။
- မွေးပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးပါ။
- ကလေးအသက်(၆)လအထိ မိခင်နို့မှအပ ရေအပါအဝင် မည်သည့်အရည်မျှ မတိုက်ကျွေးပါနှင့်။
- ကလေး၏ချက်ကို သန့်ရှင်းစွာထားပါ။ ချက်ကြွေပြီးမှ ရေချိုးပါ။
- ကလေး၏ချက်ထဲသို့ 7.1 % Chlorhexidine digluconate ဆေးရည်မှအပ မည်သည့်အရာမျှ မထည့်မိရန် သတိပြုပါ။

**မွေးကင်းစကလေးငယ်တွင် အောက်ပါအန္တရာယ်လက္ခဏာများ ဖြစ်ပေါ်လာပါက ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းပြပါ။**

- အသက်ရှူခက်ခဲနေလျှင်
- အသက်ရှူစဉ် ရင်ဘတ်အောက်ချိုင့်ဝင်လျှင်
- တက်လျှင်
- နို့လုံးဝမစို့လျှင်
- ဖျားလျှင် (သို့) ကိုယ်အေးစက်လျှင်
- ချက်မှသွေးထွက်လျှင်

**မွေးကင်းစကလေးငယ်တွင် အောက်ပါအန္တရာယ်လက္ခဏာများ ဖြစ်ပေါ်လာပါက ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားပြပါ။**

- ကလေးအလွန်သေးငယ်လျှင်
- နို့တိုက်ရခက်ခဲလျှင် (သို့) နှစ်ဆယ့်လေးနာရီအတွင်း နို့စို့မှု ငါးကြိမ်အောက်နည်းလျှင်
- အရေပြားပေါ်ပြည်ဖုပေါက်လျှင်
- ချက်တိုင်ငုတ်နီမြန်းနေလျှင် (သို့) ပြည်ထွက်နေလျှင်
- မျက်စိမှပြည်ထွက်လျှင်
- အသားဝါလျှင်
- ဖြူဖျော့လျှင်

**ကျန်းမာရေးဝန်ကြီးဌာန**

# စေတနာ

**မောင်ခွေသက်**

**ကျောင်းသားလူငယ်များ ပြန်ပို့ရေးအတွက် ပြင်ပနိုင်ငံကြီးများ ဖိအားပေးမည့်ရန်မှ လွတ်ကင်းစွာ ဆောင်ရွက်နိုင်ခြင်းမှာ အိမ်ရှေ့စံမင်းသမီးမဟာချက္ကရီ သီရိဒုံ၏စကားတစ်ခွန်းကြောင့်သာဖြစ်သည်ဟု မှတ်ယူမိပါသည်။**

၂၀၁၀ခုနှစ်တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲဖြင့် တာဝန်ယူခဲ့သော ဦးသိန်းစိန်အစိုးရသည် ဒီမိုကရေစီ ဖော်ဆောင်ရန်ကြွေးကြော်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် အစစအရာရာ ပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားစွာ လုပ်ဆောင်ခဲ့သည်။

ယခင်တပ်မတော်အစိုးရလက်ထက်မှာပြည်ပဆက်ဆံရေးများ ကန့်သတ်ချက်တွေရှိနေခဲ့သမျှ လမ်းကြောင်းတွေဖွင့်သည်။ကမ္ဘာ့နိုင်ငံအသီးသီးနှင့် တန်းတူရည်တူ ဆက်ဆံမှုလမ်းကြောင်းကို လျှောက်လှမ်းသည်။ ရပ်နီးရပ်ဝေးနိုင်ငံများနှင့် ကူးလူးဆက်ဆံမှုတွေ တိုးမြှင့်ပြုလုပ်သည်။

တစ်ကမ္ဘာလုံးကို တန်းတူရည်တူဆက်ဆံရေးတံခါးတွေဖွင့်သလို အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်းအလေးဂရုပြုသည်။ အစိုးရချင်းဆက်ဆံရေးတွေ တိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက်ရင်း ပြည်သူအချင်းချင်းချစ်ကြည်မှုတိုးတက်ဖို့လည်း ဦးစားပေးသည်။

ထိုပေါ်လစီအရ အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးအတွက် မြန်မာ-ထိုင်းချစ်ကြည်ရေး အသင်း Myanmar-Thai Friendship Association ဟူသော NGO အဖွဲ့ကို ဖွဲ့စည်းပေးပြီး ကျွန်တော့်အား တာဝန်ယူစေသည်။

တကယ်တော့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဆက်ဆံရေးသည် အလွန်ကောင်းမွန်သောအခြေအနေမှာရှိသည်။ နှစ်နိုင်ငံအစိုးရချင်းရင်းနှီးသလို တပ်မတော်ခေါင်းဆောင်များအချင်းချင်းလည်း ရင်းနှီးသည်။ အပြန်အလှန် ဖိတ်ကြားခြင်း၊ တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်းတို့ အရှိန်ရနေကြပြီး ဖြစ်ပေသည်။ ပြည်သူပြည်သားအချင်းချင်း နားလည်မှုရှိရှိ ရင်းနှီးကြဖို့ အရေးကြီးပေသည်။

မြန်မာအစိုးရသည် "မူ"ကိုအခြေခံ၍ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းကြောင့် ထိုင်းနိုင်ငံမှ အစိုးရအကြီးအကဲပြောင်းလဲမှုရှိသောအခါမှာလည်း တန်းတူရည်တူ ဆက်ဆံရေးမူကိုအခြေခံလျက် အရှိန်မပျက်ဆက်ဆံမြဲ ဆက်ဆံခဲ့ပါသည်။

နှစ်နိုင်ငံအစိုးရချင်း ရင်းနှီးမှုရရှိနေပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံတွင်တစ်ပြည်လုံးမှ လေးစားမှုခံယူရရှိနေသောဘုရင်ကြီးရှိသည်။ ထိုင်းနိုင်ငံဘုရင်ဘူမိဘော အဒူရာဒက်ရှိသည် အသက်အရွယ်ကြီး၍ ကျန်းမာရေးအရ ခရီးသွားရန်အဆင်မပြေသောကြောင့် ဘုရင်ကြီးကိုယ်စား အိမ်ရှေ့စံမင်းသမီး (Crown Princess) က ခရီးသွားလေ့ရှိ၏။

ယခုလည်း ဒုတိယသမ္မတကြီး၏ ဖိတ်ကြားချက်အရ အိမ်ရှေ့စံမင်းသမီး မဟာချက္ကရီသီရိဒုံကမြန်မာပြည်သို့ လာရောက်လည်ပတ်ရန် လက်ခံထားသည်။

ထိုင်းဘုရင်ကြီးတွင် ရင်သွေးလေးယောက် ထွန်းကားခဲ့ရာသားတော်တစ်ပါးတည်းပါသည်။ ထီးနန်းရိုးရာ အစဉ်အလာအရ သားတော်သည် အိမ်ရှေ့စံမင်းသားဖြစ်ရပါ၏။

ထို့ကြောင့် ထိုင်းဘုရင်ကြီးသည် ၁၉၇၂ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် "သားတော်မင်းသား ဗာဂျီလာလောင်ကွန်း"အား အိမ်ရှေ့စံတင်မြှောက်ပွဲ ကျင်းပချီးမြှောက်ပြီး "မဟာဗာဂျီရာလောင်ကွန်း"ဘွဲ့အမည်ပေးအပ်ခဲ့သည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ဘုရင်ကြီးမွေးနေ့တွင် အသက်(၂၂)ရှိသမီးတော်သီရိဒုံအား "မဟာချက္ကရီ သီရိဒုံ"ဘွဲ့အမည်ပေးလျက် အိမ်ရှေ့စံအရာပေးအပ်သည်။

အိမ်ရှေ့စံမင်းသမီး မြန်မာနိုင်ငံသို့ တရားဝင်လာရောက်မည့် ခရီးစဉ်ရှိကြောင်း ကြားသိရသည်နှင့် ၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ခြောက်နှစ်ကျော် ကြာသံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော ဘဝကိုပြန်လည် သတိရနေမိပါတော့သည်။

ထိုင်းနိုင်ငံသည် ဒီမိုကရေစီ ထွန်းကားသောနိုင်ငံဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်၍ အနိုင်ရသောပါတီက အစိုးရဖွဲ့သည်။ ပါတီတစ်ခုတည်းက လုံလောက်သောအင်အားမရရှိလျှင် သင့်တော်ရာပါတီနှင့် ပူးပေါင်း၍ အစိုးရဖွဲ့သည်။

ထိုင်းဘုရင်မင်းမြတ်သည် စည်းမျဉ်းခံဘုရင်ဖြစ်၍ အစိုးရအဖွဲ့အထက်မှ above the politics အဖြစ် ဩဇာရှိသည်။ လူထုကကြည်ညိုသည်။ ဘယ်ပါတီဘယ်အစိုးရ တက်တက် ဘုရင်ကြီးကတော့ ပုံမှန်လှုပ်ရှားခဲ့သည်သာ ဖြစ်ပါ၏။

ကျေးလက်ဒေသသို့ ကိုယ်တိုင်ကွင်းဆင်းသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကိုအားပေးသည်။ ဦးဆောင်လမ်းပြသည်။စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ royal project များထူထောင်ပေးသည်။

လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် မိဖုရားကြီးနှင့် သမီးတော်သီရိဒုံတို့က တက်ကြွစွာ ဦးဆောင်သည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံးကျယ်ပြန့်စွာ လှုပ်ရှားသော ထိုင်းကြက်ခြေနီအသင်းနှင့် ပတ်သက်၍ သံတမန်ဘဝက အတွေ့အကြုံသည် မမေ့ရက်စရာတစ်သက်တာ မှတ်တမ်းအဖြစ်ရှိခဲ့ပါသေးသည်။

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရေးအခင်းဖြစ်သည်။

ထိုသို့အရေးအခင်းဖြစ်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရတက်သည်။ အရေးအခင်းတွင်ပါဝင်ခဲ့မိ၍ ဖမ်းမှာဆီးမှာကြောက်ရွံ့ကြသော ကျောင်းသား ကျောင်းသူလေးများအချို့ နေအိမ်မှ ထွက်ပြေးကြသည်။

အစိုးရနှင့်ဝေးရာ ပြေးကြသူများအတွက် လက်နက်ကိုင် သောင်းကျန်းသူတို့ရှိရာအရပ်သည်သာ ဦးတည်ရာဖြစ်လာပါတော့သည်။

မြန်မာ-ထိုင်းနယ်စပ်ရှိလက်နက်ကိုင်သောင်းကျန်းသူစခန်းများသို့ အမြို့မြို့အနယ်နယ်မှ လူငယ်လေးများရောက်ရှိသွားကြသည်။

လက်ခံသူတို့ကလည်း လိုလားစွာကြိုကြသည်။ စစ်သင်တန်းတွေပေးသည်။ လက်နက်ကိုင်အင်အားစုအဖြစ် စုဆောင်းကြသည်။

လူငယ်လေးများကလည်း အများနှင့်ရော၍ အရေးအခင်းမှာပါခဲ့သော်လည်း တကယ်နိုင်ငံရေးအသိကြောင့် မဟုတ်ကြ။

တောတွင်းရောက်မှ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ သင်တန်းပင်ပန်းမှုဒဏ် မခံနိုင်ခြင်းတို့ကြောင့် မိဘရပ်ထံသို့ ပြန်လိုစိတ်ပြင်းထန်လာကြသည်။ပြန်လိုသော်လည်းပြန်ခွင့်မရကြ။ အသက်ဘေးကိုလည်းမျက်မြင်တွေ့ရလေသောအခါ ထိုင်းနယ်မြေဘက်ကူးလာကြသည်။ သံရုံးသို့ ဆက်သွယ်လာသည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် သံရုံးမှ တတိယအတွင်းဝန် ဦးသစ်လွင်နှင့် စစ်သံရုံးမှတပ်ကြပ်ကြီးတစ်ဦးကို နယ်စပ်အနီးရှိ မဲဟောင်ဆောင်မြို့သို့ စေလွှတ်၍ ကျောင်းသားလေးများနှင့် ဆက်သွယ်ရပါသည်။

အခြေအနေကိုနဝတသို့ တင်ပြပြီး ထိုင်းအစိုးရနှင့် ညှိနှိုင်း၍ ထိုင်းတပ်မတော်နှင့် အသေးစိတ်စီစဉ်ရပါတော့သည်။

ထိုင်းအစိုးရမှစိတ်အားထက်သန်စွာကူညီသော်လည်း ပြည်ပနိုင်ငံကြီးများက ဖိအားပေးကန့်ကွက်ကြမည်ကိုလည်းစိုးရပါသေးသည်။ ထို့ကြောင့် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ချင်းလွှဲပေးသောအစီအစဉ်နှင့် ဆောင်ရွက်ရပါတော့သည်။

ထွက်ပြေးလာသောကလေးတွေကို အမြန်စုရင်း နယ်စပ်ရှိ တပ်ခ်(tak) မြို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်ရပါသည်။

ထိုသို့အပြေးအလွှားစီစဉ်နေဆဲတွင် ကြက်ခြေနီအဖွဲ့ တာဝန်ရှိသူတို့ကလည်းတာဝန်ယူရမည်ကို စိုးရိမ်ကြပြန်သည်။ သူတို့စိုးရိမ်မှုကို ကျွန်တော့်အားပြောလာသောအခါ အခက်တွေ့ရပြန်ပါတော့သည်။

နောက်ဆုံးမှာအားကိုးအားထားပြုစရာ စဉ်းစားမိပါသည်။

ကြက်ခြေနီအဖွဲ့အားကိုယ်ဖိရင်ဖိကြီးကြပ်သူ အိမ်ရှေ့စံမင်းသမီးကိုသာ အားကိုးပြုရပါတော့သည်။ ကျောင်းသားလေးများ အသက်ဘေးဖြစ်၍ မလွှဲရှောင်သာသောကြောင့်သာ ချဉ်းကပ်ရခြင်းဖြစ်ပါ၏။

နန်းတော်သို့ဆက်သွယ်၍ မင်းသမီးနှင့် တွေ့ရပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော အရေးအခင်းကြောင့် ကြောက်ရွံ့စိတ်နှင့် ထွက်ပြေးလာကြသော ကျောင်းသားလူငယ်လေးများကို တပ်ခ်မြို့တွင် ကယ်ဆယ်ထားရှိသည်ကို မင်းသမီးသိရှိပြီးဖြစ်သည်ဟု ယူဆပါကြောင်း၊ ထိုလူငယ်လေးများကို မိဘရပ်ထံပြန်ပို့ရေးအတွက် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ချင်း ဆက်သွယ်စီစဉ်နေပါကြောင်း ကျွန်တော်ကသတင်းပို့လိုက်ပါသည်။

ကျွန်တော်၏ပြောကြားချက်ကို နားထောင်ရင်း အိမ်ရှေ့စံမင်းသမီးက တဖြည်းဖြည်းပြုံးလာပါသည်။ ကြင်နာခြင်း၊ သနားခြင်း၊ ကရုဏာသက်ခြင်းတို့ သူ့မျက်နှာမှာပေါ်နေသည်ဟု ကျွန်တော်ထင်သည်။ ပြီးမှ သူ့ရဲ့ပုံမှန်မူဟန်အတိုင်း နှုတ်ခမ်းလေးနှစ်ခုကို စုလိုက်သည်။

ဖြည်းဖြည်းလေးစကားပြောလာသည်။

တောထဲမှာ ဆင်းဆင်းရဲရဲနေကြရတဲ့ ကျောင်းသားလေးတွေ သနားပါတယ်။ မိဘရပ်ထံပြန်ပို့မယ်ဆိုတဲ့ အစီအစဉ်ဟာ ကောင်းတဲ့အစီအစဉ်ပါပဲဟု ပြောလာပါတော့သည်။

ကျွန်တော်၏တင်ပြချက်နှင့် အိမ်ရှေ့စံမင်းသမီး၏ တုံ့ပြန်စကားက အလိုလိုဟန်ချက်ညီပါသည်။

ကျွန်တော်ကမင်းသမီးထံ ခွင့်ပြုချက်တောင်းခံသော တိုက်ရိုက်စကားမဟုတ်ပါ။ အိမ်ရှေ့မင်းသမီးပြောသော စကားကလည်း ခွင့်ပြုကြောင်းပြောသော တိုက်ရိုက်စကား မဟုတ်ပါ။

မြန်မာနိုင်ငံကိုယ်စားပြုသံအမတ်၏ ခွင့်တောင်းချက်မဟုတ်သော တင်ပြချက်နှင့် ဘုရင့်သမီးတော်၏ တုံ့ပြန်စကားတို့နှစ်ခု ဆက်နွှယ်၍ကျောင်းသား ကျောင်းသူ လူငယ်လေးများ ပြန်ပို့ဖြစ်ခဲ့ပါတော့သည်။မည်သည့်နိုင်ငံကြီးကမှဝေဖန်စကား အပြစ်တင်စကား ရှုတ်ချစကား မပြောခဲ့ကြတော့ပါ။

၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ မြန်မာ့တပ်မတော်လေယာဉ် ၁၃ ခေါက်ဖြင့် ကျောင်းသား ကျောင်းသူ လူငယ်လေးများ ၃၆၉ ဦးကို တပ်ခ်မြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်ပြန်ပို့ဖြစ်ခဲ့ပါတော့သည်။

သားသမီးများအား နယ်စပ်စခန်းအထိလိုက်၍ ခေါ်ဆောင်ရင်းပြန်ခွင့်မရဘဲ သောင်တင်နေကြသော မိဘများကိုလည်း ပြန်ပို့ပေးလိုက်ရပါသည်။

ကယားပြည်နယ်လောပိတမြို့မှ ထွက်ပြေးကျောင်းသား ကျောင်းသူလေးများ လိုက်လံခေါ်ယူကြသောသံယာတော်သုံးပါးလည်း သောင်တင်နေခဲ့ကြသည်ကို တွေ့ရပါသည်။ ထိုသံဃာတော်များက ရောက်တုန်းရောက်ခိုက် မြဘုရားဖူးချင်သည်ဆို၍ ဘန်ကောက်မှ တစ်ဆင့် ဘီအေစီလေယာဉ်နှင့် ပြန်ပို့ပေးလိုက်ရပါသည်။

ပြန်ပို့လိုက်သော ကျောင်းသားများအား သတ်ဖြတ်သည်။ ဖမ်းဆီးထောင်ချသည်ဟူသော ဝါဒဖြန့်မှုများလည်း ထွက်ပေါ်ခဲ့သေးသည်။

ထိုသို့ ပြန်ပို့ပြီးနောက် ထွက်ပြေးလာမည့် ကျောင်းသားလေးများ မဲဟောင်ဆောင်နှင့် တပ်ခ်နယ်မြေအထိ ထွက်မပြေးနိုင်အောင် လုံခြုံရေးတွေ တင်းကျပ်လာသောကြောင့် နယ်စပ်မှာပင် လက်ခံရေးစခန်း ၂၇ ခု ဖွင့်လိုက်ရပါသည်။

၁၉၉၀ ခုနှစ် ဒီဇင်ဘာလကုန်အထိ လူငယ် ၃၃၂၀ မိဘရပ်ထံပြန်ရောက်လာကြပါသည်။

ကျောင်းသားလူငယ်များပြန်ပို့ရေးအတွက် ပြည်ပနိုင်ငံကြီးများ ဖိအားပေးမည့်ရန်မှ လွတ်ကင်းစွာ ဆောင်ရွက်နိုင်ခြင်းမှာ အိမ်ရှေ့စံမင်းသမီးမဟာချက္ကရီသီရိဒုံ ၏ စကားတစ်ခွန်းကြောင့်သာဖြစ်သည်ဟု မှတ်ယူမိပါသည်။

ကျွန်တော်တို့ ပထမဦးဆုံးပြန်ပို့လိုက်သော ကျောင်းသား ကျောင်းသူအားလုံးကို တစ်ယောက်မှ ပြန်မတွေ့မိပါ။

(၂၇)နှစ်ကြာခဲ့ပြီ။

ဘယ်သူတွေက ဘာတွေလုပ်နေကြပြီကိုလည်း မသိနိုင်တော့တာ အမှန်ဖြစ်ပါ၏။

စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ်၊ ဘာသာရေးပဲလုပ်လုပ် အောင်မြင်ကြပါစေဟု ဆုတောင်းပေးနေမိပါတော့သည်။ ။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား နောင်ချိုတွင် ကျင်းပ

**နောင်ချို အောက်တိုဘာ ၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့ရုံးရှေ့မဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဇော်ဝင်းမှ ပေးပို့သော (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောနောင်က ဖတ်ကြားသည်။

ထို့နောက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုတွင် စက်တင်ဘာ ၄ ရက်က ရွှေ၊ ငွေ အပါအဝင် ပစ္စည်း ၁၈မျိုး တန်ဖိုးငွေကျပ် ၁၃၆ သိန်း ဖောက်ထွင်းမှု၌ ဖော်ထုတ်ဖမ်းဆီးခဲ့သော နယ်ထိန်းတပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များကို ပူးပေါင်းကူညီခဲ့သော ဒေသခံပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်မိသားစု နေအိမ်၊ ဆိုင်ခန်းသန့်ရှင်းမှုဆု၊ စိုက်ပျိုးရေးထူးချွန်ဆု ရရှိသူများအား ဒုမြို့နယ်မှူး ဒုရဲမှူး ခင်ညိုက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(စိုးဝင်း-နောင်ချို)**




# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း ၃၃၈၂၉၀ ဒသမ ၅၈၆ တန် ပြည်ပသို့ တင်ပို့နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၇)ကြိမ်မြောက် မီဒီယာရှင်းလင်းပွဲကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ရှင်းလင်းခဲ့သည်။

ကယားပြည်နယ် ဖရူဆိုမြို့နယ် မာခရော်ရှေ့ကျေးရွာ၏ အနောက်ဘက် ထီးသဲကူးကျေးရွာ၌ ကြက်အကောင် ၂၀၀ မွေးမြူထားရာ ဖွန်လမှစဖြစ်ပွားခဲ့သည့် သံသယဖြစ်ဖွယ် ကြက်လည်လိမ်ရောဂါကို စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးကာ တောင်သူများအား အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေး (I2) မျက်စဉ်းဆေး ပြန်လည်၍အခမဲ့ထုတ်လုပ်ကာ တောင်သူများအား ပညာပေးခြင်းများဖြင့် ကြက်၊ ဘဲ ရောဂါ ကာကွယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု (၇)ကြိမ်ရှိခဲ့ရာ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဖြစ်ပွားမှုများ တွေ့ရှိက မြို့နယ်ဦးစီးဌာနရုံးများသို့ အကြောင်းကြား အကူအညီတောင်းခံနိုင်ကြောင်း၊ ရေထွက်ပစ္စည်း၊ ပြည်ပတင်ပို့ခြင်းဆိုင်ရာဆောင်ရွက်ချက်များမှ ပြည်တွင်းစားသုံးမှု ဖူလုံစေရန် မြန်မာပြည်အနှံ့ တောင်ပေါ်ဒေသများသို့ပင် တင်ပို့နိုင်ခဲ့သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် ၃၇၈၄၅ ဒသမ ၆၈၉ တန် ပြည်ပတင်ပို့ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် အအေးခန်းသိုလှောင်ရုံ ၁၁၆ ရုံ၊ ကဏန်းပျော့စက်ရုံနှစ်ရုံရှိလာပြီး ပြည်တွင်းစားသုံးမှုများလာသဖြင့် မက်ထရစ်တန်ချိန် ၃၃၈၂၉၀ ဒသမ ၅၈၆ တန် ပြည်ပသို့ တင်ပို့နိုင်ခဲ့၍ အနည်းငယ်လျော့နည်းခဲ့ကြောင်း အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသများတွင် လမ်း၊တံတားနှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တံတားအရှည် ၂၁၅၂၇၆ ပေအထိ တည်ဆောက်နေကြောင်း၊ ရေပေးဝေရေးကဏ္ဍတွင် ရေရရှိရေးလုပ်ငန်း ၁၃၉၃၅ ခုဖြင့် ကျေးရွာပေါင်း ၁၂၇၅၁ ရွာအတွက် ဆောင်ရွက်နေကြောင်း၊ မီးလင်းရေးလုပ်ငန်းပေါင်း ၃၆၅၆၅၀ ခုဖြင့် ၄၈၄၀ ရွာအတွက်လည်းကောင်း တစ်နိုင်ငံလုံး မီးရရှိရေးစီမံချက်(NEP)နှင့်အညီ (Solar Home System) ဖြင့် ဝေးလံဒေသများမှစတင်ပြီး (Off-Grid System) လိုင်းပြင်ပ ဆောင်ရွက်ခြင်း၊ Micro HydroPower၊ ဇီဝဓာတ်ငွေ့နှင့် အသေးစားရေအားလျှပ်စစ်စနစ်တို့ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ကျေးလက်အိမ်ရာ ဆောင်ရွက်ထားရှိမှုကို ပြီးခဲ့သည့်နှစ်က ၅၄၃ ရွာတွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရွာပေါင်း ၄၁၁ ရွာတွင် ဆောင်ရွက်ရန် လျာထားကြောင်း၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Consortium of Development Partners ကို အဖွဲ့ပေါင်း ၃၂ ဖွဲ့ဖြင့် ကျေးလက်မီးလင်းရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား USD ၆၉၉ ဒသမ ၉၉၁၁ သန်းနှင့်ယူရို ၂၇ သန်း ကုန်ကျခံ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ပန်းရန်သင်တန်း၊ အပ်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဇီဝသဲရေအိုးပြုလုပ်နည်းသင်တန်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဘတ်ဂျက်ငွေကျပ် ၂၃၉၄ သန်းဖြင့် ဆက်လက်ဖွင့်လှစ်ရန်ဆောင်ရွက်နေကြောင်း။

သဘာဝဘေးသင့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများကို ထောက်ပံ့ပေးအပ်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့သည့် ငါးအင်းလေးအင်းနှင့် ဌာနပိုင်အဆောက်အအုံ ဝန်ထမ်းနေအိမ်များအပါအဝင် နေအိမ်နှင့် အဆောက်အအုံများအတွက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေကြောင်း၊ ခိုင်းကျွဲ၊ နွား၊ ပျား၊ ငါးကန်နှင့် ကြက်၊ ဝက်၊ ဆိတ်၊ မြင်း ငါးဖမ်းရေယာဉ်များ၊ တိရစ္ဆာန်မွေးမြူရေးပစ္စည်းများ ဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ပေးရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ ထောက်ပံ့မှုများ၊ ငါးသားပေါက်နှင့် ကြက်၊ ဘဲများ ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ဌာနပိုင် ရုံးအဆောက်အအုံ ၂၇ လုံးနှင့် သုတေသနအင်းလေးအင်းမှ ငါးများဆုံးရှုံးမှု စုစုပေါင်းတန်ဖိုး ၁၁၆ ဒသမ ၈၄၀ သန်း၊ သဘာဝဘေးသင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုမှ ဝန်ထမ်းနေအိမ်ပေါင်း ၃၀ လုံး ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ် ၃၃ ဒသမ ၃၅၀၊ တိရစ္ဆာန်နှင့် မွေးမြူရေး ပစ္စည်းများပျက်စီးမှု ခန့်မှန်းတန်ဖိုး ကျပ် ၄၁၄၈၀ ဒသမ ၀၄၅ သန်းခန့်ရှိကြောင်း။

အမျိုးသားစီမံခန့်ခွဲမှုကော်မတီသို့ ၄၈၆၈၄ ဒသမ ၀၀၇ သန်း၊ နိုင်ငံတော်သမ္မတ သီးသန့်ရန်ပုံငွေမှ ကျပ် ၅၁၅၃ ဒသမ ၉၇၅ သန်းအား လည်းကောင်း တင်ပြတောင်းခံထားပြီး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခန့်ဇော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# ရေကျော် သီတင်းကျွတ်ပွဲတော်ကျင်းပရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို နှစ်စဉ်ကျင်းပသကဲ့သို့ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ညှိနှိုင်းဆွေးနွေးပြီးဖြစ်သည်။

မီးထွန်းပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ ကျင်းပသွားမည့်အပြင် လူသုံးပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ဓလေ့ရိုးရာမုန့်နှင့် အစားအစာအရောင်းဆိုင်များကို ခင်းကျင်းပြသရောင်းချပြီး မီးထွန်းပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲကိုပါ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။ ထိုပွဲတော်နေ့များတွင် လူရွှင်တော်ဖိုက်စတားနှင့် ဟားတစ်သိုက် လူရွှင်တော်အဖွဲ့တို့ကပါ မီးထွန်းပွဲတော်လာ ပြည်သူများအား တေးသီချင်းများ၊ ဟာသများဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ပိုးနုလွင်)**

# ကျောင်းကိုးကျောင်းအနက် နှစ်ကျောင်းပြန်လည်ဖွင့်လှစ်

**ကျောင်းကုန်း အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ယာယီပိတ်ထားသော စာသင်ကျောင်း ကိုးကျောင်းအနက် အမက အုန်းပင်စုနှင့် အမက ဂန့်ဂေါ်ကျောင်း နှစ်ကျောင်းသည် အောက်တိုဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ကျန်ကျောင်းခုနစ်ကျောင်းသည် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။ အမကအုန်းပင်စု ကျောင်းသည် ပတ်ဝန်းကျင်တွင် ရေများရှိနေသေးသဖြင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်စိုးရိမ်ရ၍ မိဘများက ကျောင်းသို့ လိုက်လံပို့ဆောင်ပေးနေရသည်။ ယခုပိတ်ရက်များအား ဖြည့်စွက်အစားထိုး သင်ကြားပေးမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

❖



# သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး လေ့ကျင့်ဆောင်ရွက်

**ဂန့်ဂေါ အောက်တိုဘာ ၂**

သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မြစ်သာမြစ်အတွင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးသန်းထက်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဂန့်ဂေါမြို့မြို့မ ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ကြည်ငွေနှင့် ရဲတပ်ဖွဲ့ဝင်များသည် မြစ်သာမြစ်အတွင်း ရေမျောပါလာသူအားကယ်ဆယ်ခြင်း၊ ရေနစ်သူအား ကယ်ဆယ်ပြုစုခြင်းတို့ကို လေ့ကျင့်ဆောင်ရွက်ကြသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် လေပြင်းတိုက်ခတ်ခြင်း ၊ မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် လေဘေးနှင့်ရေကြီးခြင်း ဘေးအန္တရာယ်များ ကြုံတွေ့လာနိုင်သဖြင့် ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပြင်ဆင်စုဖွဲ့ လေ့ကျင့်ခြင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(၄၆၅)**

# မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ သင်္ဂဇာချောင်းတွင်ကျင်းပ၊ ပြိုင်ပွဲဝင်အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်

**မန္တလေး အောက်တိုဘာ ၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက် ချမ်းသာရတံ့ကုန်းရပ်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ချမ်းသာရဘုရားလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ထီးတော်အသစ်တင်လှူခြင်းနှင့် ချမ်းသာရတံတားပြန်လည်ပြုပြင်မှုပြီးစီးခြင်း အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက သင်္ဂဇာချောင်းတွင် ကျင်းပရာ အလှုပြလောင်းလှေများ၊ တစ်ယောက်စီးလောင်းလှေများနှင့် ငှက်လှေများက အလှုပြလှော်ခတ်ပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ပထမနေ့ပွဲစဉ်တွင် အပျော်တမ်းပြိုင်ပွဲ၌ အောင်ဇေယျအသင်းက ရွှေပန်းလူငယ်အသင်းကို နှစ်လား-တစ်လားဖြင့် အနိုင်ရရှိသွားပြီး အလွတ်တန်းပြိုင်ပွဲတွင် စိန်တုံး(က)အသင်းက ရွှေဖလား(ခ)အသင်းကို နှစ်လား-တစ်လားဖြင့်လည်းကောင်း၊ မိုးကောင်း(ခ)အသင်းက ချမ်းမြသာစည်အသင်းကို နှစ်လားပြတ်ဖြင့်လည်းကောင်း၊ ရွှေလေး(က)အသင်းက စိန်တုံး(ခ)အသင်းကို နှစ်လားပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

"ချမ်းသာရတံတားပြုပြင်ခြင်း အထိမ်းအမှတ်အဖြစ် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၆)နှစ်က အခုလို တစ်ကြိမ်လှေပြိုင်ပွဲ ကျင်းပခဲ့ဖူးပါတယ်။ အခုပြိုင်ပွဲမှာ တစ်သင်းနဲ့တစ်သင်း လက်ရည်မကွာဘဲ အကြိတ်အနယ်ဖြင့် ပရိသတ်တို့ စိတ်ဝင်စားမှုရပြီး အားပေးမှုကောင်းပါတယ်။ အပျော်တမ်းပြိုင်ပွဲမှာ (က)အုပ်စုမှာ ရွှေပန်းလူငယ်(က)၊ အောင်ဇေယျ(က)၊ ပုညဝ မှုန(က)အသင်း၊ (ခ)အုပ်စုတွင် ရွှေပန်းလူငယ်(ခ)၊ အောင်ဇေယျ (ခ)၊ ပုညဝ မှုန(ခ) အသင်းတို့ ပါဝင်ပါတယ်။ အလွတ်တန်းပြိုင်ပွဲမှာ ရွှေလေး(က)၊ ရွှေလေး(ခ)၊ စိန်တုံး (က)၊ စိန်တုံး(ခ)၊ ချမ်းအေးသာစံ၊ မိုးကောင်း(က)၊ မိုးကောင်းအသင်း(ခ)၊ ချမ်းမြသာစည်(ခ)၊ ကွက်သစ်(က)၊ ကွက်သစ်(ခ)၊ ရွှေပြည်ဆံအသင်း စသည့် အသင်းများ ပါဝင်ပါတယ်။ ပြိုင်ပွဲက ငါးတက်အမျိုးသား ပွဲစဉ်များဖြစ်ပါတယ်။ ဗိုလ်လုပွဲနဲ့ ဆုပေးပွဲကို အောက်တိုဘာ ၃ ရက်တွင် ကျင်းပပါမယ်" ဟု တာဝန်ရှိသူက ပြောကြားသည်။ **(တင်မောင်)**



# ကရင်ပြည်နယ်အတွင်း ရေလွှမ်းမိုးခံဒေသများအတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ပေးအပ်လှူဒါန်း

**ဘားအံ အောက်တိုဘာ ၂**

ကရင်ပြည်နယ်တွင် ဇွန်၊ ဇူလိုင်၊ သြဂုတ်လတို့အတွင်း ရေကြီးမှုများကြောင့် ထိခိုက်လယ်ဧကများအတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကား ပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ အလှူရှင်အဖွဲ့ ကိုယ်စားလှယ်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ဘားအံမြို့နယ် ထိခိုက်လယ်မြေများအတွက် ဘားအံခရိုင်အုပ်ချုပ်ရေးမှူးအား လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက လှိုင်းဘွဲ့မြို့နယ် ထိခိုက်လယ်မြေများအတွက် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးအား လည်းကောင်း ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များ ပေးအပ်သည်။

ရေကြီးနစ်မြုပ်၍ ထိခိုက်လယ်ဧကများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် CAD(လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း) အနေဖြင့် ဘားအံမြို့နယ် ကျေးရွာအုပ်စု ၁၁ စုမှ ထိခိုက်ဧက ၁၇၇ ဧကနှင့် လှိုင်းဘွဲ့မြို့နယ် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ထိခိုက်ဧက ၂၂၅ ဧကတို့အတွက် ကာလတန်ဖိုး ၅၆ သိန်းခန့်ရှိ ကွန်ပေါင်းဓာတ်မြေသြဇာ အိတ် ၁၅၀ ထောက်ပံ့လှူဒါန်းခဲ့သည်။

ယခုနှစ် ကရင်ပြည်နယ်တွင် စိုက်ပျိုးပြီးမိုးစပါးဧက ၁၁၆၂ ဧကရေလွှမ်းခဲ့ပြီး ၆၁၆ ဧကထိခိုက်၍ ၇၄ ဧက ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ဧကများအတွက် ယူရီးယား၊ ပိုတက်၊ တောင်သုံးလုံး သဘာဝမြေသြဇာ၊ ကောမတ်ရွက်ဖျန်းမြေသြဇာ၊ ပိုးသတ်ဆေး(ဒါနာဒင်)စသည်တို့နှင့် ပျက်စီးလယ်မြေများအတွက် တစ်ဧကလျှင် မျိုးစပါး တစ်တင်းနှုန်း၊ ယူရီးယားနှင့် ပိုတက်ဓာတ်မြေသြဇာများကို ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ကြောင်း၊ ပျက်စီးလယ်မြေများ ပြန်လည်စိုက်ပျိုးပြီးကြောင်းနှင့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာအုပ်စုများတွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးဟောပြောပွဲများကိုလည်း (၁၆)ကြိမ်ခန့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်မှ ၂၈ အထိ ဆန် ၂၀၀၄ အိတ်၊ Family Kits ပုံး ၁၀၀၀၊ ပစ္စည်းစုံ တစ်ဖာ၊ အဝတ်အထည်နှစ်အိတ် တစ်ဖာ၊ ကျောင်းစိမ်း အဝတ် ၁၀၁ စုံ၊ ပြည်တွင်းအလှူပစ္စည်း ရရှိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၅၀၀၀၀ ဖြစ်သည်။

စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ပြည်ပအလှူပစ္စည်းရရှိမှုမှာ ရေသန့် ၂၄ ဘူး ၂၅၉ ကတ်၊ ရေသန့် (၅ လီတာဘူး) ၁၂ ဘူး၊ ခေါက်ဆွဲခြောက် ၂၄ ထုပ်ပါ ဖာ ၂၀၀၊ ဘိလပ်မြေ ၄၈၂၂ အိတ်၊ သွပ်အချပ် ၂၆၀၀၊ Mosquito net အလုံး ၂၂၀၀၀၊ Halzon Tablets ပုလင်း ၁၁၀၀၀၀၊ Ringer Lactate Injection ပုလင်း ၁၅၀၀၀၊ Glucose Injection ပုလင်း ၁၅၀၀၀၊ Sodium Chloride Injection ပုလင်း ၁၅၀၀၀၊ Infustion Set အခု ၃၃၀၀၀၊ First Aid Kit အခု ၁၀၀၀၊ Life Jacket အထည် ၁၀၀၀၊ Water Pump အစုံ ၁၀၀၀၊ မိုးကာတဲ အလုံး ၂၀၀၊ တီရှပ် အထည် ၅၀၀၀၊ သွပ်ဆိုက်စုံ ၉၈၂ ချပ်၊ သွပ်သံ ၄ ဖာ၊ ဆန် ၅၉ အိတ်၊ အဝတ်အထည် မျိုးစုံ ၂၆ အိတ်၊ ကန်တော့ပွဲ ၅၇ ပွဲ၊ သပိတ်တစ်လုံး၊ ဆေးမျိုးစုံ ၂၆ ဖာ အမယ်စုံ ၁၁အိတ်၊ အမျိုးသမီးသုံးပစ္စည်း ၁၉ ဖာ၊ အမှိုက်အိတ် တစ်ဖာ၊ မီးချောင်း ၈၃ ချောင်း၊ ပဲငံပြာရည် သုံးဖာ၊ နို့မှုန့်တစ်ဖာ၊ အမွှေးတိုင်+ ဖယောင်းတိုင် ခုနစ်ဖာ၊ ဓာတ်မီး အလုံး ၃၀၊ ခေါက်ဆွဲခြောက် ၃၇ ဖာ၊ ပြည်ပအလှူပစ္စည်းရရှိမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၅၆၈၇၅၀၀ လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# လေပြင်းတိုက်ခတ်မှုကြောင့်ပြိုလဲသွားသော နှစ်ထပ်မဟာဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီး၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာဒေသများအား လျှပ်စစ်ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးပေး

**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းဒေသကြီးနှင့် မုံရွာဒေသသို့ ဓာတ်အားပို့လွှတ်သော ၂၃၀ ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော (စစ်ကိုင်း)နှစ်ထပ်မဟာ ဓာတ်အားလိုင်း ဖြတ်သန်းရာ တံတားဦးမြို့နယ် ကပယ်ရွာအနီးရှိ တာဝါတိုင်အမှတ် (၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈) တစ်ဆက်တည်း ငါးတိုင်သည်



စက်တင်ဘာ ၁၇ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်၍ ပြိုလဲပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါ ၂၃၀ ကေဗွီဓာတ်အားလိုင်းများ ပြိုလဲချိန်မှစ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသက်ပိုင်မျိုး ဦးဆောင်၍ ဝန်ထမ်းအင်အား ၁၈၀ ခန့်ဖြင့် ပြိုလဲသွားသော ဓာတ်အားလိုင်းတာဝါတိုင်များ ပြန်လည်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးဆွဲသားခြင်းများကို စဉ်ဆက်မပြတ်(နေ့/ည) အဆိုင်းများခွဲဝေ၍ တာဝန်ယူတည်ဆောက်ရာ ယနေ့ညနေ ၄ နာရီ ၂၅ မိနစ်တွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့သည်။

ယခုအခါ ၂၃၀ ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော(စစ်ကိုင်း) နှစ်ထပ်မဟာဓာတ်အားလိုင်းကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ယနေ့ညနေ ၄ နာရီ ၄၇ မိနစ်မှစ၍ စစ်ကိုင်းဒေသနှင့် မုံရွာဒေသများသို့ လျှပ်စစ်ဓာတ်အား များ ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာအတွက် အလှူငွေကျပ်သိန်း ၂၂၀ ထောက်ပံ့ပေးအပ်

**ကောလင်း အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျောက်ပုထိုး ထာဝရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ သဘာဝရေဘေးသင့်ပတ်ဝန်းကျင် ကျေးရွာ ၁၁ ရွာအား ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၂၂၀ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ဇေယျာရွှေမြေခန်းမ၌ ကျင်းပရာ ထာဝရကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းမောင်အေးနှင့် အဖွဲ့ဝင်များ၊ ကောလင်းမြို့နယ် စီမံကိန်းဦးစီးအရာရှိ ဒေါ်ခိုင်အေးမြတ်ဆွေနှင့် ရေဘေးသင့်ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထာဝရကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာက အမှာစကား ပြောကြားသည်။ ထို့နောက် ကောလင်းမြို့နယ် ရေကြီးနစ်မြုပ်ခံရသော ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာဖြစ်သည့် မန်ကျည်းကုန်း၊ လျှော်ဖြူကုန်း၊ ဇင်ပြွန်းချောင်၊ ရှောက်ပင်ဝိုင်း၊ စွယ်ရ၊ ဘန့်ဘွေးကုန်း၊ ရှမ်းကုန်း၊ ဆင်ကုန်း၊ စိန်ပန်းကုန်း၊ ကညွတ်အင်း၊ ခံသာကျေးရွာတို့တွက် ထာဝရကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာက ကောလင်းမြို့နယ် စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၂၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

**❖ လက်ပန်ရေတံခါးမှ**

တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်ပြီးစီးသည့် လက်ပန်ရေတံခါးအား ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်မှ တာဝန်ယူ၍ ၂၀၁၄-၂၀၁၅ ဧပြီလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုဆောက်ခဲ့တဲ့ရေတံခါးက (၄ပေ×၄ပေ=၄ပေါက်) RCCကွန်ကရစ်ရေတံခါးအမျိုးအစားဖြစ်ပါတယ်။ အရှည်(၉၇ ပေ ၆ လက်မ)နဲ့ အမြင့်(၁၃ ပေ ၆ လက်မ)ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဖြစ်တဲ့အတွက် အောက်ခံမြေသားရဲ့ အနေအထားအရ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် (၈ လက်မ× ၈ လက်မ = ပေ၂၀) အရှည် RCC Bearing Pile ရိုက်ခြင်းလုပ်ငန်းနဲ့ ရေစိမ့်တားသပ်ရိုက်ခြင်းလုပ်ငန်းတွေကိုလည်း ရေရှည်ခိုင်ခံ့အောင် စနစ်တကျ ဆောင်ရွက်ပေးထားပါတယ်။ တစ်ဆက်တည်းမှာပဲ ရေတံခါးအထွက်မြောင်း(ပေ ၃၅၀)နဲ့ အဝင်မြောင်း(ပေ ၅၀၀) မြေကြီး တူးတဲ့လုပ်ငန်းများလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ဒီရေတံခါး ရာခိုင်နှုန်းပြည့်ပြီးစီးသွားရင်တော့ လက်ပန်ပင်ကျွန်းအတွင်းမှာရှိတဲ့ စိုက်ဧက ၃၀၇၀ ကို ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက်မှုကနေ ကာကွယ်ပေးနိုင်ပြီး အောင်ရေလည်းထိန်းပေးနိုင်မှာဖြစ်ပါတယ်"ဟု အဆိုပါရေတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ကျေးလက်နေတောင်သူများ၏ စိုက်ဧကများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ မိုးစပါးအောင်ရေရရှိရေးနှင့် နွေရာသီပင်လယ်ရေငန်မဝင်ရောက်စေရေးသည် အရေးပါသောအချက်ဖြစ်သည်။ ယခုအခါ အဆိုပါ လက်ပန်ပင်ကျွန်းပတ်တာအတွင်း လွန်ခဲ့သောနှစ်များအတွင်းက ထူးကဲဒီရေနှင့် ထူးကဲမိုးရွာသွန်းမှုများကြောင့် ကျွန်းတွင်းရှိ ပိုလျှံရေများ ထုတ်နုတ်ရာတွင် လက်ရှိရေတံခါး လေးလုံးမှ စီးထွက်သော အပြင်ချောင်းမကြီးများ တိမ်ကောလာသဖြင့် နိုင်နိုင်နင်းနင်း အချိန်မီထုတ်မပေးနိုင်သဖြင့် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည့်အပေါ် ဒေသခံများက လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရသို့ တင်ပြတောင်းခံခဲ့ပြီး ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းလိုအပ်ချက်အရ လက်ပန်ပင်ကျွန်းပတ်တာတွင် လက်ပန်ရေတံခါး (၄ပေ×၄ပေ=၄ပေါက်) တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ကျွန်တော်တို့ခရိုင်အတွင်းမှာ ဒေသအတွက်လိုအပ်ချက်တစ်ခုဖြစ်တဲ့ လက်ပန်ရေတံခါး တည်ဆောက်ပေးနိုင်ခဲ့တာဟာ တောင်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပါပဲ။ ဒီနှစ်မိုးရာသီမှာ အပြီးတည်ဆောက်နိုင်ခဲ့သလို ဒီနှစ်မိုးတွင်းကာလမှာပဲ ကျွန်းတွင်းပိုလျှံရေတွေကို လိုသလောက်ထုတ်ပေးနိုင်ခဲ့တဲ့အတွက်လည်း အကျိုးသက်ရောက်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။ ဝမ်းသာပါတယ်။ ကျေးရွာအုပ်စု သုံးစုမှာရှိတဲ့ ဘုန်းကြီးသောင်၊ ချောင်းဝ၊ ကွန်ဒိုင်းကြီး၊ ထိတန်ချောင်းဖျား၊ ထိတန်၊ လက်ပန်နဲ့ စပေ စတဲ့ကျေးရွာတွေအတွက် စပါးတင်မကမွေးမြူရေးနဲ့ ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုမှာ သေချာပါတယ်"ဟု ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ကပြောသည်။

ယခုအခါ အဆိုပါလက်ပန်ရေတံခါး (၄ ပေ ×၄ ပေ= ၄ပေါက်)တည်ဆောက်ပြီးစီးပြီဖြစ်၍ လက်ပန်ကျေးရွာအုပ်စုအပါအဝင် ဒေးဒလူ၊ လက်ပန်၊ ကျုံကဒွန်း ကျေးရွာအုပ်စု သုံးစုရှိ စိုက်ဧက လယ်မြေ ၃၀၇၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ စပါး(၁) စီမံကိန်းအပြီး နှစ်ကာလအတန်ကြာ စီမံကိန်းရေတံခါးလေးလုံးမှ ရေနုတ်အားကောင်းခဲ့သော်လည်း ယခုလက်ရှိနှစ်(၃၀)ခန့် ကြာမြင့်သည့်အချိန်တွင် ကျွန်းပတ်တာအပြင်ဘက်ရှိ သဘာဝချောင်းများ၊ ရေနုတ်မြောင်းများအပေါ် နုန်းပို့ချမှုသည် လေးပေမှ ငါးပေခန့်အထိ မြင့်တက်လာရာ ကျွန်းတွင်းမှ ပိုလျှံရေများ ရေနုတ်နိုင်မှုအားနည်းလာသဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်း၊ မိုးစပါးထိခိုက်ပျက်စီးခြင်းများနှင့် အထွက်နှုန်းလျော့ကျခြင်းများရှိလာခဲ့သဖြင့် ယခုကဲ့သို့ သဘာဝအခြေအနေနှင့် ဒေသအခြေအနေအရ လယ်သမားများတင်ပြချက်အပေါ် ဒေသအကျိုးအတွက် အမြန်ပြီးစီးရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဦးဇော်ဇော်(လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ) ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်၏ ရှင်းလင်းပြောကြားချက်များအရ သိရသည်။

"ကျွန်တော်တို့ဒေသရဲ့ အဓိကလိုအပ်ချက်တစ်ခုဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် သက်ဆိုင်ရာကနေ အခုလို လိုအပ်တဲ့နေရာတွေမှာ ရေတံခါးတွေ၊ ချောင်းတွေ၊ မြောင်းတွေ လာရောက်တည်ဆောက်တူးဖော်ဆောင်ရွက်ပေးကြတဲ့အတွက် အလွန်ကျေးဇူးတင်ဝမ်းသာဖြစ်မိပါတယ်။ အမှန်တကယ် အကျိုးသက်ရောက်မှုရှိမှာပါ။ အခုလို လက်ပန်ရေတံခါးတည်ဆောက်ပေးတဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင် ဖျာပုံလက်ပန်ပေါ်ဆန်းမွှေးစပါးတွေလည်း ကွင်းလုံးပြည့် ကွင်းလုံးလျှံ တိုးပြီး စိုက်ပျိုးလာနိုင်တော့မှာပါ"ဟု လက်ပန်ကျေးရွာမှ လယ်သမားကြီး ဦးခင်မောင်သန်းက ပြောသည်။

# ကလေးရေဘေးသင့်ဒေသတွင် ပျက်စီးသွားသည့် လူနေအိမ်များအား အသစ်ပြန်လည်တည်ဆောက်ပေးလျက်ရှိ

**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းက နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကလေးဒေသတွင် မြစ်ရေ၊ ချောင်းရေများ လျှံတက်ခဲ့သဖြင့် လယ်ယာမြေများ ရေနစ်မြုပ်ခြင်း၊ လူနေအိမ်များ ရေတွင်မျောပါ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုများဖြင့် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် ရေကြီးနစ်မြုပ်လယ်ယာမြေများအား အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်ကြီးများဖြင့် အခမဲ့ကူညီ ထွန်ယက်ပေးခြင်း၊ ကလေးမြို့နယ် ကျောက္ကာကျေးရွာမှ ပျက်စီးသွားခဲ့သည့် လူနေအိမ်များအစား နေအိမ် ၁၀၁ လုံးနှင့် အေးသာယာကျေးရွာတွင် ပျက်စီးသွားခဲ့သည့် လူနေအိမ်များအစား နေအိမ် ၃၆ လုံး ဆောက်



လုပ်ရန် လျာထားလျက်ရှိပြီး Type (A)နှင့် Type (B)ဟူ၍ အုပ်စုနှစ်မျိုးဖြင့် ယခုအခါတွင် စတင်ဆောက်လုပ်ပေးနေပြီဖြစ်သည်။

အဆိုပါ ရေဘေးသင့်ဒေသတွင် ပျက်စီးခဲ့သည့် လူနေအိမ်များပြန်လည်တည်ဆောက်ပေးမှု လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာ ၆၈ခုမှ ကျေးရွာသစ် ပြန်လည်ထူထောင်ရေးအတွက် နေအိမ်အလုံး ၃၅၈ လုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# အာရှ-ပစိဖိတ်ဒေသအတွင်း ရာသီဥတုပြောင်းလဲမှုများ ဆောင်ရွက်ထောက်ပံ့ရေး ဘဏ္ဍာငွေနှစ်ဆတိုးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂**

ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အာရှ-ပစိဖိတ်ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား အာရှဖွံ့ဖြိုးရေးဘဏ် ADB က ဘဏ္ဍာငွေနှစ်ဆတိုးမြှင့်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မတိုင်မီ ဒေါ်လာ ခြောက်ဘီလီယံအထိ ထောက်ပံ့သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်လာ ခြောက်ဘီလီယံထဲမှ လေးဘီလီယံကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖူလုံမှု၊ ရေရှည်တည်တံ့သောသယ်ယူပို့ဆောင်မှုနှင့် ခေတ်မီမြို့ပြများ တည်ဆောက်မှုတို့အတွက်ထောက်ပံ့ကာ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လျှော့ပါးသက်သာစေရန် ရည်ရွယ်ကြောင်း၊ ကျန် နှစ်ဘီလီယံကို ရာသီဥတုကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် အသင့်ပြင်ဆင်ထားမှုများ ၊ ရာသီဥတုဒဏ်ခံနိုင်ရည်မြင့်မားသော စိုက်ပျိုးသီးနှံ / နည်းပညာများနှင့် အခြေခံအဆောက်အအုံများအတွက် သုံးစွဲပြီး ရာသီဥတုပြောင်းလဲမှုနှင့် သဟဇာတဖြစ်စေမှု မြင့်မားရန်ရည်ရွယ်ကြောင်း သိရသည်။

"လူပေါင်းများစွာရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ အသက်မွေးဝမ်းကျောင်းတွေ ထိခိုက်စေတဲ့ ရေကြီးမှု၊ မိုးခေါင်မှု၊ ပင်လယ်ရေမြင့်တက်မှု၊ ရေခဲပြင်တွေ အရည်ပျော်မှုစတဲ့ ဘေးအန္တရာယ်တွေများပြားလှတဲ့ အာရှ-ပစိဖိတ်ဒေသလောက် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ဖို့ လိုအပ်တဲ့နေရာ ဘယ်နေရာမှမရှိပါဘူး"ဟု ADB ဥက္ကဋ္ဌ တာကဲဟိကို နာကာအိုက ပြောကြားသည်။

ယင်းသို့တိုးမြှင့်သုံးစွဲမှုသည် ADB ၏ စုစုပေါင်းဘဏ္ဍာ အရင်းအမြစ်ထောက်ပံ့မှု၏ ၃၀ ရာခိုင်နှုန်းအထိ ရှိမည်ဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီမှုအတွက် ယခုနှစ်ကုန်ပိုင်းတွင် ပါရီမြို့၌ ကျင်းပမည့် ညီလာခံတွင် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှင့်မည်သို့ ဘဏ္ဍာငွေကြေးထောက်ပံ့ရမည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက ဆွေးနွေးအတည်ပြုမည်ဟု မျှော်လင့်ထားကြောင်းသိရသည်။

ADB အနေဖြင့် ဘဏ္ဍာငွေအရင်းအမြစ်တိုးမြှင့်သုံးစွဲမည့် အစီအစဉ်အပြင် အစိုးရနှင့်ပုဂ္ဂလိကတို့ပူးပေါင်းကာ ဘဏ္ဍာငွေကြေးထောက်ပံ့နိုင်မည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ကလေးဝမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီး



**ကလေးဝ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် တုန်နန်းကျေးရွာမှ လူနေအိမ် သုံးလုံးနှင့် ကျွဲကူးကျေးရွာမှ လူနေအိမ် ၃၈ လုံး၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးလက်ဆေးပေးခန်းတို့၏ သွပ်မိုးများ လေပြင်းနှင့်အတူ လွင့်ပါပျက်စီးသွားခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၂၃သိန်းကျော် ပျက်စီးဆုံးရှုံးသွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ခံရသော ဒေသများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**သီဟ(iprd)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(က) ၃-၁၀-၂၀၁၅ရက်နေ့တွင် တာမွေမြို့နယ်အတွင်းရှိ [မေတ္တာညွန့်၊ နတ်ချောင်း၊ တာမွေကြီး(ခ)၊ တာမွေကြီး(က+ဂ)၊ ဝါဝါဝင်းအိမ်ရာ၊ ချမ်းသာဂုဏ်ရောင်အိမ်ရာ]၊ သယ်န်းကျွန်းမြို့နယ်အတွင်းရှိ [ဇဝန၊ စ-သုမင်္ဂလာ၊ ၁၀ သိန်း ဇ/မ၊ဇ/တ၊ ဦးစံဖေ၊ ဗိုလ်ကံညွန့်၊ (ခ) ရပ်ကွက်၊ (က) ရပ်ကွက်၊ ကျိုက် (န)၊ ၁၆/၄ ရပ်ကွက်၊ ၁၆/၃ ရပ်ကွက်၊ ၁၆/၂ ရပ်ကွက်၊ ရန်အောင်၊ င/က ရပ်ကွက်၊ ဆ/က ရပ်ကွက်၊ ဆ/ခ ရပ်ကွက်၊ ၃ ရပ်ကွက်(မိချောင်းကန်) ရပ်ကွက်]နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၂၊ ၂၆) ရပ်ကွက်များတွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

(ခ) ၄-၁၀-၂၀၁၅ ရက်နေ့တွင် ဗဟန်းမြို့နယ်အတွင်းရှိ [ရွှေဂုံတိုင် (အရှေ့၊ အလယ်)၊ သာသနာ့ရိပ်သာ၊ ရွှေတောင်ကြား (၂)လမ်း၊ ဆသရ၊ ဗိုလ်စိန်မှန်လမ်း၊ ငါးထပ်ကြီးဘုရားလမ်း၊ ပုလဲကွန်ဒို၊ (C.D.E.F)] တာမွေမြို့နယ်အတွင်းရှိ (တာမွေကြီး (က၊က/ခ၊ က+ဂ)ရပ်ကွက်များ၊ လှိုင်သာယာမြို့နယ် အတွင်းရှိ (၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆)ရပ်ကွက်တို့တွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများကို Barge "LANJIANG", Barge "HAI YANG SHI YOU 289", Barge "LANJING" နှင့် Accommodation Barge "PW. NATUNA" တို့ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၁၆ ခုနှစ် မေ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာများမှာ Location WP 4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄ ဒသမ ၀၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁ ဒသမ ၁၅၅ စက္ကန့်၊ Location WP 5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂ ဒသမ ၄၆၃ စက္ကန့်၊ Location WP 6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၀၇ စက္ကန့်နှင့် Location WP 7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၃၇ စက္ကန့်တို့တွင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 တွင် Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများကို Barge "LANJIANG", Barge "HAI YANG SHI YOU 289", Barge "LANJING"နှင့်Accommodation Barge "PW. NATUNA" တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသော အဖွဲ့အစည်းများထဲတွင် “စာပေဗိမာန်-Palace of Literature” သည် ရှေ့တန်းမှပါဝင်ခဲ့သည်။ စာပေဗိမာန်၏ မူလဘူတမှာ “မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း-Burma Translation Society.BTS” ဖြစ်သည်။**

# စာပေဗိမာန်၏အစဉ်အလာ နှင့် ဆောင်ရွက်ချက်များ

မင်းခန့်ရွှေ

မြန်မာ့လွတ်လပ်ရေး ရယူရန်နှင့် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ဆိုရန်တိုဗီလာ စီမံကိန်းရေးဆွဲရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇွန် ၇ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၆၁) ဆိုရန်တိုဗီလာ အဆောက်အအုံသို့ မြန်မာပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်က **“လူထုပညာရေးဖွံ့ဖြိုးမှုနှင့် စပ်လျဉ်း၍ ဘာသာပြန်ပြီး ဌာနကြီးတစ်ခု ဖွင့်လှစ်ရမည်”** ဟု လမ်းညွှန်မိန့်ကြားခဲ့သည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဦးနုဦးဆောင်၍ “မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး” ကို ဖွဲ့စည်းပြီး ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုတွင် အသင်းကိုယာယီဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလတွင် ပြည်လမ်းရှိ “ဆိုရန်တိုဗီလာအဆောက်အအုံ”သို့ ပြောင်းရွှေ့ခဲ့ပြီး “ဆိုရန်တိုဗီလာ” ကို “စာပေဗိမာန်” ဟု ပြောင်းလဲမှည့်ခေါ်ရာမှ အသင်းကြီးကိုလည်း စာပေဗိမာန်ဟု ခေါ်ဝေါ်ခဲ့သည်။ ယခုအချိန်ထိလည်း “စာပေဗိမာန်”အမည်ဖြင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

“စာပေဗိမာန်”တွင် “စာပေ”နှင့်“ဗိမာန်” ဟူသောဝေါဟာရနှစ်ခု ပါဝင်သည်။ “စာပေ” ဟူသည်မှာ“အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့် စာ”ဟု လည်းကောင်း၊ “ဗိမာန်” ဟူသည်မှာ “မွန်မြတ်သော အဆောက်အအုံ”ဟု လည်းကောင်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် “စာပေဗိမာန်” ဟူသည် “သုတ၊ ရသ အကျိုးပြုစာပေများ မွေးဖွားသည့် မွန်မြတ်သောနေရာ”ဟု အဓိပ္ပာယ်ရရှိပေရာ ဟိတ်ကြီးသော စာပေအဖွဲ့အစည်းကြီးဖြစ်သည်ဟု ထင်ရှားသည်။

စာပေဗိမာန်၏ အမှတ်တံဆိပ်မှာ ထိပ်တွင် လင်းရောင်ခြည်ဖြာထွက်နေသော စာအုပ်ဖြစ်ပြီး စာအုပ်ဘယ်ဘက်အခြမ်းမှာ အနက်ရောင်(အမှောင်)ဖြစ်၍ ညာဘက်ခြမ်းမှာ အဖြူရောင်(အလင်း) ဖြစ်သည်။ စာအုပ်အလယ်တွင် ကလောင်တစ်ချောင်းသည် အမှောင်ကိုခွင်း၍ အလင်းဘက်သို့ ထိုးဖောက်ဝင်ရောက်နေပုံ သရုပ်ဖော်ထားသည်။ ဆောင်ပုဒ်မှာ **“အမှောင်ခွင်း၍ အလင်းဆောင်အံ့ “Where darkness was”** ဖြစ်သည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း တစ်နည်းအားဖြင့် စာပေဗိမာန်သည် လူထုအသင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်၊ သိပ္ပံစာစဉ်၊ ကမ္ဘာ့ဂန္ထဝင်စာစဉ်ဟူသောစာစဉ်များ ပြုစုထုတ်ဝေခဲ့သည်။ လူထုအလင်းစာစဉ်မှာ “ကမ္ဘာ့ယဉ်ကျေးမှုများနှင့် ကမ္ဘာ့စာပေမျိုးစုံကို မြန်မာစာဖတ်တတ်သူတိုင်း သိရှိနိုင်ရန် မြန်မာဘာသာသို့ လွယ်ကူရှင်းလင်းစွာ ပြန်ဆိုပြုစုရေးသားထုတ်ဝေသောစာစဉ်”ဖြစ်သည်။ လူထုအိတ်ဆောင်စာစဉ်မှာ “လတ်တလောဖြစ်ပေါ်နေသည့် မြန်မာနှင့် ကမ္ဘာ့အခြေအနေများကို ပြည်သူများအချိန်နှင့်တစ်ပြေးညီ ဖတ်ရှုဆင်ခြင်သုံးသပ်နိုင်ရန်” ထုတ်ဝေသောစာစဉ်ဖြစ်သည်။

လူထုတက္ကသိုလ်စာစဉ်မှာ အခြေခံပညာရှိသူတိုင်း တက္ကသိုလ်ပညာအဖြာဖြာကို လုပ်ငန်းခွင်မပျက် ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေသော စာစဉ်ဖြစ်သည်။ သိပ္ပံစာစဉ်မှာ ပြည်သူလူထုကို သိပ္ပံအသိဉာဏ်ပညာဖြန့်ဝေသော စာစဉ်ဖြစ်သည်။ ကမ္ဘာ့ဂန္ထဝင်စာစဉ်မှာ ကမ္ဘာ့စာကြီးပေကြီးဟု သတ်မှတ်ထားသောစာအုပ်များကို ပြင်ဆင်ဖြည့်စွက်နုတ်ပယ်ခြင်းအလျဉ်းမပြုဘဲ မူရင်းစာရေးသူ၏ အာဘော်အတိုင်း မြန်မာဘာသာသို့ တိကျမှန်ကန် ရသမြောက်စွာပြန်ဆိုဖြန့်ချိသော စာစဉ်ဖြစ်သည်။

စာပေဗိမာန်သက်တမ်း ငါးဆယ်ပြည့်သောအခါ စာပေဗိမာန် နှစ်ငါးဆယ်စာစဉ်မှ နှစ်ငါးဆယ်ကမ္ဘာ့ရေးရာ၊ နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ၊ နှစ်ငါးဆယ်လူမှုရေးရာစသော ကျမ်းများ၊ လူထုသိပ္ပံကျမ်းများ၊ မြန်မာ့စွယ်စုံကျမ်းများ ပြုစုဖြန့်ချိခဲ့သည်။

ထို့ပြင် ၁၉၄၈ ခုနှစ်မှစ၍ “စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု” အမည်ဖြင့် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုစာအုပ်များမှ အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ ဆုငွေ ၁၀၀၀ ချီးမြှင့်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် စာပဒေသာဆု၊ ၁၉၅၂ ခုနှစ်တွင် ဘာသာပြန်စာပေဆု၊ ၁၉၅၃ ခုနှစ်တွင် သုတပဒေသာစာပေဆု၊ ၁၉၅၈ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆု၊ ကဗျာဆုတို့ အသီးသီးတိုး၍ချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် “အနုပညာဆိုင်ရာ စာပဒေသာဆု”ဟု အမည်ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် “အမျိုးသား စာပေဆု”ဟု အမည်ပြောင်းလဲသုံးစွဲခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် စာပေဗိမာန်စာမူဆု ပြိုင်ပွဲသီးသန့်ကျင်းပပြီး စာပေဗိမာန်စာမူဆုများ ပြန်လည်ချီးမြှင့်ခဲ့သည်။

စာပေဗိမာန်ခေတ်ဦးတွင် စာပေဗိမာန်ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန် ဆရာကြီး သခင်ဘသောင်း၊ ဦးဖေမောင်တင်၊ ဦးသန့်၊ ဦးဇမောင်၊ ဦးသိန်းဟန်၊ ဦးဝန်၊ ဦးဂုဏ်ဘဏ်၊ ရွှေပြည်ဦးဘတင် စသော ပညာရှင်များက ၁၉၅၀ ပြည့်နှစ်မှစ၍ စာပေဗိမာန်လစဉ် အစည်းအဝေးများတွင် ပညာများကို ဟောပြောဝေမျှခဲ့ကြသည်။ ၁၉၅၄ ခုနှစ် ဧပြီလ ၅ ရက်တွင် စာရေးဆရာမ မစ္စအီသယ်မန်နင်းက “Art of Writing” စာရေးခြင်းအတတ်ပညာ”ကို ဟောပြောခဲ့သည်။ ထို့နောက် စာပေဗိမာန်က ကြီးမှူးကျင်းပသော စာပေဟောပြောပွဲများ တစ်ခန်းရပ်ခဲ့သည်။

စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့သည် ပြည်သူများ အသိဉာဏ်တိုးပွားစေရန်နှင့် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၆၅ ခုနှစ်တွင် စာပေနှီးနှောဖလှယ်ပွဲ ပြန်လည်ကျင်းပခဲ့သည်။ ပထမဦးဆုံး ကျင်းပသောပွဲမှာ “ကလေးစာပေ နှီးနှောဖလှယ်ပွဲ” ဖြစ်ပြီး ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။ ထိုစာပေနှီးနှောဖလှယ်ပွဲတွင် “ဒေါက်တာမောင်ဖြူး” က “ကလေးစာပေ၊ ကမ္ဘာနှင့် မြန်မာအခြေအနေ”၊ “မင်းသုဝဏ်”က “မြန်မာကလေးစာပေသမိုင်း”၊ “လူထုဦးလှ”က “ယနေ့ မြန်မာကလေးစာပေ”ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြသည်။

“စာပေနှီးနှောဖလှယ်ပွဲ”၊ “စာပေဗိမာန်စာတမ်းဖတ်ပွဲ”ဟု မည်သို့ပင် ခေါ်ဝေါ်ကြစေကာမူ ဖတ်ကြားတင်သွင်းသော စာတမ်းများမှာ စာပေပညာရှင်များက နယ်ပယ်အသီးသီးမှ အကြောင်းအရာများကို သုတေသနပြု လေ့လာသုံးသပ်ဝေဖန် ဆန်းစစ်ထားသော စာတမ်းများဖြစ်ကြ၍ စာပေလေ့လာလိုက်စားသူများ ခိုင်မာစွာ ကိုးကားနိုင်ကြသဖြင့် တန်ဖိုးရှိလှပေသည်။

စာပေဗိမာန်သည် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ စာပေနှီးနှောဖလှယ်ပွဲ ခုနစ်ကြိမ်၊ စာတမ်းဖတ်ပွဲ ၁၇ ကြိမ် စုစုပေါင်း ၂၄ ကြိမ် ပြုလုပ်ခဲ့ပြီး ပညာရှင်များက စာတမ်းပေါင်း ၁၇၇စောင် ဖတ်ကြားတင်သွင်းခဲ့ကြသည်။ (၂၄)ကြိမ်မြောက် ကျင်းပခဲ့သော စာတမ်းဖတ်ပွဲမှာ “ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ” ဖြစ်ပြီး ၂၀၀၀ပြည့်နှစ် ဖေ့ဖ်လ ၁၉ ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၆၁) စာပေဗိမာန်အဆောက်အအုံတွင် ကျင်းပခဲ့သည်။ ထို့နောက် စာပေဗိမာန်စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပနိုင်ခြင်းမရှိခဲ့ပါ။

သို့သော် ရွှေသွေးဂျာနယ်၊ သုတပဒေသာစာစောင်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တို့ကို ရိုက်နှိပ်ဖြန့်ချိလျက်ရှိသည့်အပြင် စာပေဗိမာန်စာမူဆုရစာမူများနှင့် ပခုက္ကူဦးအုံးဖေစာမူဆုရစာမူများကို ပြည်သူ့လက်စွဲစာစဉ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခြင်း၊ စာပေရေချမ်းစင်ဘာသာရပ်(၁၃)မျိုး လစဉ်ထွက်ရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ ဖွင့်လှစ်ပြီး ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုပေးခြင်း၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရာတွင် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ ဆောင်ရွက်ပေးခြင်း စသောစာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မပျက်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံ Shanti Volunteer Association နှင့် ပူးပေါင်း၍ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံ National Institute of Information and Communications Technology နှင့်ပူးတွဲ၍ စက်ဖြင့် ဘာသာပြန်ခြင်းစနစ် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်က ကြီးမှူးပြုလုပ်ခဲ့သော စာတမ်းဖတ်ပွဲများ၌ ဖတ်ကြားတင်သွင်းခဲ့သည့် စာတမ်းများအနက် မျက်မှောက်ခေတ်၏ လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်စွမ်းပေးနိုင်ပြီး ပြည်သူများပိုမိုစိတ်ဝင်စားမည့် စာတမ်းများ ပြန်လည်ရိုက်နှိပ်ဖြန့်ချိရန် လမ်းညွှန်ခဲ့သည်။

စာတမ်းများအားလုံးသည် ပညာရှင်အသီးသီးက သုတေသနပြုရေးသားထားသည် မှန်သော်လည်း ခေတ်ကာလကွာခြားမှု၊ စာဖတ်အားနည်းပါးလာမှုတို့ကြောင့် ရိုက်နှိပ်ဖြန့်ချိရာတွင် ပြည်သူများပိုမိုစိတ်ဝင်စားမှု ရရှိစေရန် ဘာသာရပ်ဆိုင်ရာ စာပေပညာရှင်များကို ဖိတ်ကြားပြီး ဘာသာရပ်အလိုက် မျက်မှောက်ခေတ် အကြောင်းအရာများကို စာပေဗိမာန် စာပေစကားဝိုင်း ကျင်းပလျက် ဆွေးနွေးလျှင် ပိုမိုထိရောက်အောင်မြင်မည်ဟု စာပေဗိမာန်အဖွဲ့က သုံးသပ်ခဲ့ကြသည်။

ထို့ကြောင့် ပထမဦးဆုံးအကြိမ် ပြန်လည်ရိုက်နှိပ်မည့် “ဝတ္ထုရှည်စာတမ်းများ” နှင့်ပတ်သက်၍ ၂၆-၇-၂၀၁၅ ရက်တွင် စာပေဗိမာန်ခန်းမ၌ “စာပေဗိမာန်စာပေစကားဝိုင်း” ကျင်းပပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းထွက်ရှိသော ဝတ္ထုရှည်များကို ခြုံငုံသုံးသပ်၍ “ဝတ္ထုရှည်အနှစ်သာရများ” ခေါင်းစဉ်ဖြင့် မစန္ဒာ၊ ရွှေသဥ္ဇာ၊ လက်ာရည်ကျော်တို့ကို ဖိတ်ခေါ်ဆွေးနွေးစေခဲ့သည်။ စကားဝိုင်းတွင် ဦးအေးချို(မဟာဝိဇ္ဇာ)က Moderator အဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်စာတည်း(တာဝန်ခံ) ဦးစိုးမြင့်သန်း(နွေသင်နိုင်)က ပါဝင်အားဖြည့်ခဲ့သည်။ စာပေပညာရှင်များနှင့် စာပေချစ်သူများ တက်ရောက်အားပေးခဲ့ကြသည်။

ထို့ပြင် စာပေဗိမာန်တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်ထိ ပထမဦးဆုံးကျင်းပခဲ့သော ကလေးစာပေနှီးနှောဖလှယ်ပွဲသည် နှစ်(၅၀)ပြည့် ရွှေရတုကာလရောက်ပြီဖြစ်၍ **“ကလေးစာပေနှီးနှောဖလှယ်ပွဲ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာပေဗိမာန်စာပေဟောပြောပွဲ (ကလေးစာပေ)”** အခမ်းအနားကို ယခင် ကျင်းပခဲ့သည့် ရက်၊ လနှင့် ကိုက်ညီစေရန် ၁၉-၉-၂၀၁၅ ရက်တွင် ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ(A)၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မောင်ခင်မင်(ဓနုဖြူ) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မောင်ယဉ်မှူးက “တိမ်ကောနေတဲ့ ကလေးကဗျာများ”၊ တက္ကသိုလ်မောင်အောင်ဆွေက “ကလေးဝတ္ထုဘယ်လိုရေးမလဲ”၊ သူရဇော်က “ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း” ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဦးစီးဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာပေဝါသနာရှင်များ စုစုပေါင်း ၁၇၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်မည့် “ဝတ္ထုတိုစာတမ်းများ” အတွက်လည်း ၂၇-၉-၂၀၁၅ ရက်တွင် စာပေဗိမာန်ခန်းမ၌ “စာပေဗိမာန်စာပေစကားဝိုင်း” ကျင်းပပြီး “ဝတ္ထုတိုများဖြင့် ရသပေးစွမ်းပြီး ပြည်သူကိုအကျိုးပြုပုံ၊ အယ်ဒီတာမှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုတိုကောင်းများထွက်ပေါ်လာနိုင်ပုံ၊ Online တွင် ရေးသားနေကြသောဝတ္ထုတိုများ၏ အားနည်းချက်၊ အားသာချက်” စသည် တို့ကို “ဝတ္ထုတိုအနှစ်သာရများ”ခေါင်းစဉ်ဖြင့် ကြူကြူသင်း၊ ကိုရိုးကွန့်၊ နှင်းဝေငြိမ်းတို့ကို ဖိတ်ခေါ်ဆွေးနွေးစေခဲ့သည်။ ဆရာကြည်မင်းက Moderator အဖြစ်ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်မှစာတည်း(တာဝန်ခံ) ဒေါ်ခင်ဝါဆွေ(ဝါဝါ-အင်းစိန်)က ပါဝင် အားဖြည့်ခဲ့သည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ(၂)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မပျက်ဆောင်ရွက်လျက်ရှိသော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း စာတမ်းဖတ်ပွဲ၊ စာပေနှီးနှောဖလှယ်ပွဲ မကျင်းပနိုင်ခဲ့ပေ။ သို့သော် ၂၆-၇-၂၀၁၅ ရက်တွင် ကျင်းပခဲ့သော “စာပေဗိမာန်စာပေစကားဝိုင်း” နှင့်အတူ နိုးကြားတက်ကြွလာပေပြီ။ထိုစကားဝိုင်းတွင် Moderator အဖြစ် ဆောင်ရွက်ခဲ့သော ဦးအေးချို(မဟာဝိဇ္ဇာ)က **“ဒီနေ့ စာပေဗိမာန်စာပေစကားဝိုင်းသည်စာပေဗိမာန်က စာပေနဲ့ပတ်သက်လို့ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြန်လည်ပြုလုပ်ဖို့ရာ ရှင်သန်နိုးထတဲ့ပွဲလို့ ပြောလို့ရပါတယ်”**ဟု မုဒိတာပွားလျက် ထောမနာပြုခဲ့ပေသည်။

အချိန်တိုအတွင်း စာပေစကားဝိုင်းနှစ်ခု၊ စာပေဟောပြောပွဲတစ်ခု ကျင်းပနိုင်ခြင်းမှာ စာပေဗိမာန်အဖွဲ့သားများ၏ ညီညွတ်မှုစွမ်းအားကြောင့်ဖြစ်သည်။ စာပေဗိမာန်သည် အကြီးအကဲများ၏ လမ်းညွှန်မှုခံယူပြီး စာပေဗိမာန်၏ အစဉ်အလာကောင်းများကို ဖော်ထုတ်ထိန်းသိမ်းကာ စာပေတာဝန်ကို ကျေပွန်စွာထမ်းရွက်လျက် ပြည်သူကို ဆက်လက်အလုပ်အကျွေး ပြုနေဦးမည်ဖြစ်ပါသည်။ ။

---

**○ မြန်မာမှ**

မြန်မာအသင်းမှ အောင်မိုးသူ၏ အပိုင်ခေါင်းတိုက်ချက်လွဲချော်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက တစ်ဖက်သတ် ဖိကစားသွားပြီး ဂိုးသွင်းခွင့်အမြောက်အမြားရရှိခဲ့သည်။ မြန်မာအသင်းမှာ ဂိုးကံခေမှု၊ အဆုံးသတ်အားနည်းမှုနှင့်အတူ အဖိုးတန်အနိုင်သုံးမှတ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ၆၃ မိနစ်တွင် ထူးသန့်လွင်၏ ကန်ချက်ဘားထိထွက်ခဲ့သလို ၆၇ မိနစ်၌ စစ်မင်း၏ ပင်နယ်တီဧရိယာအစပ်မှ ကန်သွင်းမှုမှာလည်း တိုင်ထိထွက်ခဲ့၍ မြန်မာအသင်းနစ်နာခဲ့ရသည်။ ဂိုးသွင်းခွင့်များစွာကို အသုံးမချနိုင်ခဲ့သည့်မြန်မာအသင်းမှာ ပွဲပြီးခါနီး၌ အကောင်းဆုံးအခွင့်အရေးကိုလက်လွှတ်ခဲ့ရသည်။ ပြစ်ဒဏ်ဘောကို တိုက်ရိုက်မကန်ဘဲ အောင်ဇင်ဖြိုးကိုခင်းပေးသော်လည်း အသုံးမချနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမပွဲတွင် ဗီယက်နမ်အသင်းက ဘရူနိုင်းအသင်းကိုငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်အသင်းမှာ အနိုင်ဂိုးများကို ပထမပိုင်းကတည်းက ဟိုဗင်၊ ဒီ၊ လမ်ထရန်၊ ထရန်ဒူခန်နှင့် ဖန်ထရန်ဟွာတို့က သွင်းယူပေးခဲ့သည်။

တတိယနေ့ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ တီမောအသင်းက သုံးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲသရေ ငါးမှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစား တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ခြေစစ်ပွဲအုပ်စု (G) စတုတ္ထနေ့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဗီယက်နမ်နှင့် တီမော၊ ဒုတိယပွဲအဖြစ် မြန်မာနှင့်ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။




**မြန်မာအသင်းနှင့် တီမောအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။**

## ပြည်တွင်းရေးရာ

# လားရှိုးမြို့၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား တာဝန်ချိန်သုံး ကျဉ်စက်များထုတ်ပေး

**လားရှိုး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်စုမှူးရုံး (လားရှိုး)အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ရာတွင် တချို့သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ၏ အရေးယူမှုကို အသာတကြည်လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ကိုယ်ထိလက်ရောက်ပြုမူလုပ်ကိုင်မှုများရှိလာခဲ့သည်။

ထိုသို့ ကိုယ်ထိလက်ရောက်ကျူးလွန်သူများကို ခုခံနိုင်ရန်အတွက်လည်းကောင်း၊ တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်အတွက် ကာကွယ်နိုင်စေရန် တပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးများအား ကျဉ်စက်များထုတ်ပေးထားကြောင်း သိရသည်။



အဆိုပါ ကျဉ်စက်များအသုံးပြုရန် ထုတ်ပေးခြင်းနှင့် ပတ်သက်၍ အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်စုမှူး ဒုရဲမှူး မိုးခိုင်အား တွေ့ဆုံမေးမြန်းရာတွင် "တပ်ဖွဲ့ဝင်တွေ တာဝန်ထမ်းဆောင်တဲ့အခါ ရောင်ပြန်အချက်ပြမီးချောင်းကို ဝဲဘက်ခါးမှာချိတ်ထားပြီး စကားပြောစက်နဲ့ နံပါတ်တုတ်ကိုတော့ ညာဘက်ခါးမှာချိတ်ပြီး တာဝန်ထမ်းဆောင်ရပါမယ်။ ယူနီဖောင်းကိုလည်း သပ်ရပ်စွာဝတ်ရပါမယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၀ အရ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံပိုင်ခွင့်ရှိရမယ်။ ပုဒ်မ-၁၀၀ မှာ အချက်(၆)ချက်ရှိပါတယ်။ တပ်ဖွဲ့ဝင်အားလုံးကို သေသေချာချာ ရှင်းလင်းပြောပြထားပါတယ်။

အဓိကပြောချင်တာကတော့ ပုဒ်မ-၁၀၀ အရ ကာကွယ်ခုခံပိုင်ခွင့်ရှိတဲ့ ဒီပစ္စည်းကို မိမိအသက်အန္တရာယ်ကာကွယ်မှုအတွက် အသုံးပြုရမယ်။ အခြားလှည့်ကင်းသွားတဲ့အချိန်မှာ နံပါတ်တုတ်၊ လျှပ်စစ်ဓာတ်မီးအနေနဲ့ အသုံးပြုပြီး လိုအပ်လာမှသာ ကျဉ်စက်အနေနဲ့အသုံးပြုရမှာပါ။ အသက်အန္တရာယ်ပေးဖို့ လက်နက်နဲ့လာရင် အရှည်တစ်ပေခွဲလောက်ရှိတော့ အဟန့်အတားတစ်ခုအဖြစ် ဖြစ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အမျိုးသမီးများအတွက် ရှစ်လက်မ၊ ၁၀ လက်မခန့်ရှိပါတယ်။ အားပြန်သွင်းလို့ရပါတယ်။ မလိုအပ်ရင် ပါဝါပိတ်ထားလို့ရတဲ့အတွက် ကိုင်ဆောင်သူများအတွက် အန္တရာယ်မရှိပါဘူး။ အဆိုပါ ကျဉ်စက်နှင့် ပတ်သက်၍ ကိုင်တွယ်အသုံးပြုနည်းနှင့် အကျိုးသက်ရောက်မှုများကိုလည်း တပ်ဖွဲ့ဝင်များကို ညွှန်ကြားပြသလေ့ကျင့်ပေးထားပြီးဖြစ်ပါတယ်။

တစ်ဖွဲ့ဝင်တိုင်း ခါးမှာ ချိတ်ထားရပါမယ်။ မိမိအသက်အန္တရာယ်အတွက် အပြင်းအထန်အနေအထား တစ်ခုဖြစ်လာခဲ့ရင် မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်အားလုံးကို ထုတ်ပေးထားတာပါ"ဟု ရှင်းလင်းပြောပြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ စက်တင်ဘာ ၂၈ ရက်မှစ၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ကျဉ်စက်ကို အသုံးပြုတာဝန်ထမ်းဆောင်နေကြောင်း သိရသည်။

**(ဇာဏီအောင်-လားရှိုး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲအပ်ပွဲကျင်းပ

**ဟသ္သာတ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်အတွင်းမှ ကျေးရွာများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ဟသ္သာတမြို့ ဦးအောင်မြတ်ကျော်တန်ဆောင်း၌ စက်တင်ဘာ ၄ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက မြစိမ်းရောင် စီမံကိန်းဆောင်ရွက်နေမှုနှင့် သင်တန်းပို့ချသွားမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ၃၃ ယူနစ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် ရန်ပုံငွေများကို ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းတာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာအဆင့်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်နှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင် ၂၉၉ ဦးအား ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့်အကြောင်းအရင်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်

**မှော်ဘီ အောက်တိုဘာ ၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားပညာသင်တန်း (ဒုတိယ)အကြိမ်သင်တန်းကို မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျေးရွာအုပ်စု ၃၉ အုပ်စုမှ သင်တန်းသား ၃၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ ယင်းသင်တန်းတွင် မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းသို့ တက်ရောက်လာသော သင်တန်းသားများအား နည်းပြဆရာများက စာတွေ့/လက်တွေ့ သင်ကြားပို့ချခဲ့သည်။

**(မှော်ဘီကျေးလက်)**

# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂**

ပျော်ဘွယ်မြို့နယ် ပေပင်လေး အမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၆၄/၅ နှင့် ၂၆၄/၆ ကြား၌ ယနေ့ နံနက် ၅ နာရီ မိနစ်(၅၀)ခန့်တွင် ရတနာပုံမြို့သစ် ပြည်ကြီးတံခွန်မြို့နယ်နေ ဦးကျော်သူအောင် မောင်းနှင်လာ သော ယာဉ်အမှတ် ၆ဂ/------- "မန်းရွှေမြို့တော်" Express ခရီးသည်တင် မှန်လုံယာဉ်သည် တိုက်ရော့ပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းဘာရီယာတုံးများအား တိုက်မိပြီးနောက် တစ်ဖက်ယာဉ်ကြော လမ်းပေါ် ညာဘက်အစပ်၌ ရပ်တန့်သွားခဲ့သည်။

ဎင်း Express ယာဉ်ပေါ်တွင် ယာဉ်မောင်းအပါအဝင် ခရီးသည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၆ ဦး စီးနင်းလိုက်ပါခဲ့ပြီး ဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကျော်သူအောင်မှာ ဝဲခြေထောက် အနည်းငယ် (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လမ်းအပိုင်းတာဝန်ခံအင်ဂျင်နီယာများ၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကူညီရေးအသင်းအဖွဲ့များ ရောက်ရှိပြီး ဒဏ်ရာရရှိသူအား ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်းအား ပေပင်လေး အမြန်လမ်းမကြီး ရဲတပ် ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အမြန်လမ်းမကြီးရဲတပ်ဖွဲ့)**



# ရွှေကျင်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ရွှေကျင် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ကရင်စုကျေးရွာမှ ဒေသခံပြည်သူများအား မြေငှားဂရန်များကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ထုတ်ပေးခဲ့သည်။

မြေငှားဂရန်ထုတ်ပေးရာတွင် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ကျေးလက်မြေငှားဂရန်ထုတ်ပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာနေပြည်သူ ၁၁၂ ဦးထံသို့ လက်ဝယ်အရောက် မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာတွင် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာနေအိမ်မြေကွက်များ ယခုထက် တန်ဖိုးပိုမိုမြင့်တက်လာခြင်း၊ မြေပိုင်ဆိုင်မှု အာမခံချက်ရရှိခြင်း၊ မြေငှားဂရန်စာချုပ်ဖြင့် ချေးငွေများ ထုတ်ယူနိုင်ခြင်းနှင့် ကျေးရွာနေပြည်သူများ၏ လူနေမှုဘဝများမြင့်မားတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည် ဖြစ်သည်။

**(ပိန်းဇလုပ် သိန်းညွန့်)**

# လှိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်းနှင့် ဘိန်းဖြူ၊ ဘိန်းမဲများသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁ ရက်က လှိုင်လင်- ပင်လုံသွားကားလမ်းရှိ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် ကျော်မြင့် (ခ) ကျန်းတာဟူ မောင်းနှင်ပြီး နေမျိုးခိုင်(ခ) ဝမ်ချင်ဖျင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၊ ဘိန်းညို့မှုန့် ၄ ကီလို၊ ဘိန်းဖြူ ၄ ဒသမ ၂ ကီလို နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်က ဆီဆိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စံကားကျေးရွာမှ ဆီဆိုင်မြို့သို့ အစ (ခ) သက်သက်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြားသိမ်းဆည်းရမိသဖြင့် ဎင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



**ကျော်မြင့် (ခ) ကျန်းတာဟူနှင့် နေမျိုးခိုင် (ခ) ဝမ်ချင်ဖျင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

# ၂၀၁၅ ခုနှစ်အတွင်း ကျန်ရှိနေသော ဖျော်ဖြေပွဲအားလုံးကို ကယ်လီကလာ့ခ်ဆန် ဖျက်သိမ်း

အမေရိကန်အဆိုတော်တစ်ဦးဖြစ်သည့် ကယ်လီကလာ့ခ်ဆန်သည်ပြန်ဆိုတေးသီချင်းများဖြင့်ပရိသတ်အခိုင်အမာရရှိထားပြီး လတ်တလောတွင်သူက ၂၀၁၅ခုနှစ်အတွင်းဖျော်ဖြေရန်ကျန်ရှိနေသေးသော သူ၏နယ်လှည့်ဖျော်ဖြေပွဲအားလုံးကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့သည်။

“Stronger”တေးသီချင်း၏ အဆိုတော်ကလာ့ခ်ဆန်က“ ၂၀၁၅ Piece by Piece”ဟု အမည်ပေးထားပြီး ကနေဒါနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် ဖျော်ဖြေသွားရန်စီစဉ်ထားသော သူ၏နယ်လှည့်ဖျော်ဖြေပွဲအားလုံးကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။



ရုတ်တရက်ဖျော်ဖြေပွဲရပ်နားလိုက်ရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ ကလာ့ခ်ဆန်က သူ၏ လူမှုကွန်ရက်မီဒီယာတစ်ခုပေါ်တွင် အသံပိုင်းဆိုင်ရာကျန်းမာရေးပြဿနာကြောင့် ဆရာဝန်က ယခုနှစ်ကုန်သည်အထိအနားယူသွားရန်ညွှန်ကြားထားသဖြင့် အနားယူရခြင်းဖြစ်ကြောင်းနှင့် ပရိသတ်များကိုလည်း တောင်းပန်ပါကြောင်း ရေးသားဖော်ပြခဲ့သည်။

ကလာ့ခ်ဆန်က “ကျန်ရှိနေသေးတဲ့ ကျွန်မရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေအားလုံးကို ဖျက်သိမ်းခဲ့ရတဲ့အတွက် စောင့်မျှော်နေခဲ့ရတဲ့ ကျွန်မရဲ့ ပရိသတ်ကြီးကို တကယ်ကိုတောင်းပန်ပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ကနေဒါနဲ့ အင်္ဂလန်က ပရိသတ်တွေနဲ့ တွေ့ရမယ့်နေ့ကို စောင့်မျှော်နေခဲ့တာ။ ဒါပေမယ့် မမျှော်လင့်ဘဲ ဆရာဝန်က အနားယူခိုင်းတော့ အစီအစဉ်တွေ ပျက်ခဲ့ရတယ်။ တတ်နိုင်သမျှ မြန်မြန်နေကောင်းလာဖို့ ကျွန်မကြိုးစားနေပါတယ်”ဟု ပြောကြားခဲ့သည်။

အချို့သော ပရိသတ်များကလည်း ကလာ့ခ်ဆန်သည် လတ်တလောတွင် ရင်သွေးလေးကို လွယ်ထားရသည်ဖြစ်ရာ မိမိရင်သွေးလေးကို ဂရုစိုက်လိုသည့်အတွက် ဖျော်ဖြေပွဲများကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ထင်ကြေးပေးကြသည်။ ယခုလွယ်ထားရသည့် ရင်သွေးလေးမှာ ကလာ့ခ်ဆန်၏ ဒုတိယမြောက်ရင်သွေးဖြစ်ကာ သူ့တွင် အသက်တစ်နှစ်အရွယ်သမီးကလေး ရေးဗားရီ့စ်လည်း ရှိသည်။

## စကားလက်ဂျိုဟန်စန် နှင့် ရှိမိန်းဒေါရီရက်ခ် တို့၏ မင်္ဂလာနှစ်ပတ်လည်နေ့ ကျင်းပ



ဟောလိဝုဒ်အကျော်အမော် မင်းသမီး စကားလက်ဂျိုဟန်စန်နှင့် ခင်ပွန်းဖြစ်သူ ရုပ်ရှင်မင်းသား ရှိမိန်းဒေါရီရက်ခ်တို့၏ အောက်တိုဘာ ၁ရက်တွင် ကျရောက်ခဲ့သော တစ်နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်နေ့ကို ကျင်းပခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

အသက်(၃၀)အရွယ် မင်းသမီးနှင့် ပြင်သစ်မင်းသားတို့နှစ်ဦးသည် ပြီးခဲ့သည့် ၂၀၁၄ခုနှစ် အောက်တိုဘာလက လျှို့ဝှက်လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးသည် သူတို့၏ တက်တူးပညာရှင်က မိတ်ဆက်ပေးခဲ့၍ စတင်သိကျွမ်းခဲ့ကြပြီး ၂၀၁၂ခုနှစ်တွင် ချစ်သူများဖြစ်ခဲ့ကြသည်။ ချစ်သူသက်တမ်းတစ်နှစ်ခန့်အကြာတွင် တရားဝင်စေ့စပ်ကြောင်းလမ်းခဲ့ကြခြင်းဖြစ်သည်။


ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သော ရုပ်သံအင်တာဗျူးတစ်ခုတွင် ဂျိုဟန်စန်က သူ့အနေဖြင့် ခင်ပွန်းဖြစ်သူနှင့် ပြောဆိုသည့် ဘာသာစကားမတူညီသည့်အတွက် ပြင်သစ်ဘာသာကို သင်ယူနေကြောင်း၊ သို့သော်နှစ်ဦးသားစကားနိုင်လုသောအချိန်တွင် အနိုင်ရစေရန် ပိုမိုကျွမ်းကျင်သော အင်္ဂလိပ်စကားကို ပြောဆိုရသည်ကို ပိုမိုနှစ်သက်ကြောင်း ဆိုခဲ့သည်။

## အမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ အိမ်ကို ဝယ်ယူခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်ဟာ ဂရန်မီဆုများစွာကို ရရှိပိုင်ဆိုင်ထားတဲ့ ဂီတလောကတွင် အောင်မြင်သော အဆိုတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ အောင်မြင်မှုတွေဟာ ဂီတလောကသားတွေအတွက် အားကျလောက်စရာပါပဲ။ လတ်တလောမှာ တေလာကို အများက အားကျစရာတစ်ခု ထပ်တိုးခဲ့ပါပြီ။ အဲဒါကတော့ သူဟာအမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိတဲ့ ဘရေဗာရီဟေးအရပ်က အိမ်တစ်လုံးကို ပိုင်ဆိုင်နိုင်ခဲ့တဲ့သူတစ်ဦး ဖြစ်လာလို့ပါ။

တေလာဝယ်ယူခဲ့တဲ့ ဆမ်မူရယ်ဂိုးဝင်န်အိမ်ရာတွေဟာ ဟောလိဝုဒ်အကျော်အမော်တွေ နှစ်သက်မက်မောတဲ့ အိမ်ရာတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ အဲ့ဒီအိမ်ရာတွေကို ၁၉၃၄ခုနှစ်လောက်က ရုပ်ရှင်ထုတ်လုပ်သူ ဆမ်မူရယ်ဂိုးဝင်န်က စတင်တည်ဆောက်ခဲ့တာပါ။ တေလာဟာ အဆိုပါအိမ်ရာတွေထဲက အိမ်တစ်လုံးကို စက်တင်ဘာလကုန်လောက်က ဝယ်ခဲ့တာဖြစ်တယ်လို့ ဒေသခံမီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။

တေလာဆွစ်ကိုယ်တိုင်ကတော့ အဆိုပါသတင်းနဲ့ ပတ်သက်ပြီး အတည်ပြု ပြောကြားခြင်းမရှိသေးပါဘူး။ သို့သော် အဆိုပါအိမ်ရောင်းဝယ်မှုရဲ့ အခွန်ပြေစာအရ တေလာဆွစ် ဝယ်ယူခဲ့တယ်ဆိုတာကို သိရှိခဲ့ရတယ်လို့ တီအမ်ဇက်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



အေးပြည့် စုစည်းသည်

## ရုပ်ရှင်သစ်မှာ ဘရုစ်လီအဖြစ် သရုပ်ဆောင်မယ့် ကင်ဘမ်

F4တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်များ စွဲလမ်းခဲ့ရသော မင်းသားချော ကင်ဘမ်သည် နောင်ထွက်ရှိလာမည့်ရုပ်ရှင်သစ်တွင် တရုတ်မင်းသားကြီးဘရုစ်လီအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

တရုတ်မီဒီယာများက ကင်ဘမ်သည် တရုတ်ကွန်ဖူးနှင့်အက်ရှင်မင်းသားကြီး ဘရုစ်လီ၏အကြောင်းရိုက်ကူးထားသည့် ရုပ်ရှင်သစ် “Yip Man and Bruce Lee”တွင် မင်းသားဘရုစ်လီ၏နေရာမှ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ရေးသားဖော်ပြခဲ့ကြသည်။

ဘရုစ်လီ၏ ဇာတ်ကြောင်းကိုရိုက်ကူးသည့် တရုတ်ရုပ်ရှင်တွင် တရုတ်မင်းသားတစ်ဦးကို ရွေးချယ်သရုပ်ဆောင်စေခဲ့ခြင်းမရှိဘဲ ကိုရီးယားမင်းသားတစ်ဦးကိုရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အဆိုပါရုပ်ရှင်၏ဒါရိုက်တာ ပန်ဇီရိုတီယန်က “ဘရုစ်လီဟာ ကမ္ဘာကျော်မင်းသားတစ်ဦးပါ။ သူ့ရဲ့စိတ်ဓာတ်နဲ့ စွမ်းဆောင်ရည်တွေကို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေက ချီးကျူးဖော်ပြခဲ့ကြပါတယ်။ ဒါ့ကြောင့် တရုတ်လူမျိုးတွေသာမက တစ်ကမ္ဘာလုံးကပိုင်ဆိုင်တဲ့မင်းသားဖြစ်လို့ သူ့နေရာမှာ တရုတ်မင်းသားတစ်ဦးဦးကပဲ ဘာ့ကြောင့်သရုပ်ဆောင်ခွင့်ရရမှာလဲ။ ကျွန်တော် ဘူဆန်အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့စဉ်က သူငယ်ချင်းတစ်ဦးက ကင်ဘမ်ကိုလည်း ကျွန်တော့်ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်စေဖို့ အကြံပေးခဲ့တာပါ”ဟု ဆိုခဲ့သည်။

ယင်းရုပ်ရှင်တွင် ဘရုစ်လီနေရာတွင် ပါဝင်သရုပ်ဆောင်ရန် ကျော်ကြားသောအနုပညာရှင်များ ဖြစ်ကြသည့် လိုင်ယိဖန်၊ ယန်းယန်း၊ ကယ်လ်ဘင်ချန်းနှင့် ဝီလီယမ်ချန်းတို့သည်လည်း ကင်ဘမ်နှင့်အတူ အရွေးချယ်ခံခဲ့ရပြီး အဆိုပါရုပ်ရှင်၏ ရိုက်ကူးရေးလုပ်ငန်းများကို ယခုလအတွင်း တရုတ်နိုင်ငံတွင် စတင်ရိုက်ကူးသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၁၀ -၂၀၁၅ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ ဘုတလင်မြို့ကြောင်ပန်းတောရ “ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက”၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိ မော်ကွန်း(အပိုင်း-၄) (ကာမဂုဏ်ခံစံမည့်အရေး မွေးမယ်ရယ်သားနှင့် မလျော်)
- ၆း၃၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၅ ဘယ်သူယှဉ်နိုင်မှာလဲသူတို့ တေးသွားနဲ့ သူတို့ဝတ်စုံ
- ၈း၃၅ The Farmer
- ၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁း၃၅ “ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသားများ”(ပထမပိုင်း)
- ၃း၃၅ Hyper Sports
- ၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာစတုတ္ထနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၅း၃၅ မိုးယံသို့ည် ဖြူးချောင်း ရေလှောင်တမံ
- ၅း၅၀ မွန်မြတ်စင်ကြယ်လောကအလယ် ဖြူစင်လှပ ပရဟိတ
- ၇း၀၀ လူ့ဘောင်သစ်ပါတီ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ
- ၈း၃၅ ဆန္ဒတူညီမဲပေးကြမည် - ဂီတတံခါးလေးဖွင့်ပါဦး

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ “ဗာဟိရသုတ္တန်” တရားတော် [ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)]
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၁၀၃)
- ၉း၅၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၀ Healthy Life (ပန်းလှိုင်စီလုံဆေးရုံကြီး၏ နှလုံးရောဂါကုသမှု အစီအစဉ်)
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ငြိမ်းချမ်းခြင်းတေးသွား” (အပိုင်း-၁၃+၁၄)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံ ကံ၏အကျိုး” [သံသရာ အဆက်ဆက် (အပိုင်း-၂)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၇၁)
- ၃း၄၀ Fashion Week [Aroma (Part-2)]
- ၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် [(၅၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနား]
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၇၂)
- ၇း၂၅ Let's Talk
- ၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံ ကံ၏အကျိုး” [စိတ်ဆိုသည်မှာ (အပိုင်း-၁)]
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း”(အပိုင်း-၁၀၄)
- ၉း၂၀ တီတီစီသက်ကြီး အာစရိယပူဇော်ပွဲ ရန်ပုံငွေဖျော်ဖြေပွဲ (အပိုင်း-၃)
- ၁၀း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ငြိမ်းချမ်းခြင်းတေးသွား” (အပိုင်း-၁၅+၁၆)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၂)
- ၂း၅၅ Education Talk [မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၁)]
- ၃း၄၀ အများထဲကတစ်ယောက်
- ၃း၅၅ World of Knowledge (Naked Science: Star Clock)
- ၄း၄၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး)

### mitv

- 07:24 Yatana Theinga City and Shwe Bon Yatanamingalar Palace
- 07:43 Image Of The Monks
- 08:26 Myanmar Prehistory
- 08:50 Mobile House
- 09:26 The Precious Lands Of Myanmar (Mandalay Region)
- 10:26 Wet Markets of Yangon: Thirimingalar Market
- 10:35 School For the Blind (Kyee Myin Dine)
- 05:25 School For the Blind (Kyee Myin Dine)
- 05:51 Today Myanmar “Broadcasting Law”
- 06:30 Live: AFC-U 19 Championship Qualifying Tournament for Bahrain 2016 (Group-G) (Myanmar Vs. Hong Kong)
- 08:24 Let’s Cook (EP-4) Hassle-free Bite-sized Club Sand wiches & Hot Fudge Brownies
- 8:49 Myanmar Masterclass: Artist Than Kywe

## အားကစား



# ဖာဂူဆန်လက်ခံထားတဲ့ မန်ယူ ရဲ့ ထိပ်တန်းကစားသမားလေးဦး

arvbif

မန်ယူနည်းပြဟောင်းဆာအဲလက်စ်ဖာဂူဆန်က သူ့ရဲ့ မန်ယူနည်းပြ ၂၇ နှစ်သက်တမ်းမှာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားလေးဦးသာရှိခဲ့ပြီး ဒီကစားသမားတွေရဲ့ ဖန်တီးနိုင်မှုစွမ်းရည်တွေနဲ့ မန်ယူအသင်းက နိုင်ပွဲတွေအသီးသီးရယူပြီး အင်္ဂလန်ရဲ့ ထိပ်တန်းကလပ်ဖြစ်လာရတာလို့ ထုတ်ဖော်လိုက်ပါတယ်။ ဒီလေးဦးကတော့ အဲရစ်ကန်တိုနာ၊ ရှိုင်ယန်ဂစ်၊ ပေါလ်စခိုးနဲ့ ခရစ္စတီယာနိုရိုနယ်လ်ဒိုတို့ဖြစ်တယ်လို့ သူ့ရဲ့ နောက်ဆုံးရေးသားထုတ်ဝေလိုက်တဲ့ Leading ဆိုတဲ့ စာအုပ်မှာရေးသားထားပါတယ်။

ဖာဂူဆန်ရွေးချယ်လိုက်တဲ့ ဒီကစားသမားလေးဦးကတိုက်စစ်ဦးစားပေးကစားသမားတွေသာဖြစ်တာကြောင့် ဖာဂူဆန်အနေနဲ့ တိုက်စစ်ကစားသမားတွေကိုသာ ပိုပြီးနှစ်ခြိုက်တယ်လို့ အထင်ရှိနိုင်ပေမယ့် သူကတော့ ထူးခြားတဲ့အရည်အသွေးရှိတဲ့ ကစားသမားတွေကိုသာ ထုတ်နုတ်ရွေးချယ်ခဲ့တာလို့ ဆိုလိုက်ပါတယ်။ ဖာဂူဆန်က မန်ယူမှာ ကစားသမားကောင်းတွေ အများအပြားရှိခဲ့ပြီး သူတို့ကို တကယ်ကောင်းတဲ့ ကစားသမားတွေလို့ သတ်မှတ် နိုင်ပေမယ့် တစ်ဦးချင်းထူးခြားချက်စွမ်းရည်ရှိတဲ့ ကစားသမားကတော့ ဒီလေးဦးသာရှိတယ်လို့ ဆိုလိုက်တာဖြစ်ပါတယ်။

"ကန်တိုနာက မန်ယူကို ၁၉၉၃ ခုနှစ်မှာလာရောက်ကစားခဲ့တဲ့ကစားသမားဖြစ်ပြီး အများနဲ့မတူတစ်မူထူးခြားမှုတွေကိုပြုလုပ်ပြီး မန်ယူအတွက်ကြီးမားတဲ့အောင်ပွဲတွေကို ရယူပေးခဲ့တယ်။ ဂစ်နဲ့ ပေါလ်စခိုးတို့ကျတော့ ပရီမီယာလိဂ်မှာပဲနှစ်ပေါင်း ၂၀ လောက်ကစားပြီး သူတို့ရဲ့ ထူးခြားတဲ့အရည်အသွေးကို မှတ်ကျောက်တင်နိုင်ခဲ့တယ်။ စီရိုနယ်လ်ဒိုကတော့ သူဟာ ကမ္ဘာ့ထိပ်တန်းကစားသမားဆိုတာကို နှုတ်နဲ့ပြောစရာမလိုအောင်သက်သေပြနိုင်ခဲ့ပြီး ဘောလုံးလောကရဲ့ ထာဝရအကောင်းဆုံးထဲကတစ်ယောက်ပါ။ ကျွန်တော်ဒီလိုရွေးချယ်ပေးလိုက်လို့ ကျန်တဲ့ကစားသမားတွေက အမှိုက်တွေလားဆိုရင် မဟုတ်ပါဘူး။ ကျန်တဲ့သူတွေလည်းပဲ တော်ကြပါတယ်။ ဒါပေမယ့် သူတို့လေးယောက်ကတော့ ပြိုင်ဘက်ကင်းပါ" လို့ ဖာဂူဆန်ကဆိုလိုက်ပါတယ်။

ထူးခြားတာက ဒီကစားသမားလေးဦးမှာ သုံးဦးက ကစားသမားဘဝက အနားယူခဲ့ပြီး စီရိုနယ်လ်ဒိုတစ်ယောက်သာလျှင် ကစားသမားအဖြစ် ဘောလုံးလောကမှာ ဆက်လက်ကျင်လည်နေဆဲဖြစ်ပါတယ်။ ဖာဂူဆန်က သူ့အနေနဲ့ တိုက်စစ်ကစားသမားတွေကို ဘာဖြစ်လို့ပိုပြီးနှစ်သက်သလဲဆိုရင် သူတို့ရဲ့ဖန်တီးနိုင်မှုစွမ်းရည်တွေကနိုင်ပွဲတစ်ပွဲအတွက် အရေးပါပြီး ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရခဲ့တဲ့ ဆုစာရင်းကိုကြည့်ရင် သူ့ရဲ့ရွေးချယ်မှုဟာ မှန်ကန်တယ်ဆိုတာကို သိနိုင်ပါတယ်လို့လည်း ဖာဂူဆန်က ဆိုလိုက်ပါတယ်။

ဘောလုံးလောကမှာ ယခုထိ နောက်တန်းကစားသမား နှစ်ဦးဖြစ်တဲ့ ဘက်ကင်ဘောင်ဝါနဲ့ ကန်နာဗာရိုးတို့နှစ်ဦးသာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုတွေကို ရယူနိုင်ခဲ့ပြီး ဒါတောင် ဘက်ကင်ဘောင်ဝါက နောက်တန်းကစားသမား စစ်စစ်မဟုတ်ဘဲ ကွင်းလယ်နေရာမှာလည်းကစားနိုင်တဲ့ ကစားသမားမျိုးဖြစ်တယ်လို့ဖာဂူဆန်က တစ်ဆက်တည်းစကားလက်ဆောင်ပါးလိုက်ပါသေးတယ်။ ဒါ့အပြင် ဒီကစားသမားလေးဦးကို သူ့အနေနဲ့ ဘယ်တုန်းကမှ ဝေဖန်မှုပြုလုပ်ခဲ့တာမျိုး ပရိသတ်တွေမြင်တွေ့နိုင်မှာမဟုတ်ဘဲ သူတို့ရဲ့ စွမ်းရည်တွေက ချီးကျူးမှုနဲ့သာ ထိုက်တန်တယ်လို့လည်း ဆက်လက်ပြောကြားခဲ့ပါတယ်။ ဖာဂူဆန်လက်ထက်မှာ ရှိုင်ကိန်း၊ ဘက်ခမ်း၊ နစ္စတယ်ရွိုင်းစတဲ့နာမည်ကျော်တွေက ဝေဖန်မှုတွေခံခဲ့ရပေမယ့် ဒီလေးယောက်ကတော့ ထာဝရပန်းပန်နေဆဲလေးဦးဆိုတော့. . .

## အသင်းခေါင်းဆောင် ကွန်ပနီ မပါဝင်သော်လည်း နယူးကာဆယ်ကို အနိုင်ရမည်ဟုဆို

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် အောက်တိုဘာ ၃ ရက်တွင် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း၊ အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီပါဝင်လာရန် မသေချာသော်လည်း နယူးကာဆယ်အသင်းကို အနိုင်ရရှိလိမ့်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းက ယုံကြည်ထားသည်။

နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ နောက်တန်းကစားသမား ဒီမီချီလစ်နှင့် အော့တမန်ဒီတို့မှာ ဒဏ်ရာပြဿနာများကြောင့် ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။ ထို့အပြင် အသင်းခေါင်းဆောင် ကွန်ပနီသည်လည်း ဂျူဗင်တပ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ခြေသလုံးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ပါဝင်လာမည်မဟုတ်ပေ။

ထို့ကြောင့် ကွန်ပန်နီနေဖြင့် ဘယ်လ်ဂျီယံအသင်း ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲများတွင်လည်း ဘယ်လ်ဂျီယံအသင်းနှင့်အတူ ပါဝင်လာရန်မသေချာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ဘုန်းမောက်အသင်းနှင့် အောက်တိုဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ ပါဝင်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**[ငွေကြယ်]**



## အာစင်ဝင်းဂါးနှင့် မော်ရင်ဟိုတို့အတွက် ကစားပေးရန် ဆန္ဒရှိခဲ့ဟု လူကာကူ ထုတ်ဖော်ပြောကြား

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းမှ တိုက်စစ်မှူး လူကာကူသည် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး၏ လက်အောက်တွင် ကစားရန်ဆန္ဒရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းအား အကောင်းဆုံးအသင်းအဖြစ် ကိုင်တွယ်နိုင်ခဲ့သည့် နည်းပြမော်ရင်ဟိုလက်ထက်တွင်လည်း ကစားရန်ဆန္ဒရှိခဲ့ကြောင်း တိုက်စစ်မှူး လူကာကူက ဆိုသည်။

ကမ္ဘာ့ထိပ်တန်းကလပ်အသင်းများတွင် အောင်မြင်ကျော်ကြားသော နည်းပြများရှိသည့်အနက် မည်သည့်နည်းပြအောက်တွင် ကစားရန်ဆန္ဒရှိကြောင်း၊ မေးခွန်းနှင့်စပ်လျဉ်း၍ အဲဗာတန်တိုက်စစ်မှူး လူကာကူက ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုနှင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးတို့၏ လက်အောက်တွင်သာ ကစားရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးတို့အပြင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာ၏ လက်အောက်တွင်လည်း ကစားရန်ဆန္ဒရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ တိုက်စစ်မှူး လူကာကူသည် ချယ်လ်ဆီးအသင်းတွင် ယခင်က ကစားခဲ့သော်လည်း အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ကြောင်း ယုံကြည်ထားခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းသို့ အငှားချရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူး လူကာကူသည် အဲဗာတန်အသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် အကြောင်းဖန်လာခဲ့ပြီး လက်ရှိတွင်လည်း အဲဗာတန်အသင်းတွင် အကောင်းဆုံးခြေစွမ်းရရှိနေပြီဖြစ်သည်။

အဲဗာတန်အသင်းသည် တိုက်စစ်မှူး လူကာကူအား ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ခေါ်ယူထားခဲ့သူဖြစ်ပြီး အဲဗာတန်အသင်းက လက်မလွှတ်ချင်လောက်အောင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။ **[နိုင်လင်းကြည်]**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်(တောင်ကြီး)၌ ကျင်းပမည်

**တောင်ကြီး အောက်တိုဘာ ၂**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရွှေဆောင်ဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်အား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၆ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေ ကန့်သတ်ထားသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁ နှင့် ပြိုင်ပွဲကျင်းပမည့်အေးသာယာဂေါက်ကွင်းတို့တွင် အောက်တိုဘာ ၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ အမည်စာရင်းကြိုတင်ပေးသွင်းရမည်ဖြစ်သည်။

အကယ်၍ သတ်မှတ်လူဦးရေထက် ကျော်လွန်ပါက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အားစိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ (ပြင်ဦးလွင် မြို့တွင် ကျင်းပပြီးစီးပြီဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၅) အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲအားယှဉ်ပြိုင်ရန် မလိုပါ။)

ပြိုင်ပွဲဝင်များ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှတောင်ကြီးမြို့သို့ အောက်တိုဘာ ၄ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professionalကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ကာ ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(ဖိုးသော်ဇင်)**

## မြန်မာဂေါက်သီးရိုက်အသင်း ဟောင်ကောင်သို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ဟောင်ကောင် Clearwater Bay Golf Club တွင် ကျင်းပမည့် "Asia-Pacific Amateur Golf Championship2015" တွင်ပါဝင်ယှဉ်ပြိုင်ရန်မြန်မာဂေါက်သီးရိုက်အသင်းသည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ဟောင်ကောင်သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂေါက်သီးရိုက်အသင်းတွင် အားကစားသမားများအဖြစ် မောင်မောင်ဦးနှင့် စည်သူရဲရင့်တို့ လိုက်ပါသွားကြသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ထို့အပြင် Asia-Pacific Golf Confederation အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးလည်း လိုက်ပါသွားကြောင်း သိရသည်။ **(ကြေးမုံ)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အညာချွေမယ့်အသီး

ဆူဒိုနင်

**အသီး**

သည် သုံး-လေးနှစ်အတွင်းမှာ ကြားနေရတဲ့ ရာဇဝတ်မှု သတင်းတွေက အတော်တုန်လှုပ်စရာ ကောင်းလှတယ်။ တချို့တွေ သိပ်လက်ရဲဇက်ရဲနိုင်လာကြသလိုပဲ။ အလားတူပဲ၊ မော်တော်ယာဉ်မတော်တဆမှုတွေဆိုလည်း တကယ့်ကို တုန်လှုပ်စရာတွေ၊ မယုံနိုင်စရာတွေ။ တချို့တွေ သိပ်အရဲကိုးလွန်းနေသလို၊ သာမန်အခြေအနေထက် ပိုပြီးရမ်းကား လွန်းနေသလို။

အဲဒီ့ လက်ရဲဇက်ရဲနိုင်တာတွေ၊ အရဲကိုးတာတွေ၊ ရမ်းကားတာတွေကို ကြားရသိရတိုင်း စိတ်ကြွဆေးတွေနဲ့ ဆက်စပ်ကြည့် နေမိတာလည်း အမှန်ပါပဲ။ အဲဒီစိတ်ကြွဆေးရဲ့ သဘာဝကိုက စိတ်ကို ပုံမှန်ထက်ပိုပြီး ကြွစေတာမျိုး မဟုတ်လား။ စိတ်ကြွရူးသွပ်ဆေးလို့တောင် ခေါ်ကြတာပဲလေ။

ကျွန်တော်တို့ဆီမှာတော့ အင်မ်ဖီတမင်းဆေးပြားလို့ လူသိများပါတယ်။ အရပ်ခေါ်တော့ ယာဘတို့ (ထိုင်းလို ယာက ဆေး၊ ဘက အရူး၊ အရူးဆေးတဲ့။)၊ ရာမတို့၊ မြင်းဆေးတို့၊ WY (ဝမ်ရယ်)တို့လို့လည်း ခေါ်ပါတယ်။ အသီးရယ်လို့လည်း ကြားဖူးပါတယ်။ နောက်ဆုံးပေါ်ကတော့ အစိ (အစေ့)လို့လည်း ခေါ်ကြပြန်ပါတယ်။ အခု ဆောင်းပါးမှာတော့ အသီးလို့ပဲ သုံးသွားပါမယ်။

**ရာဇဝင်ထဲမှာ ဘိန်းကိုထားခဲ့**

အခုခေတ် ကမ္ဘာကြီးမှာတော့ အင်မ်ဖီတမင်းထက် မက်(သ်) (Meth) လို့ အတိုကောက်ခေါ်ကြတဲ့ မက်အင်မ်ဖီတမင်း (Methamphetamine) ဆေးပြားတွေက အုံနဲ့ကျင်းနဲ့ ပျံ့နှံ့နေပါတယ်။ ခေတ်က ဘိန်းခေတ်၊ ဘိန်းဖြူခေတ်မဟုတ်တော့ဘူးလို့တောင် ဆိုရမယ်။ ဘိန်းထုတ်ရတာက လွယ်တာမဟုတ်ဘူး။ ဘိန်းပင် စိုက်ရသေးတယ်။ ပြီးတော့ ဘိန်းဖြစ်အောင် လုပ်ရ၊ အဲဒါကိုမှ ဘိန်းဖြူဖြစ်အောင် ချက်ရ၊ ပြီးတော့ သုံးစွဲမယ့်သူရှိရာ ပို့ဆောင်ရတဲ့ ခရီးကလည်း နီးနီး မဟုတ်ဘူး။ ခရီးဝေးတော့ စရိတ်ကြီးတယ်။ အန္တရာယ်များတယ်။

အသီးကိုကျတော့ သုံးစွဲသူရှိမယ့် ဈေးကွက်နဲ့ မဝေးတဲ့ နေရာမှာတင် အလွယ်တကူ ထုတ်လုပ်နိုင်တယ်။ အဓိက လိုအပ်တဲ့ ဓာတုဗေဒပစ္စည်းတချို့သာ သယ်ယူပို့ဆောင်ဖို့လိုတာပါ။ အထူးသဖြင့် ဆူဒိုအက်ဖီဒရင်းဆိုတဲ့ ဓာတုပစ္စည်း (ဆေးဝါး) တစ်မျိုးကိုပဲ အဲဒီဆေးဝါးထုတ်လုပ်ရာ နိုင်ငံတွေကနေ အသီးထုတ်မယ့် နေရာကို သယ်ဖို့လိုပါတယ်။ အသီးထုတ်ဖို့ လိုအပ်တဲ့ ကျန်ဓာတုပစ္စည်းတွေကိုတော့ ဘယ်နိုင်ငံမှာမဆို လွယ်လွယ်ကူကူ ဝယ်လို့ရပါတယ်။ အဲဒီဓာတုပစ္စည်းတွေကိုလည်း တချို့နိုင်ငံတွေမှာ လုံးဝကန့်သတ် ထိန်းချုပ်မထားသလို ကန့်သတ်ထိန်းချုပ်ထားတယ်ဆိုရင်လည်းပဲ သိပ်ပြင်းပြင်း ထန်ထန် မဟုတ်ပါဘူး။ အဓိကအမယ်ဖြစ်တဲ့ အက်ဖီဒရင်း နဲ့ ဆူဒိုအက်ဖီဒရင်းကိုသာ နိုင်ငံအများစုက ထိန်းထားတာပါ။

အဲတော့ကာ အသီးထုတ်တဲ့ ဓာတ်ခွဲခန်းတွေကိုသာ နိုင်ငံအသီးသီးရှိ မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့တွေက စီးနင်းကြရပါတယ်။ ၂၀၀၈ ခုနှစ်တစ်နှစ်တည်းမှာတင် ကမ္ဘာအနှံ့မှာ အဲလိုအသီးထုတ်လုပ်ရာ ဓာတ်ခွဲခန်းပေါင်း ၈၂၉၅ ခန်းကို ဝင်ရောက်စီးနင်း ဖျက်ဆီးခဲ့ရပါသတဲ့။

အာရှနဲ့ အရှေ့တောင်အာရှကတော့ အသီး ထုတ်လုပ်မှုတင်မက သုံးစွဲမှုမှာပါ ထင်ရှားလှပါတယ်။ ထင်ရှားဆို အသီးထုတ်ဖို့ လိုအပ်တဲ့ ဓာတုပစ္စည်းတွေကို အိန္ဒိယနိုင်ငံက အင်နဲ့အားနဲ့ ထုတ်လုပ်နေတာကိုး။ အိန္ဒိယကနေ ရွှေတြိဂံကို အဲဒီ့ဓာတုပစ္စည်းတွေ သယ်ဖို့က သိပ်မခက်လောက်တာ လူတိုင်း မှန်းဆနိုင်မှာပါ။ အဲဒီ့ကမှ မြန်မာ၊ လာအို၊ ထိုင်းတို့မှာ ထုတ်ကြတော့တာပေါ့။

**တစ်နေ့တခြား တိုးပွားနေတဲ့ အခြေအနေ**

အာရှမှာ ဖမ်းမိတဲ့ အသီး ပမာဏ ကိန်းဂဏန်းများအရ အသီးမှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ထိပ်တန်း နိုင်ငံတွေကတော့ တရုတ်နိုင်ငံ (ဖမ်းမိအသီး စုစုပေါင်းရဲ့ ၂၅ %)၊ ဖိလစ်ပိုင်နိုင်ငံ (၂၄ %)၊ ထိုင်း (၁၆ %)၊ မြန်မာ (၁၄ %) တို့ပါပဲ။ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ် အတွင်းမှာပဲ ထိုင်းနိုင်ငံမှာ အသီးနဲ့ဆက်စပ်တဲ့ ရာဇဝတ်မှုကြောင့် ဖမ်းဆီးခဲ့သူပေါင်းဟာ တစ်သိန်းနှစ်သောင်းအထိ ရှိပြီး လေးနှစ်အတွင်း လေးဆ တိုးလာပါသတဲ့။ ဒါတွေဟာ လွန်ခဲ့တဲ့ ၇ နှစ်၊ ၂၀၀၈ ခုနှစ် ကိန်းဂဏန်းတွေကို အခြေခံထားတာပါ။ အခုဆို ဘယ်လောက်အထိ တိုးပွားလာမယ်ဆိုတာ မတွေးရဲစရာပါ။

အစတုန်းက အသီးထုတ်တာ မြောက်အမေရိကတိုက် (အထူးသဖြင့် မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စု)၊ အာရှနဲ့ အရှေ့တောင်အာရှ (တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း)တို့မှာ ဖြစ်ပေမယ့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အဖွဲ့ရဲ့ နောက်ဆုံးပေါ် လေ့လာချက်အရ ဂွာထီမာလာ၊ အီရန်၊ ခယ်(န်)ယာ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိက နိုင်ငံများကလည်း အသီးဖြန့်ဖြူး ထုတ်လုပ်ရေးမှာ အဓိကကျတဲ့ နိုင်ငံတွေ ဖြစ်လာနေပါပြီ။

**အသီးရဲ့ ရေတို သက်ရောက်မှု**

သာမန်အားဖြင့် အဲဒီစိတ်ကြွဆေးတွေရဲ့ ရေတိုသက်ရောက်မှုက မအိပ်ချင်ဘဲ နိုးကြားနေတတ်တယ်၊ ကာယ လှုပ်ရှားမှု ပြင်းပြင်းထန်ထန် လုပ်ရတာကို မောတယ်၊ ပန်းတယ် မမှတ်ကြတော့ဘူး၊ စားချင်သောက်ချင်စိတ် နည်းသွားပါတယ်။ ဒါ့ကြောင့် အားကစားသမားတွေ၊ လိင်မှုကိစ္စမှာ တက်ကြွလိုသူတွေ၊ ပိန်ချင်သူတွေ သောက်လေ့ရှိတယ်။

တစ်ဆက်တည်းမှာပဲ နှလုံးခုန်နှုန်းလည်း မြန်လာတတ်သလို နှလုံးခုန်မမှန်တာလည်း ဖြစ်လာနိုင်တဲ့အပြင် သွေးလည်းတိုးလာတတ်ပါတယ်။ ဆေးလွန်သွားရင်တော့ ကိုယ်မတရားပူလာတာ၊ တက်တာတွေ၊ အကြောဆွဲတာတွေအထိဖြစ်တတ်ပြီး အမြန်ဆုံး ကုသမှုမခံယူရင် အသက်ဆုံးသည်အထိ ဖြစ်တတ်ပါတယ်။

အာရုံစိုက်လို့ ပိုရနေတတ်တာ၊ ပင်ပန်းနွမ်းနယ်မှု နည်းတာ၊ လုပ်လို့ကိုင်လို့ ကောင်းနေတာ၊ ရွှင်နေ၊ သွက်နေတာတွေဟာလည်း ရေတို အကျိုးဆက်တွေပါပဲ။ ဒါ့အပြင် စိတ်တိုနေ၊ စိတ်ဆတ်နေတာ၊ ပျို့ချင်အန်ချင်တာ၊ အိပ်မပျော်တာ၊ ကယောင်ချောက်ချားဖြစ်တာတွေလည်း ဖြစ်လာတတ်ပါတယ်။

**စွဲလွယ်လွန်းသတဲ့**

ဆယ်ကျော်သက်တွေရဲ့ မိဘတွေ အရမ်းကို သတိထားဖို့ လိုမယ်ထင်ပါတယ်။ အရက်၊ ဆေးလိပ်သောက်ထားရင် အနံ့ရမှာ၊ ဘိန်းတို့၊ ဆေးခြောက်တို့ ရှူထားရင် မူမမှန်ဘဲ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေတာကို မြင်ရမှာမို့ အလွယ်တကူ သိနိုင်မှာပေမယ့် အသီးသုံးစွဲထားရင်တော့ သိနိုင်ခက်ခဲပါတယ်။ အနံ့လည်း မရနိုင်၊ စတင်သုံးစွဲခါစမှာ မသိမသာပြောင်းလာတဲ့ အမူအကျင့်တွေကို သာမန်အားဖြင့် သတိထားမိနိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်သားသမီးက တက်ကြွနေတာ၊ ခါတိုင်းထက် စကားတွေ သိပ်ပြောလာတာ၊ အိပ်ချိန်နည်းလာတာ၊ အစားအသောက်နည်းလာတာ၊ ပိန်လာတာစတာတို့ကို သတိထားမိဖို့ လိုပါလိမ့်မယ်။

မူးယစ်ဆေးပဲဖြစ်ဖြစ်၊ စိတ်ကြွဆေးပဲဖြစ်ဖြစ်၊ အရက်သေစာပဲဖြစ်ဖြစ် သောက်ရင်း သုံးရင်းကနေ အရှိန်ရလာတဲ့အခါ သုံးခါစတုန်းကလို ခံစားချက်မျိုးရဖို့အတွက် သုံးနေတဲ့ပမာဏကို တိုးရပါတော့တယ်။ အဲသလို တိုးရင်းတိုးရင်းကနေ စွဲတဲ့အဆင့်ကို ရောက်လာပါတော့တယ်။ အသီးဟာ ဘိန်းတို့၊ ဆေးခြောက်တို့ထက်တောင် စွဲလွယ်တယ်လို့ အဆိုရှိပါတယ်။

**ရေရှည်ဆိုးကျိုးတွေ**

ရေရှည်မှာတော့ နှလုံးနဲ့ ဦးနှောက်မှာရှိတဲ့ သွေးကြောတွေကို ရာသက်ပန် ပျက်စီးသွားစေနိုင်တယ်၊ နှလုံးဖောက်ပြန်မှု ရုတ်တရက်ဖြစ်တာ၊ လေဖြတ်တာ၊ အသက်ဆုံးတာအထိ ဖြစ်နိုင်ပါတယ်။ အသည်း၊ ကျောက်ကပ်၊ အဆုတ်စတာများလည်း ပျက်စီးနိုင်ပါတယ်။ အာဟာရ ချို့တဲ့တာ၊ ကိုယ်အလေးချိန် မတရားကျဆင်းတာတွေအပြင် သွားတွေ ပြင်းပြင်းထန်ထန် ပျက်စီးစေနိုင်ပါတယ်။ သွားပျက်စီးတယ်ဆိုတာက ခံတွင်းထဲမှာ သွားရည်ခမ်းခြောက်လာတာရယ်၊ အသီးသုံးစွဲပြီးတဲ့အခါ သွားကြိတ်တာရယ်ကြောင့် ရုပ်ပျက်ဆင်းပျက်ကို ပျက်စီးတာပါ။

စိတ်ပိုင်းဆိုင်ရာမှာတော့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ စိတ်ရှုပ်တာ၊ ဘာကိုမှ စဉ်းစားလို့ မရတော့တာ၊ ဘာကိုမှ စိတ်မဝင်စားတော့တာ၊ စိတ်ဓာတ်ကျတာများ ဖြစ်နိုင်ပါတယ်။ အသက်အရွယ်အိုမင်းလွန်းသူတွေမှာ ဖြစ်တဲ့ မှတ်ဉာဏ်ချို့ယွင်းမှုမျိုး၊ လေဖြတ်သူလိုမျိုး၊ ဝက်ရူးပြန်သူလိုမျိုးနဲ့ ဆင်တဲ့ ဦးနှောက်ပျက်စီးမှုအထိ ဖြစ်နိုင်ပါတယ်။

**အချက်ပေးခေါင်းလောင်းတွေ မြည်နေပြီ**

ရှာဖတ်လိုက်မိသမျှထဲက သင့်နိုးရာရာတွေကို ကောက်နုတ်ပြီး ပြန်ပြောပြလိုက်တာပါ။ အဓိကအချက်ကတော့ သည်အသီးပြဿနာဟာ လက်ရှိမှာ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ပြဿနာပါ။ အထူးသဖြင့် အနောက်အာဖရိက နိုင်ငံတွေ၊ အရှေ့ အလယ်ပိုင်းနိုင်ငံတွေကပါ ထုတ်လုပ်ဖြန့်ဖြူး လာတဲ့အခါမှာတော့ ကြောက်စရာအဆင့်ကို ရောက်နေပါပြီ။

နိုင်ဂျီးရီးယားနိုင်ငံက ထိုးဖောက်တာကို မခံရသေးတဲ့ အရှေ့တောင်အာရှနိုင်ငံဆိုလို့ မြန်မာတစ်နိုင်ငံသာ ကျန်တော့ကြောင်း တစ်နေ့က အမှတ်မထင် ကြားလိုက်ရပါတယ်။ နိုင်ဂျီးရီးယန်းတွေဟာ ထိုင်း၊ လာအို၊ ကမ္ဘောဒီယားတို့မှာဆိုရင် အဲဒီ့နိုင်ငံသူ အမျိုးသမီးတွေနဲ့ လက်ထပ်လို့ပဲဖြစ်ဖြစ်၊ လက်မထပ်ဘဲ ပေါင်းသင်းပြီးတော့ပဲ ဖြစ်ဖြစ်၊ သူတို့ဇနီးမယားအဖြစ် သိမ်းပိုက်ကာ အနောက်နိုင်ငံတွေကို သယ်ဆောင် ဖြန့်ဖြူးဖို့ အဲဒီ့အမျိုးသမီးတွေကို အသုံးချနေပါတယ်။ အလားတူပဲ၊ ဥရောပတိုက်က လူဖြူတွေကိုလည်း အာရှနိုင်ငံတွေကို ဖြန့်ဖြူးရာမှာ အသုံးချနေခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဂျာမန်အမျိုးသားတစ်ယောက်၊ ဩစတြီးယားနိုင်ငံသူ (ဥရောပတိုက်က နိုင်ငံ၊ ဩစတြေးလျ မဟုတ်ပါ)တစ်ယောက်တို့ကို အသီး ၂ ကီလိုကနေ ၆ ကီလိုအထိ သယ်ဆောင်လာတာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာ ဖမ်းမိခဲ့ပါတယ်။

သည်အခြေအနေမှာ ကိုယ့်တိုင်းပြည်က လူငယ်တွေ ဒုက္ခရောက်ကုန်၊ လူညွှန့်တုံးမကုန်အောင် အားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြဖို့ အပူတပြင်း လိုနေပါပြီ။

သည်လိုအခြေအနေကြောင့် စာအစမှာ ပြောခဲ့သလို မြင်နေကြားနေရတဲ့ အမှုတွေကတော့ စိုးရိမ်စရာ အချက်ပေး လက္ခဏာတွေလို့ မြင်လာရပါတယ်။ လက်ရဲဇက်ရဲ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ၊ အရဲကိုးလွန်း၊ ရမ်းကားလွန်းရာက ဖြစ်လာတဲ့ ယာဉ်မတော်တဆမှုတွေမှာ အဲဒီ့အမှုတွေကို ကျူးလွန်သူများ စိတ်ကြွရူးသွပ်ဆေးတွေ သုံးထား၊ မထား စစ်ဆေးဖို့ပါ လိုအပ်နေပြီ ဖြစ်တဲ့ အကြောင်းပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

ဆယ်ကျော်သက်တွေရဲ့ မိဘတွေ အရမ်းကို သတိထားဖို့ လိုမယ်ထင်ပါတယ်။ အရက်၊ ဆေးလိပ်သောက်ထားရင် အနံ့ရမှာ၊ ဘိန်းတို့၊ ဆေးခြောက်တို့ ရှူထားရင် မူမမှန်ဘဲ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေတာကို မြင်ရမှာမို့ အလွယ်တကူ သိနိုင်မှာပေမယ့် အသီးသုံးစွဲထားရင်တော့ သိနိုင်ခက်ခဲပါတယ်။ အနံ့လည်း မရနိုင်၊ စတင်သုံးစွဲခါစမှာ မသိမသာပြောင်းလာတဲ့ အမူအကျင့်တွေကို သာမန်အားဖြင့် သတိထားမိနိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်သားသမီးက တက်ကြွနေတာ၊ ခါတိုင်းထက် စကားတွေ သိပ်ပြောလာတာ၊ အိပ်ချိန်နည်းလာတာ၊ အစားအသောက်နည်းလာတာ၊ ပိန်လာတာစတာတို့ကို သတိထားမိဖို့ လိုပါလိမ့်မယ်။

**ရည်ညွှန်း စာစု စာရင်း**

http://www.narconon.org/drug-information/methamphetamine-labs.html

http://www.drugabuse.gov/publications/research-reports/methamphetamine/

http://www.drugfreeworld.org/drugfacts/crystalmeth/the-deadly-effects-of-meth.html

http://fas.org/irp/agency/doj/dea/product/meth/production.htm

https://www.unodc.org/unodc/en/frontpage/2014/September/new-trends-and-regional-differences-in-the-manufacturing-of-methamphetamine.html

https://www.facebook.com/smy.aungaye/posts/ 10203678912052135



# ပုပ္ပားတောင်ကလပ်၌ (၆၃) ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲ ကျင်းပပြီးစီး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်တွင် ကျင်းပလျက်ရှိသည့် (၆၃) ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲကြီးကို စက်တင်ဘာ ၃၀ ရက် (တော်သလင်းလပြည့်ကျော် ၂ ရက်) ညနေ ၄နာရီ ၁၅မိနစ်တွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ယုံကြည်သက်ဝင်သူ ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲအထိမ်းအမှတ်အဖြစ် ပုပ္ပားတောင်ကလပ်ဂေါပကအဖွဲ့မှ ဦးစီးနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် တော်သလင်းလပြည့်နေ့ နံနက် ၆ နာရီတွင် ခနသိဒ္ဓိနန်းနှင့် တပင်ရွှေထီးနန်းတို့တွင် ပင့် သံဃာ ၁၁ ပါးတို့အား ဆွမ်းဆက်ကပ်ခြင်းနှင့် မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာ ၆၃ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် လပြည့်ကျော် ၁ ရက်နှင့် လပြည့်ကျော် ၂ ရက်နေ့တွင်လည်း သံဃာတော်များအား ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲနေ့ မတိုင်မီ တော်သလင်းလပြည့်ကျော် ၁ ရက်(စက်တင်ဘာ-၂၉ရက်) မှ စတင်၍ တောင်ကလပ် တောင်ပတ်ဝန်းကျင် ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များတွင် ပရိသတ်များအစုအဖွဲ့အလိုက် ရောက်ရှိလာကြသည်။

လပြည့်ကျော် ၂ ရက်တွင် တောင်ကလပ် တောင်တော်သို့လာရာလမ်းများဖြစ်သည့် ပုပ္ပားလမ်း၊ အောက်လမ်းဟုခေါ်သည့် ညောင်ပင်ဆိပ်လမ်းများတွင် မော်တော်ယာဉ်များ၊ ထောက်လာဂျီများ၊ အနီးဝန်းကျင်မှ ခြေလျင်လာရောက်ကြသူများဖြင့် လမ်းလုံးပြည့်မျှဖြစ်ခါ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"အမှန်က ဒီနှစ်တကယ်ကြီးမစည်ပါဘူးဗျာ။ မနှစ်ကလောက်ကြိတ်ကြိတ်တိုး၊ သွားလာမရလောက်အောင် မဖြစ်ပါဘူး။ လမ်းတွေ ပိတ်တယ်ပိတ်တယ်ဆိုတာကလည်း လမ်းကျဉ်းကျဉ်းမှာ အိမ်စီးကားလေးတွေက ရသလိုဇွတ်တိုး ဝင်ရင်းဝင်ရင်းနဲ့ မရတဲနေရာကျတော့ ကန့်လန့်ခံနေရော အဲဒီတော့ နောက်ကကားတွေ၊ ဆိုင်ကယ်တွေပါသွားလို့လာလို့ ခက်ကုန်ရော။ အဲလိုဖြစ်တာပါ။ ဒါတောင်မှ ဒီနှစ်ကမော်တော်ပီကယ်တွေနဲ့ ရဲတွေတော်တော်များများ နေရာယူပြီး ရှင်းပေးနေတာ" ဟု ကျောက်ပန်းတောင်းနှင့် တောင်ကလာပ်သို့ ခေါက်တိုဆွဲနေသည့် ယာဉ်ပိုင်ရှင်ဦးထွန်းကျော်က ပြောသည်။

ယခုနှစ်ကျင်းပသည့် (၆၃)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲအောင်ပွဲကြီးတွင် ပုပ္ပားတောင်ကလပ်၌ ရေသွယ်ယူရေးလုပ်ငန်း ပြီးစီးနေပြီဖြစ်သဖြင့် မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသည့် ယုံကြည်ကိုးကွယ်သူများနှင့် ဘုရားဖူးပြည်သူများ သောက်သုံးရေခက်ခဲပြတ်လပ်မှုမရှိဘဲ လုံလောက်စွာ သုံးစွဲနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးအခက်အခဲများမဖြစ်ပေါ်စေရန်အတွက် သန့်စင်ခန်း၊ ရေအိမ်များမှအစ ရေလုံလောက်စွာရရှိအောင် စီစဉ်ဆောင်ရွက်ပေးထားသည်။

လုံခြုံရေးကိစ္စအတွက်လည်း လုံခြုံရေး (CCTV)ကင်မရာ ၁၂ နေရာတပ်ဆင်၍ အချိန်ပြည့်ဝန်ထမ်းများဖြင့် စောင့်ကြပ်ကြည့်ရှုခဲ့ကြောင်းကိုလည်း ဂေါပကအဖွဲ့ဝင် ဦးလှဆင့်က ပြောသည်။

ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲကြီး မတိုင်မီတစ်ပတ်ခန့်မှစတင်၍ ဘိုးတော်အား ယုံကြည်သက်ဝင်သူဉပသကာများဖြင့် လှုပ်ရှားသက်ဝင်ခဲ့သော ပုပ္ပားတောင်ကလပ်တွင် ယခုနှစ်(၆၃)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲ၊ အောင်ပွဲကြီးကို စက်တင်ဘာ ၃၀ ရက် (တော်သလင်းလပြည့်ကျော် ၂ရက်၊ ညနေတွင် အောင်စည်အောင်မောင်းများတီးခတ်ခြင်း၊ ရှမ်းအိုးစည်များ တီးခတ်ကခုန်ခြင်းနှင့်အတူ ကျင်းပပွဲကျင်းပပြီးစီးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ လှိုင်ကော်မြို့တွင် ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂**

သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လှိုင်ကော်မြို့ ဆောင်းရိပ်မွန်ခန်းမ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်တို့ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းမှာ သန်းခေါင်စာရင်းအချက်အလက်များနှင့် သတင်းအချက်အလက်များအား နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဆင့်ရှိ အချက်အလက်အသုံးပြုသူများ လွယ်ကူစွာရယူနိုင်စေရန် နိုင်ငံတော်အတွက် ဆောင်ရွက်နေသောစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မူဝါဒများ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံခြင်းတို့ ဆောင်ရွက်ရာ၌ သန်းခေါင်စာရင်း အချက်အလက်များ အသုံးပြုမှုတိုးမြင့်လာစေရန်၊ အချက်အလက်အသုံးပြုသူများ မီဒီယာများနှင့် ပြည်သူများအကြား သန်းခေါင်စာရင်းဆိုင်ရာ သတင်းအချက်အလက်များကို အကျိုးရှိစွာနှင့် အဓိပ္ပာယ်ပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် သန်းခေါင်စာရင်း အချက်အလက်များဆိုင်ရာ အသိပညာပေးနှင့် ဗဟုသုတများ မြင့်မားလာစေရန်အတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဆွေးနွေးပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လှိုင်ကော်ခရိုင်မှူး ဦးခင်တိုး၊ ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးခူးဘူးရယ်တို့က သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းကို ဆွေးနွေးပို့ချခဲ့ကြသည်။

**လှိုင်ကော်ခရိုင်ပြန်/ဆက်**

# မြနန်းစံကျော်ရွှေနန်းတော်တွင်း သကြၤန်သင်္ကေတ ကန်ငယ်အုတ်တိုက်ကိုလေ့လာနိုင်

**à တိမ်တမန်**

မန္တလေးမြို့သည် လေ့လာစရာသမိုင်းဝင်နေရာများစွာရှိသော မြန်မာမင်းတို့၏နောက်ဆုံးမင်းနေပြည်ပင်ဖြစ်သည်။သမိုင်းဝင်မြနန်းစံကျော် ရွှေနန်းတော်အတွင်း၌ရှိသော အဆောင်ဆောင်အခန်းခန်းတို့၏ လုပ်ငန်းဆောင်တာများမှာ စိတ်ဝင်စားဖွယ်ရာဖြစ်ပြီး စနစ်တကျလုပ်ဆောင်မှုကို သက်သေပြလျက်ရှိသည်။ ထိုအထဲတွင် မြန်မာ့ရိုးရာ သကြၤန်ပွဲသင်္ကေတ အဆောင်တစ်ခုလည်းရှိသည်။ ထိုအဆောင်မှာ လှပသောကန်ငယ်အုတ်တိုက်အဆောင်ပင်ဖြစ်သည်။

ခေတ်ဆန်စွာ တည်ဆောက်ထားသော ကန်ငယ်အုတ်တိုက်မှာ နှစ်ဆောင်တွဲအဖြူရောင်အုတ်တိုက်လေးဖြစ်ပြီး အုတ်အင်္ဂတေပန်းလက်ရာများဖြင့် တည်ဆောက်ထားသည်။ အဆောင်အလယ်တွင် လူတစ်ရပ်ခန့်နက်သောကန်ငယ်တစ်ခုရှိပြီး ရေပန်းလည်းပါရှိသည်။ နောက်ဆောင်အဝင်ပေါက်ထိပ်တွင် စက်ဝိုင်းခြမ်းများအတွင်း မှန်ရောင်စုံကလေးများဖြင့် စီခြယ်အလှဆင်ထားသည်။ အဆောင်ထိပ်အမိုးပေါ်တွင် ရေထည့်ရန်ရေကန်ငယ်တစ်ခုပါရှိပြီး အဆောင်၏ မြောက်ဘက်အစွန်းမှ သစ်သားလှေကားဖြင့် တက်ကာကန်ငယ်အတွင်းရေဖြည့်နိုင်အောင်စီမံထားသည်။

ရေကန်ငယ်အတွင်းမှသဘာဝရေဖိအားနှင့် ရေပန်းတို့ကို ဖြစ်ပေါ်စေအောင်ဖန်တီးထားသည်။ အတွင်းနံရံ ပိုင်းတွင်မူစုတ်ချက်အရောင်များဖြင့် စပျစ်သီး၊ စပျစ်ရွက်၊သပျစ်နွယ်များပုံပန်းချီများ ရေးဆွဲထားသည်။ အမိုးမရှိသော အဆောင်ဖြစ်သလိုသံပန်းဝရံတာများ ကာရံထားသည်။ လှပသောကန်ငယ်အုတ်တိုက်မှာ အရှေ့အနောက် အလျား ၆၂ ပေ၊ တောင်မြောက် အနံ ၄၇ပေ၊ အမြင့် ၂၇ ပေ ၆ လက်မ ရှိသည်။

ရှေးခေတ်မြန်မာ့ရိုးရာ သကြၤန်ပွဲရောက်သည့်အခါ မောင်းမမိသံ၊ ခြွေရံတော်များ ရေပက်ကစားသည့်နေရာ မြန်မာ့ရိုးရာသကြၤန်သင်္ကေတအုတ်တိုက်ပင်ဖြစ်သည်။

သားတော်မင်းတရား လက်ထက်ကဆောက်လုပ်ခဲ့သော ကန်ငယ်အုတ်ပင်ဖြစ်သည်။ မောင်းမမိသံ၊ ခြွေရံတော်များ ပျော်ရွှင်စွာ ရေပတ်ကစားသည်ကို မင်းမိဖုရားတို့က ပျော်ရွှင်စွာ ကြည့်ရှုသည့်အပျော်သင်္ကေတအဆောင်ကလေးအဖြစ် တည်ရှိနေသည်ကို ယခုတိုင် လေ့လာနိုင်ကြောင်း သိရသည်။

## ခေတ်ဆန်စွာတည်ဆောက်ထားသော ကန်ငယ်. . . . . .



# အပေါ့စားမီးသတ်စက်များ လွှဲပြောင်းပေးအပ်

**ကန့်ဘလူ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းဒေကြီးအစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျော့ချရေး အစီအစဉ်ဖြင့်လည်းကောင်း၊ မီးဘေးအန္တရာယ်လျော့ကျနိုင်ရေး အတွက်လည်းကောင်း ကန့်ဘလူမြို့နယ်ကျေးရွာအုပ်စုများသို့ အပေါ့စား မီးသတ်စက်များ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာတစ်ရွာလျှင်ကျပ် ၁၈ သိန်းတန်ဖိုးရှိ အပေါ့စားမီးသတ်စက် BJ-7G^9HP-2house model အမျိုးအစားဖြစ်ပြီး အတူပါပစ္စည်း ခုနစ်မျိုး(အုတ်စုံ)ကို တောက္ကရှပ်၊ မြေမွန်နှင့် ဇီးကနား ကျေးရွာအုပ်စုကြီးများအား တစ်လုံးစီ ထောက်ပံ့ပေးအပ်ခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တာချီလိတ်ခရိုင်တွင် နှစ်(၅၁)ကြိမ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**တာချီလိတ် အောက်တိုဘာ ၂**

နှစ်(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ရဲ တပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည် အရပ် ဘက်ဆိုင်ရာပုဂ္ဂိုလ်ခြောက်ဦး၊ မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့များနှင့်ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်ခြောက်ဦးအားလည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး အဆောက်အအုံဆောက်လုပ်မှုတွင် ဆောင်ရွက်ခဲ့သည့် ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်နှစ်ဦးတို့အားလည်းကောင်း၊ မိုင်းယောင် ရေဘေးအန္တရာယ်ကူညီပါဝင်ဆောင်ရွက်ခဲ့သည့် မိုင်းယောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း၊ ရဲတပ်ဖွဲ့အား စွမ်းစွမ်းတမံပူးပေါင်းကူညီသည့် အရပ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်နှစ်ဦးတို့အားလည်းကောင်း၊ အမှုထမ်းကောင်းလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသော ဒုရဲအုပ်ခြောက်ဦးတို့အား ရဲအုပ်အဆင့်တံဆိပ် တပ်ဆင်ချီးမြှင့်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဇနီးကနေအိမ်လိုင်းခန်းသန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေးတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရ တပ်ဖွဲ့ဝင်များ၏ မိသားစုသုံးဦးအား ဆုများအသီးသီးပးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်းသိရ သည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ကြို့ပင်သာကျေးရွာအုပ်စုတွင်လျှပ်စစ်မီးလင်းပြီ

**နတ်တလင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကြို့ပင်သာကျေးရွာအုပ်စုတွင် လူနေမှုအဆင့်မြင့်ရန်ဒေသနေပြည်သူများစုပေါင်း၍ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းကြောင့် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းမှစပြီး လျှပ်စစ်မီးများလင်းနေပြီဖြစ်ကြောင်း ကျေးရွာမီးလင်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်က "ကျေးရွာအတွင်း ဆက်သွယ်ယူရတာကတော့ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဆောင်ရွက်တာပါ။

နတ်တလင်းမြို့မှ ဒမငယ်ကျေးရွာအထိ ပင်မဓာတ်တိုင်တွေနဲ့ 11KV ကြိုး သွယ်တန်းရာမှာ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၏ လမ်းညွှန်ဆောင်ရွက်မှုဖြင့် လျှပ်စစ်ဌာန၊ ဒေသနေပြည်သူများ ဝိုင်းဝန်းလုပ်ဆောင်တာဖြစ်တယ်။ ရွာထိပ်ဓာတ်တိုင်ကနေပြီး ရွာအတွင်း ဆက်သွယ်ယူတာက 11KV ကြိုးပေ ၁၅၀၀၊ ထရန်စဖော်မာ 200KVA တစ်လုံး၊ ဓာတ်တိုင်များကို ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ စုပေါင်းပြီး ကျပ်သိန်း ၄၀၀ အကုန်အကျခံကာလုပ်ရတာပါ။ အိမ်တွင်းမီးတာတပ်ဆင်ပြီး ၉၅ အိမ်မီးလင်းနေပြီ။ လျှပ်စစ်မီးရှိတော့ ပွင့်လင်းရာသီမှာ မီးဘေးအန္တရာယ် ကင်းဝေးသလို ဒုစရိုက်မှုလည်း နည်းပါးသွားလိမ့်မယ်" ဟု ပြောပြသည်။

မြို့နယ်လျှပ်စစ်မှူး ဦးထွန်းထွန်းဦးနှင့်အဖွဲ့တို့သည် ကျေးလက်ဒေသနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးပိုစတာများကပ်ထားပေးခြင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(၀၇၁)

# ငါန်းဇွန်မြို့နယ်၊ သောင်ပြင်ကျေးရွာတွင် မူလကျေးရွာမြေငှားဂရန်များထုတ်ပေး

**ငါန်းဇွန် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် သောင်ပြင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် မူလကျေးရွာ မြေငှားဂရန်များထုတ်ပေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အကျိုးကျေးဇူးများရရှိလာမည့်အကြောင်းများကို ပြောကြားခဲ့သည်။

ယင်းနောက် ငါန်းဇွန်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က မြေငှားဂရန်များရရှိအောင် ဆောင်ရွက်ခဲ့ပုံအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် သောင်ပြင်ကျေးရွာ၏ မူလကျေးရွာမြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်မြင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကျေးရွာပြည်သူများသို့ ပေးအပ်ခဲ့ကြသည်။

ငါန်းဇွန်မြို့နယ် သောင်ပြင်ကျေးရွာမူလကျေးရွာမြေငှားဂရန်ရရှိသူမှာ ၉၀ ဖြစ်ပြီး တိုးချဲ့မြေများအတွက် မြေငှားဂရန်ရရှိအောင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၂**

ဘားအံမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးမိုးကျော်သူညွှန့်နှင့် ဝန်ထမ်းများသည် စက်တင်ဘာလနောက်ဆုံးပတ်အတွင်း မိုးပွင့်အထူး(၂) စီမံချက်အရ NRC ဖြင့်ပူးပေါင်းပြီး ဘားအံမြို့နယ် ကော့မူးတာကျေးရွာအုပ်စုမှ အသက် ၁၈ နှစ်ပြည့် တိုင်းရင်းသားပြည်သူ ၉၇ ဦးအား ကော့ဝါးဆူးကျေးရွာဘုန်းကြီးကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ခရားအတွင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦးနှင့် ရွာသူ၊ ရွာသား ၄၀ စုစုပေါင်း ၁၇၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ခရားအတွင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်သောစေးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်းနှင့် ထိုအခမ်းအနားသို့ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဌာနမှူး ညွှန်ကြားရေးမှူးဦးဝင်းဇော်အောင် တက်ရောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

မိုးပွင့်အထူး(၂)စီမံချက်အရ ဘားအံမြို့နယ်အတွင်းရှိ ကော့စိန်ဘန်အောက်ကျေးရွာ၊ သံလှယ်ကျေးရွာ၊ ဝင်းကြံကျေးရွာတို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၀၀ ကျော် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ပျက်စီးလယ်မြေများအတွင်း အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန် ရေမျှောသစ်တုံးများရှင်းလင်း

**ကလေး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက်က ကလေးမြို့နယ် ဇင်းကလင်းကျေးရွာနှင့် ပေါက်ခုံကျေးရွာအကြားရှိ လယ်မြေများအတွင်း လွန်ခဲ့သောဇူလိုင်လနှင့် ဩဂုတ်လက ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် မျှောပါတင်ကျန်ခဲ့သည့် သစ်တုံး၊ သစ်ပင်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းအား သွားရောက်၍ ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါပျက်စီးသွားသည့် လယ်မြေများအတွင်း အစားထိုးသီးနှံအဖြစ် ဆောင်းသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ယင်းလယ်မြေများအတွင်းရှိ သစ်တုံးများကို ကလေးတပ်နယ် နယ်မြေခံတပ်မတော်သားများ အပါအဝင် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)





# ဆင်းရွှေသွယ်(၃)လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်

**တပ်ကုန်း အောက်တိုဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် ဆင်းရွှေသွယ် ၃ လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ရာတွင် အလျားပေ ၁၉၅၀၊ အကျယ် ၁၂ ပေ၊ လမ်းပခုံးတစ်ဖက် ၃ ပေ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည့်ပြင် ရေစီးရေလာကောင်းမွန်စေရေးအတွက် အလျား ၂၄ ပေ၊ အနံ ၅ ပေ box culvert တစ်စင်း၊ အရှည် ၁၈ ပေ၊ အချင်း ၁ ဒသမ ၅ ပေ pipe culvert သုံးစင်းနှင့် မြေသားမြောင်းပေ ၃၉၀၀ တို့ကိုလည်း တစ်ပါတည်းဆောင်ရွက်မှုလုပ်ငန်းများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးလွင်မောင်မောင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆရာစံရပ်ကွက် ဆင်းရွှေသွယ်(၃)လမ်းသည် ယခင်မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါသွားလာရာတွင် ညီညာမှုမရှိခြင်း၊ လမ်းချော်ခြင်းများ ကြုံတွေ့နေရကာ ယခုမြေသားလမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးမှုကြောင့် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော် ၁၅၀ ပါးကျော်နှင့် အဆင့်မြှင့်ပေးသည့် ကတ္တရာလမ်းဘေးနေပြည်သူများ သွားလာရေးပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း လမ်းဘေးအနီးအိမ်မှ ပြည်သူတစ်ဦးက ပြောပြသည်။

တင်စိုးလွင်

# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးတောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်

**နတ်မောက် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ စံပြကွက်၊ စမ်းသပ်ကွက်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အကျိုးဆောင်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် သွင်းအားစုများကူညီပံ့ပိုးဖြည့်ဆည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်အတူ တိုင်းဒေသကြီးအဆင့် မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးတာဝန်ခံသုံးဦး၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်မြေအသုံးချရေး၊ သီးနှံကာကွယ်၊ မျိုးစေ့တာဝန်ခံသုံးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်ငါးဦးနှင့် ဒေသခံတောင်သူ ၃၆ ဦးတို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင်မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဌာန ဦးစီးမှူးမှ ဒေသ၏ ရေမြေသဘာဝအရ ဆောင်ရွက်သင့်သည့်သီးနှံစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းစဉ်များအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ၏ ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးလုပ်ငန်းစဉ်များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးမှ အကျိုးဆောင်တောင်သူဦးကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စု နယ်မြေအလိုက်တောင်သူများမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနည်းပညာများ ဆွေးနွေးမေးမြန်းကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးတောင်သူ ၃၃ ဦးအား စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ကွန်ပေါင်းမြေဩဇာ ၃၃ အိတ်၊ ဂျစ်ပဆန်မြေဩဇာ ၃၃ အိတ်၊ အားဖြည့်ဇီဝစုပါ ၁၆၅ ဘူး၊ နေပီယာမြက်မျိုးကိုင်း ၄၅၀ နှင့် နေကြာမျိုးသန့်မျိုးစေ့ ၁၅ ဧကစာတို့အား အခမဲ့ ဖြန့်ဖြူးပေးခဲ့သည်။

လှဝင်း(ပြန်/ဆက်)

# ခရမ်းမြို့တွင် မီးလောင်ခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများအား ငွေကြေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၂**


ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် စက်တင်ဘာ ၂၉ ရက်နေ့ညက မီးလောင်ခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲက ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ခရမ်းမြို့ အမှတ် (၅)ရပ်ကွက်ရှိ ကျောင်းသစ်ကျောင်းတိုက်ကြီး၏ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခန်းအနားသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ကေသီခိုင်၊ ခရမ်းမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန် ၁၇ အိတ်၊ ပစ္စည်းမျိုးစုံပါ ကစ်ပုံး ၁၇ ပုံးအား ခရိုင်အုပ်ချုပ်ရေးမှူးမှလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြန်လည်နေရာချထားရေး ရန်ကုန်တိုင်းဦးစီးဌာနမှူးရုံးမှ လှူဒါန်းသည့်ပစ္စည်းကိုးမျိုးပါ စက္ကူပုံး ၁၇ ပုံး၊ Care Myanmar Family Kits မှ လှူဒါန်းသည့် ပစ္စည်းစုံပါအိတ် ၁၇ အိတ်၊ တောင်ပိုင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလှူဒါန်းသည့် ငွေသားကျပ်ရှစ်သိန်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှလှူဒါန်းငွေတစ်သိန်း၊ ပညာအားမာန်သူငယ်ချင်းများအဖွဲ့မှ လှူဒါန်းသည့်တန်ဖိုးငွေကျပ် ၃၂၆၀၀ တန်ဖိုးရှိ (စောင်၊ ချဉ်ထောင်၊ ခေါင်းအုံး) ပါအိတ် ၁၇ အိတ်တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ မီးဘေးသင့်သူများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးမှလက်ခံ၍ မီးဘေးသင့်ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှုတွင် ငွေသားကိုးသိန်းကျပ်၊ ပစ္စည်းတန်ဖိုးကျပ် ၂၆၆၂၇၂ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၆၂၇၂၂ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သင်တန်းတွင် အေးဝင်းကိုရော၊ မွန့်ကိုရော မတွေ့။ ဓာတုဗေဒသင်တန်းအပြီး ကြား၌ အချိန်အားနေသောကြောင့် သက်ခိုင်လည်း မလေးနွယ်ကို ရှာရန်ထွက်ခဲ့၏။

မလေးနွယ် တက်လေ့ရှိသော အခန်းများအားလုံးနှံ့အောင်ရှာသော်လည်း မလေးနွယ်ကို မတွေ့၊ မလေးနွယ်ကိုသာမက ဒိုရာသင်းနှင့် မလှသူ တို့ကိုပါ မတွေ့။

ညနေပိုင်း၌ မြန်မာစာသင်တန်းကို နောက်ဆုံး တက်ခဲ့ပြီး သက်ခိုင်သည် ကျောင်းဆောင်သို့ ပြန်လာခဲ့၏။

အေးဝင်းက သူ့အခန်း၌ ပြန်ရောက်နှင့်နေပြီ။ ရောက်နှင့်နေရုံမက ရေချိုးရန် ပြန်ဆင်နေ၏။

"မင်း. . မွန်နဲ့ တွေ့ခဲ့လား အေးဝင်း"

"အေး. . တွေ့တယ်၊ မွန်က ဒီညနေ မြို့ထဲက ယုတို့အိမ်ကို ပြောင်းနေတော့မယ်လို့တဲ့"

"ဘာပြုလို့ ပြောင်းနေမှာလဲ"

"ကျောင်းကြီးကသာ မပိတ်သေးတာ၊ နယ်ပြန်တဲ့ ကျောင်းသူတွေက ပြန်ကုန်ပြီ၊ နယ်မပြန်ဘဲ မြို့ထဲ အသိရှိတဲ့လူတွေကလည်း မြို့ထဲပြောင်းနေကုန်ပြီး၊ သက်ခိုင်ရေ. . ညနေ ငါနဲ့ အင်းလျားကို လိုက်ခဲ့ပါလား၊ မွန့်ကို နှုတ်ဆက်ရအောင်"

သက်ခိုင်မှာလည်း မွန်နှင့် ခင်မင်ခဲ့ပြီ ဖြစ်သောကြောင့်-

"အေး. . . လိုက်ပါ့မယ်"ဟု ကတိပေးသည်။

"ဒါဖြင့် သွား. . . မြန်မြန်ရေချိုးကွာ"

အေးဝင်းရင်ထဲ ဇောပိုနေမည်ကို ကိုယ်ချင်းစာ နားလည်မိသောကြောင့် သက်ခိုင်သည် သူတိုက်တွန်းသည့် အတိုင်း လိုက်နာ၏။

အေးဝင်းနှင့်သက်ခိုင်တို့ အင်းလျားကျောင်းဆောင်သို့ ရောက်သောအခါ ကျောင်းသူများနှင့် ပစ္စည်းများကို သယ်ဆောင်၍ ကားများ တစ်စီးပြီးတစ်စီး ထွက်ခွာလျက် ရှိနေ၏။

ကျောင်းဆောင်ဝင်းအတွင်း၌ မမျှော်လင့်တဲ့ မလေးနွယ်၏ ငွေကားဖြူကို သွားတွေ့၏။

အေးဝင်းက ကျောင်းဆောင်တွင်းသို့ ဝင်သွားသည်။ သက်ခိုင်က ကားဆီသို့ လျှောက်သွား၏။ ကားရှေ့ခန်း၌ ထုံးစံအတိုင်း အေးဆေးစွာ ထိုင်နေသော ဦးချစ်တိုးကို တွေ့ရ၏။

"ဦးလေးကိုချစ်တိုး. . ဒီ ဘာလာလုပ်တာလဲ"

"သြော်. . . သက်ခိုင်ပါလား၊ မင်းကော ဒီ ဘာလာလုပ်တာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ လိုက်လာတာပါ၊ ကျွန်တော် မေးတာလည်း ဖြေဦးလေ၊ အခု ဘာလာလုပ်တာလဲ၊ မမနွယ်ကော. . ."

"ထုံစံအတိုင်း ဒိုရာသင်းတို့ကို လာခေါ်တာပေါ့၊ သြော်. . . ဒါထက် ငါ မင်းကို ပြောစရာတစ်ခု ရှိတယ်"

ဦးချစ်တိုး၏ မျက်နှာမှာ အထူးတည်ငြိမ်နေ၏။ အသံကလည်း လေးနက်နေသည်။

သက်ခိုင်က ဦးချစ်တိုးကို မျက်မှောင်ကြုတ်ကြည့်၏။ ဦးချစ်တိုး၏ စေတနာကို သူ ကောင်းကောင်းသိသည်။ အပြီးသတ်ကျလျှင် ဦးချစ်တိုးတို့လိုလားသည့်အတိုင်း မိမိပြုလေမည်ကို မိမိသာ အသိဆုံးဖြစ်၏။ သို့ရာတွင် ဦးချစ်တိုးသည် အစိုးရိမ်ကြီးလွန်းသည်။ မိမိအား မကြာခဏ သတိပေးလိုသည်။ ဤသည်ကို သက်ခိုင် မကျေနပ်လှ။ ထို့ကြောင့်လည်း သက်ခိုင်သည် ဦးချစ်တိုးကို မျက်မှောင်ကြုတ်ကြည့်မိခြင်း ဖြစ်၏။ ဤသည်ကို ဦးချစ်တိုးကလည်း ရိပ်မိ၏။

"ကွာ. . . မင်းက ငါ့ကို မကျေမနပ်နဲ့မျက်မှောင်ကြုတ်ကြည့်နေပြန်ပါပြီ၊ အဲဒီလိုတော့ မကြည့်နဲ့ မောင်၊ မပြောစေချင်ရင် ဘာမှမပြောဘူး"

သက်ခိုင်သည် ရုတ်တရက် ရယ်ချလိုက်၏။

"သြော်. . . ဦးလေးချစ်တိုးကလည်း အကြောင်းမဲ့ စိတ်တိုနေပြန်ပြီ၊ ဘာပြောစရာရှိလဲ၊ ပြောမှာသာ ပြောစမ်းပါ"

"အေး . . ပြောရ မပြောရကလည်း စဉ်းစားရသေးသကွ၊ မင်းက ဇွတ်လုပ်တတ်မှန်း . . . အရွဲ့တိုက်တတ်မှန်း သိတော့ ကြောက်ရသေးတယ်၊ ငါပြောမှာ မင်းရွတ်ရင် ခက်ရချေရဲ့၊ ပြီးတော့ ငါပြောတာကို မမလေးနွယ်ကလည်း ကြိုက်ချင်မှ ကြိုက်မှာ"

သက်ခိုင်က မျက်မှောင်တည်လိုက်ပြီး ခိုင်မာစွာ ဆို၏။

"ပြောသင့်တာ ထင်ရင် ပြောပါ၊ ကျွန်တော် နားထောင်ပါ့မယ်"

ဦးချစ်တိုးသည် စဉ်းစားသယောင် ခေတ္တငြိမ်နေပြီးနောက် တစ်လုံးချင်း ပြော၏။

"ထဘီစကြီး အိမ်ရောက်နေပြီ သက်ခိုင်"

သက်ခိုင်၏ ကိုယ်သည် မတ်သွား၏။ နှုတ်မှလည်း "သြော်."

ဟု တစ်လုံးတည်း မြည်နိုင်၏။

ဟော(လ်)တွင်းမှ မလေးနွယ်သည် ဒိုရာသင်း၊ မလှသူ တို့နှင့်အတူ ထွက်လာ၏။ သက်ခိုင်ကို မြင်သော် ဝမ်းသာအားရ လှမ်းခေါ်သည်။

"အတော်ပဲ. . မောင်ရေ. . . လာပါဦး၊ မမနွယ်တို့ကို လာကူပါဦး၊ ဦးလေးချစ်တိုးလည်း လာခဲ့ပါ"

ဦးလေးချစ်နှင့် သက်ခိုင်သည် မလေးနွယ်တို့ထံ သွားပြီး လေးပင်သော ပစ္စည်းများကို ကူသယ်၍ ကားတွင်း၌ နေရာချပေးကြ၏။

အားလုံးပြီးသောအခါ မလေးနွယ်က-

"လာ မောင်. . ခဏ" ဟု ခေါ်သဖြင့် သက်ခိုင် လိုက်ခဲ့ရ၏။

တရုတ်စံကားပင်တစ်ပင်အောက်၌ အတူရပ်လိုက်ကြသည်။

ကျောင်းဆောင်ဝင်အတွင်း အခြားတစ်နေရာ၌ ယု၏ ဂူစလေကားနက်ကြီး ရပ်ထား၏။ ကားနှင့် မလှမ်းမကမ်းတွင် အေးဝင်းနှင့် မွန်တို့ နှစ်ဦးချင်း စကားပြောနေကြသည်။ အေးဝင်း၏ ခေါင်းက ငိုက်စိုက်ကျလျက်ရှိသည်။ မွန်ကသာ တိုးတိုးညင်ညင်နှင့် ဘာတွေမှာကြားပြောဆိုနေလေသည်မှန်းမသိ။

တရုတ်စကားပင်အောက်တွင်မူ မလေးနွယ်သည် တောက်ပစွာ ပြုံးလိုက်၏။

"တစ်ချီတည်း မိတာပဲ၊ မမနွယ်ကို မှန်မှန်ပြောစမ်း၊ မောင် ဘယ်သူ့လာနှုတ်ဆက်တာလဲ"

မလေးနွယ်က ရွှန်းနောက်နောက် ပြောသော်လည်း သက်ခိုင်က တည်တည်ညိမ်ညိမ်ကြီး ဖြေ၏။

"အဲဒီလို မောင် နှုတ်ဆက်ရမယ့် လူတစ်ယောက် မောင့်မှာ ရှိချင်လိုတာ မမနွယ်"

"ဟွန်း . . ပိုလိုက်တာ၊ ဒါဖြင့် မောင့်မိုးနတ်ဒေဝီကို ဘယ်သွားထားမလဲ"

"မောင်မိုးနတ်ဒေဝီကို မောင် ဘယ်တော့မှ နှုတ်မဆက်ဘူး၊ နှုတ်ဆက်တယ်ဆိုတာဟာ ကွဲကွာရခြင်းကို အသိအမှတ်ပြုတာပဲ၊ မိုးနတ်ဒေဝီနဲ့ မောင်ဘယ်တော့မှ နှုတ်မဆက်ဘူး မမနွယ်၊ အနည်းဆုံး နှုတ်မဆက်ချင်ဘူး"

မလေးနွယ်က တမင်သက်ပြင်းကြီး ရှိုက်ပြ၏။

"တကတဲ. . . မမနွယ်က ရယ်စရာ ပြောတာကို မောင်က တည်တည်လေးလေးကြီး လုပ်နေပြန်ပါပြီ၊ မောင့်ကို တစ်ခါတလေ မမနွယ် သိပ်မုန်းတာပဲ"

ထိုအခါကျပြန်တော့လည်း သက်ခိုင်မှာ ပြုံးလိုက်ရပြန်သည်။ သက်ခိုင်ပြုံးပြန်တော့ မလေးနွယ်က မျက်နှာကို တည်ပြီး မေးပြန်၏။

"မောင့်ကို ဦးလေးချစ်တိုးက ဘာတွေ ပြောနေတာလဲ"

သက်ခိုင်က ဦးချစ်တိုးကို လှမ်းကြည့်သည်။ ဦးချစ်တိုးကလည်း သူတို့ကို လှမ်းကြည့်နေသည်။ လှမ်းကြည့်နေသော ဦးချစ်တိုး၏ မျက်နှာတွင် စိုးရိမ်စိတ်ပြနေ၏။

သက်ခိုင်က မုသားဆို၏။

"ဦးလေးကိုချစ်တိုးက မောင့်ကို ဘာမှမပြောပါဘူး မမနွယ်"

မလေးနွယ်က သက်ခိုင်၏ မျက်လုံးများကို စူးစိုက်ကြည့်သဖြင့် သက်ခိုင် မျက်နှာလွှဲလိုက်၏။

မလေးနွယ်က သဘောကျဟန် သဲ့သဲ့ရယ်သည်။

"မောင့်ကို မမနွယ် သိပ်သဘောကျတာ ဒါပဲ သိလား၊ ထားပါတော့လေ၊ သြော်. . . မောင်. . . မောင်တို့ ကျောင်းသားတွေ အခု ဘာလုပ်ကြတော့ မလို့လဲ"

"ဒါကို မောင် မဖြေနိုင်ပါဘူး မမနွယ်"

"မဖြေနိုင်ဘူး၊ အဲဒါဟာ အဖြေပါပဲ၊ မမနွယ် သိပါတယ်၊ မောင်တို့ တစ်ခုခု လုပ်ကြမလို့ပါ၊ အထူးသဖြင့် မောင်၊ မောင်နဲ့ မောင့်သူငယ်ချင်းတွေ. . . ဟုတ်တယ် မဟုတ်လား"

သက်ခိုင်က အဖြေမပေး၊ မလေးနွယ်ကသာ ဆက်ပြောသည်။

"မောင်ကို မမနွယ် ကောင်းကောင်းသိတယ်၊ မောင် ထင်တာထက်ကို ပိုသိတယ်၊ မောင် လုပ်ချင်တာ လျှောက်လုပ်ပါလေ၊ မမနွယ် တားလို့မရပါဘူး၊

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မောင် လုပ်ချင်တာတွေ လျှောက်မလုပ်ခင် မောင့်ကို မမနွယ် တွေ့ပါရစေဦး၊ ဟုတ်လား. . . မောင်"

သက်ခိုင်သည် ဟန်ဆောင်၍ ရယ်၏။

"မမနွယ် ဘာတွေ လျှောက်ပြောနေတာလဲ၊ မမနွယ်ကို မောင် လာတွေ့ မှာပေါ့၊ ဘာတွေလုပ်လုပ် မမနွယ် ဟာ ထာဝစဉ် မောင့်မမနွယ်ပါပဲ၊ ကျေနပ်ပြီလား"

"ဒါ မောင့်ကတိနော်"

"ဒါဟာ မောင့်ကတိပါ မမနွယ်" မလေးနွယ်က ရယ်သည်။

"ဒါဖြင့် မမနွယ် ကျေနပ်ပြီ၊ လာ သွားကြရအောင်၊ သြော်. . . မောင်၊ မောင့်စကား မောင် မမေ့နဲ့နော်၊ ဆောင်းဟာ လှတုန်းပဲမောင်၊ ဆောင်းလှနေတုန်း နွေအရောက်မစောရဘူး၊ ဒါပဲနော် မောင်"

မလေးနွယ်နှင့် သက်ခိုင်သည် ကားဖြူဆီ ပြန်လျှောက်လာခဲ့၏။

မွန့်ခေါ်ဆောင်သွားသော ယုတို့၏ ဂူစလေကားကြီးက အရင်ထွက်သည်။ အေးဝင်းက သက်ခိုင်တို့နား လာရပ်၏။

မလေးနွယ်က အေးဝင်းကို နောက်၏။

"ကိုအေးဝင်း၊ ရှင့်မျက်နှာကြီးက ငိုတော့မယ့်အတိုင်းပဲ၊ ရှင် ငိုချင်လည်း ငိုလေ၊ ဒါပေမဲ့. . . နွယ့်မောင်ကိုပါရော မငိုပါစေနဲ့နော်"

အေးဝင်းက မျက်နှာကို ပြင်လိုက်ပြီး ပြန်ပြော၏။

"စိတ်ချမလေးနွယ်၊ သက်ခိုင် မငိုစေရပါဘူး၊ ဘာပြုလို့လဲဆိုတော့ သူက ကျွန်တော့်ကို မျက်ရည်ခန်းအောင် အရင်ငိုပြပြီးပြီ ခင်ဗျာ"

စာရေးဆရာပီပီ တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ အနက်ဖွင့်ပြသည့် အေးဝင်း၏စကားကို မလေးနွယ်က အမှတ်မထင်ပြုလျက် ရယ်မောလိုက်၏။

မလေးနွယ်တို့ ကားလည်း ထွက်သွားသည်။

ကားထွက်သွားမှ သက်ခိုင်က အေးဝင်းကို ဘုကြည့်ကြည့်သည်။

အေးဝင်းက ပခုံးတွန့်ပြပြီး ဆိုသည်။

"မတတ်နိုင်ဘူးလေ၊ မင်းစာနဲ့ မင်းပဲ၊ ဘာတဲ့. . . အရိုင်းကံ သူမပြုလေဘု၊ တစ်ပိုင်းဝန် ကိုယ်အမှုဝေမို့"

"ခွေးကောင်. . . တော်တော့၊ ပြန်ကြမယ်"

ထိုနေ့ညက ကိုလေးမောင်၏ အခန်းတွင် သက်ခိုင်တို့ ရဲဘော်များ စုဝေးကြပြန်သည်။

အသီးသီးသည် မိမိတို့ ရခဲ့သော အဖြေများကို တင်ပြကြသည်။ ရရှိခဲ့သော အဖြေကလည်း အတူတူပင်ဖြစ်ကြ၏။

ရှေးဦးစွာ ကိုမြင့်သောင်းက ရှင်းပြသည်။

"လူကြီးတွေက ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကို ချီးမွမ်းကြပါတယ်၊ ဒါပေမဲ့ ကလေးတွေ စစ်ပညာအခြေခံ ဘာမှမရှိဘဲ လက်နက်ကိုင်ပြီး စစ်မြေပြင် ထွက်ကြမှာကို မလိုလားကြဘူး၊ ကျွန်တော်ကလည်း တတ်နိုင်သမျှ ရှင်းပြတာပဲ၊ ကျွန်တော်တို့ လက်နက်တောင်းနေတာ မဟုတ်ဘူး၊ စစ်ပညာအရင်ပေးပါ၊ ပြီးတော့မှ သင့်လျော်ရာ တာဝန်ပေးပါလို့၊ စဉ်းစားပါ့မယ်လို့တော့ ကတိရပါတယ်"

ဗိုလ်ဟောင်းတစ်ဦးဖြစ်သူ ကိုအုန်းခိုင်ကလည်း ကိုမြင့်သောင်းကိုထောက်ခံပြောသည်။

"ကျွန်တော်လည်း ဒီအဖြေမျိုးပဲ ရတာပဲ၊ လူကြီးတွေ စဉ်းစားပုံက ဒီလို၊ ကျောင်းသားလူငယ်တွေကို တတ်နိုင်ရင် ပြည်တွင်းစစ်ထဲ ဆွဲမသွင်းချင်ဘူး၊ မလိုလားအပ်ဘဲ သေကျေပျက်စီးမှာကို မကြည့်ချင်ဘူး၊ အခြေအနေကလည်း အများထင်သလောက် အဆိုးရွားသေးဘူး၊ သူတို့ ဘာသာသူတို့ အုပ်ထိန်းသွားနိုင်တယ်လို့ ယုံကြည်နေတယ်၊ လူကြီးတစ်ဦးက ပြောတယ်၊ သေစရာရှိရင် တို့ရှေ့က အသေခံပါ့မယ်တဲ့၊ မင်းတို့ ဝင်သေပေးဖို့ အချိန်မရောက်သေးပါဘူးတဲ့"

ကိုလေးမောင်က သက်ခိုင်ကို လှမ်းကြည့်၍ မေး၏။

"ကိုသက်ခိုင်ကော ဘာအဖြေရသလဲ"

"ဒီအတိုင်းပါပဲ ကိုလေး၊ လူကြီးတွေနဲ့တော့ ကျွန်တော် မတွေ့ရပါဘူး၊ လူလတ်ပိုင်းထဲကပါ၊ ကာကွယ်ရေးဟာ တို့အလုပ်ပါတဲ့၊ ထူးထောင်ရေးအတွက် မင်းတို့ ပညာသင်ကြပါတဲ့"

ကိုကြည်လှိုင်က အံကြိတ်၍ ခေါင်းညိတ်ရင်း ဆိုသည်။

"လူကြီးတွေရဲ့ စေတနာကို ကျွန်တော်တို့ သိတယ်၊ ခက်တာက ကျန်တဲ့လူတွေက သူတို့လို စေတနာ ထားနေကြတာ မဟုတ်ဘူး၊ ကျွန်တော်သိရသလောက် အနည်းဆုံး သုံးဖွဲ့လောက်ကတော့ လက်နက်တွေ ပြပြီး မျှားခေါ်နေပြီ၊ လက်နက်ပြပြီး မျှားမခေါ်နိုင်တဲ့ လူတွေကလည်း ကျန်တဲ့နည်းနဲ့ လိုက်စည်းရုံးနေကြပြီ၊ ဒါတွေ လူကြီးတွေ သိအောင် ကျွန်တော်တို့ တင်ပြဖို့ ဝတ္တရားရှိနေတယ်"

စကားနည်းသော ကိုလှဖေသည် စဉ်းစားနေရာမှ ဝင်အကြံပေး၏။

"ကျွန်တော်တို့ ပြဿနာကို ပြန်ပြီး ကျကျနန စဉ်းစားကြရအောင်၊ ကျွန်တော်တို့ ဘာတွေ့နေကြသလဲ၊ အဲဒါကြောင့် ကျွန်တော်တို့ ဘာစိုးရိမ်နေကြသလဲ၊ ဒါကြောင့် ဘာလုပ်ချင်နေကြသလဲ၊ ကျွန်တော်တော့ ထင်တယ်၊ ကျွန်တော်တို့ တွေးပုံနဲ့ လူကြီးတွေ တွေးပုံဟာ မကွာလှဘူး၊ ဟော့လူ. . . ကိုစော၊ ပြောဗျာ"

ကိုစောလွင်သည် ကြည်လင်တောက်ပသော မျက်လုံးများနှင့် အားလုံးကို ကြည့်သည်။ သူသည် ပြုံးပြုံးအေးနှင့် ရှင်းပြသည်။

"ကိုလှဖေ ပြောတဲ့အတိုင်းပဲ၊ လူကြီးတွေနဲ့ ကျွန်တော်တို့ တွေးပုံမကွာဘူး၊ ဒါကို လူကြီးတွေ နားလည်အောင် တင်ပြဖို့ပဲလိုတယ်၊ အခြေအနေက ရှုပ်ထွေးနေတော့ တစ်ယောက်တစ်မျိုး ပြောမိချင် ပြောမိနေမယ်၊ ပြဿနာ အမှန်ကကိုကြင်လှိုင် ပြောသလိုပဲ မျှားခေါ်တဲ့လူတွေက မျှားခေါ်နေပြီ၊ အခြေအနေကို ဒီအတိုင်း လက်ပိုက်ကြည့်နေရင် လူကြီးတွေ မဖြစ်ချင်ဆုံး ကိစ္စတွေပဲ ဖြစ်တော့မယ်၊ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က လူငယ်တွေကို စစ်ပညာသင်ပေး၊ လက်နက်ပေး၊ ပြီးတော့ မိုက်မိုက်ကန်းကန်း သေခိုင်းဖို့ မဟုတ်ဘူး၊ အဲဒါနဲ့ ဆန့်ကျင်ဘက် မိုက်မိုက်ကန်းကန်းမျှားခေါ်နေတဲ့ လူတွေရဲ့ ဘေးအန္တရာယ်က ကာကွယ်ပေးဖို့၊ မိုက်မိုက်ကန်းကန်း လုပ်ကြတော့မယ့် ကလေးတွေကို မှန်မှန်ကန်ကန် စည်းရုံး ထိန်းသိမ်းထားဖို့၊ နောက်တစ်ဆင့် ဖြစ်နိုင်ရင် သူတို့ရဲ့ သတ္တိ၊ သူတို့ရဲ့မျိုးချစ်စိတ်၊ သူတို့ရဲ့ တာဝန်သိမှုတွေကို မှန်ကန်တဲ့လမ်းပေါ် တင်ပေးဖို့တကြီးလိုနေတယ်"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

ကိုး ဒီ နဲ့ GO ပြီ
ဂျပန် (8D/7N) Oct.24~31 USD-2700
ပန်ကောက်–ပတ္တရား (6D/5N) Oct.23~28 USD-550
ဥရောပ(၆)နိုင်ငံ (15D/14N) Oct.24~Nov.07 USD-4700
တရုတ်ပြည်မကြီး (7D/6N) Oct.24~30 USD-1370
စင်ကာပူ (4D/3N) Oct.25~28 USD-699
ဟောင်ကောင်–မကာအို Oct.24~30 (7D/6N) USD-1370
ကိုရီးယား (8D/7N) Oct.24~31 USD-1950
အမှတ်(၁၀၉)၊ (ပ)ထပ်၊ ဗညာ်ဒိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ကျော်ဇင်ဦး၊၉/လဝန(နိုင်)၀၀၀၇၂၀၏ အရေးကြီးစာရွက်များပါသော ဖိုင်သည် မေလ ၂၄ရက် နံနက် ၅နာရီခန့်တွင် အောင်မင်္ဂလာအဝေးပြေးဂိတ် ခိုင်မန္တလေး (မကွေး)ကားဂိတ်မှ (၁၅၄)လမ်းသို့ငှားစီးလာရာ TAXI တစ်စီးပေါ်တွင် ကျန်ခဲ့ပါသဖြင့် တွေ့ရှိထားပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။
Ph:09-49215996
09-428203680

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
- ဂျပန်စာသင်ရန် ဆရာ/ဆရာမ - (၂)ဦး
- N-2(သို့)N-1 ဖြစ်ရမည်။
(သင်ကြားမှုအတွေ့အကြုံပေါ်မူတည်၍ ဂျပန်စာ Level စဉ်းစားပေးမည်)
- လစာညှိနှိုင်းပေးမည်။
- စိတ်ပါဝင်စားသူများသည် CV, Certificate နှင့်တကွ လူကိုယ်တိုင် အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။
အာရီးမားတက်(ခ်)ကုမ္ပဏီလီမိတက်
အမှတ်-1A, 44, မြသီတာအိမ်ရာဝင်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၅၅၁၄၀၆၊ ၀၁-၅၆၃၁၇၁

# မော်တော်ယာဉ်အမည်ပေါက်ပြုလုပ်မှု ဖြေလျှော့မှုများဖြင့်ဆောင်ရွက်ပေး

**ရန်ကုန် အောက်တိုဘာ ၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်မှု အမည်ပေါက်ပြုလုပ်မှုကို ဖြေလျှော့မှုများပြုလုပ်ကာ လွယ်ကူစွာဆောင်ရွက်ပေးလျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)မှ သိရသည်။

ယခင်က မော်တော်ယာဉ်အမည်ပေါက်ပြုလုပ်ရာတွင် ကန့်သတ်ချက်များများပြားပြီး ခက်ခဲကြန့်ကြာမှုများရှိနေရာ လွယ်ကူလျင်မြန် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဖြေလျှော့မှုများစွာ ပြုလုပ်ထားသည်ဟု တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်ကဆိုရင် မူလပိုင်ရှင်ရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်း တောင်းတယ်။ အမည်ပေါက်ပြုလုပ်ဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ရတာတွေများပြီး ခက်ခဲကြန့်ကြာမှုတွေ ရှိခဲ့တယ်ပေါ့။ အခု အလွယ်တကူဆောင်ရွက်နိုင်ဖို့အတွက် ဖြေလျှော့မှုတွေ အများကြီးလုပ်ထားပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်အမည်ပေါက်လုပ်မယ်ဆိုရင် မြောက်ဒဂုံက အခွန်ရာဖြတ်ရုံးမှာ အခွန်ပေးဆောင်ဖို့အတွက် ပုံစံစာရွက်ထုတ်ပေးပါတယ်။

"ဒီစာရွက်ရရင် အမည်ပေါက်လုပ်မယ့်ပိုင်ရှင်ရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနဲ့ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးပါတယ်။ ပိုင်ရှင်အမည်ပေါက်ဖြစ်သွားတဲ့ မော်တော်ယာဉ်တွေ မှတ်ပုံတင်သက်တမ်းတိုးတဲ့အခါမှာလည်း တစ်နေရာတည်းမှာ အပြီးအစီး အမြန်ဆုံးဆောင်ရွက်ပေးနေပါတယ်။ စောင့်ဆိုင်းရမှုကတော့ ကားအရမ်းများတဲ့အခါ စောင့်ရတာမျိုးပဲ ရှိပါတော့တယ်။

"ဖြေလျှော့မှုအဆင့်တွေ အများကြီးဆောင်ရွက်ထားပါတယ်၊ သတိပြုရမယ့်အချက်တစ်ချက်က ကျွန်တော်တို့က လကုန်ရက်၊ လစာထုတ်ရက်ဆိုရင် မွန်းတည့် ၁၂ နာရီကို ငွေခန်းပိတ်ပါတယ်။ စာရင်းပိတ်ပါတယ်။ ဘဏ်ငွေလွှဲတာတွေ ဆောင်ရွက်ရတဲ့အတွက် ငွေပေးသွင်းခြင်းလုပ်ငန်းတွေအားလုံး ၁၂ နာရီမတိုင်မီ ဆောင်ရွက်မှရပါတယ်။ ဒါကြောင့် တချို့တွေ ရက်လွန်၊ ရက်ကျော်သွားလို့ ဒဏ်ကြေးပေးရတာမျိုးတွေတော့ ရှိပါတယ်။ လကုန်ရက်ကို သတိပြုမိစေဖို့ပါ" ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး မှတာဝန်ရှိသူတစ်ဦးက ဖြေကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်အား ခရိုင်ရုံးလေးရုံးဖြင့် ဖွဲ့စည်းထားရှိပြီး ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားသောယာဉ် ခုနစ်သိန်းကျော်ရှိကြောင်း က. ည. နမှ တရားဝင်ထုတ်ပြန်ပေးသော စာရင်းများအရ သိရသည်။ ပိုင်ရှင်အမည်ပေါက်ဖြင့် ယာဉ်မှတ်ပုံတင်သက်တမ်းတိုး လာရောက်ဆောင်ရွက်သည့်ယာဉ်အစီးရေမှာ နေ့စဉ် အစီး ၁၀၀ မှ ၁၅၀ ဝန်းကျင် အတွင်းတွင်ရှိကြောင်း သိရသည်။ **(၀၀၁)**

# ကလေးဒေသ ရေဘေးသင့်များအတွက်နေအိမ်များစတင်ဆောက်လုပ်

**ကလေး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင်ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများလျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသောပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး နိုင်ငံတော်၏ စေတနာ၊ ပြည်သူများထံမှ စေတနာအလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ ယခုအခါ အေးသာယာကျေးရွာနှင့် ကျောက္ကာကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များစတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် ကျောက္ကာကျေးရွာတွင်ပျက်စီးသွားသည့်အိမ်များ အစားနေအိမ်အလုံး ၁၀၁ လုံးဆောက်လုပ်ရန်လျာထားရာမှ ယခုအခါ ဆန်းသစ်စဦး၊ အောင်မိုးမြေ၊ ဘုန်းမြတ်ဖြိုး၊ ပန်းမွန်၊ Holy Land နှင့် Myanmar Land ကုမ္ပဏီတို့က တာဝန်ယူကာ Type B တွင်အမိုးမိုးပြီး အိမ်အလုံး ၂၆ လုံး၊ တိုင်ထူတန်းထိုး သုံးလုံး၊ ကျင်တွယ်စိုက် သုံးလုံးတို့နှင့် Type A တွင် အမိုးမိုးပြီး နှစ်လုံး၊ တိုင်ထူ ခုနစ်လုံးနှင့် ကျင်တွယ်စိုက် ၂ လုံးတို့အားဆောက်လုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အေးသာယာကျေးရွာတွင်အိမ်အလုံး ၃၆ လုံးဆောက်လုပ်ပေးရန် လျာထားရာမှ ယခုအချိန်တွင် တိုင်ထူတန်းထိုး ရှစ်လုံးနှင့် ကျင်တွယ်စိုက် ခုနစ်လုံးတို့အား တောင်ဇလပ်ကုမ္ပဏီက စတင်ဆောက်လုပ်နေပြီဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်က လုပ်ငန်းဆောင်ရွက်မှု အမြန်ပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။



ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်နှင့် ကျေးရွာ ၆၈ ရွာမှ ကျေးရွာသစ် ပြန်လည်ထူထောင်ရေးနှင့် လူနေအိမ်ဆောက်လုပ်ပေးရေးအတွက် စုစုပေါင်းအိမ်အလုံး ၃၅၈ လုံး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# ငါးမွေးမြူရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**တောင်တွင်းကြီး အောက်တိုဘာ ၂**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးတိုးချဲ့ပညာပေးစီမံကိန်းအား ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျိုက်ကာတို့ပူးပေါင်း၍ ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ဂျပန်နိုင်ငံသားပညာရှင် (Mr. Furusawa) တို့က အမှာစကားပြောကြားခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက စီမံကိန်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးတင်သန့်ထွေးက တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများ စုစုပေါင်း ၁၆၀ တို့အား ပရိုဂျက်တာဖြင့် အသိပညာပေးရှင်းလင်းခဲ့သည်။ အဆိုပါငါးမွေးမြူရေးစီမံကိန်းများကို မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်တွင်းကြီး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၈၀)**

# ပင်စင်လာထုတ်သူများ၊ ငွေထုတ်၊ ငွေသွင်းသူများအတွက် နားနေဆောင်နှင့် ရေလောင်းအိမ်သာ လှူဒါန်း

**တန့်ဆည် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာထုတ်သူများ၊ ငွေထုတ်၊ ငွေသွင်းသူများ အဆင်ပြေစွာ နားနေနိုင်ရန်အတွက် ပင်စင်စားများမှစုပေါင်း၍ နားနေဆောင်နှင့် ရေလောင်းအိမ်သာ ဆောက်လုပ်မှု စက်တင်ဘာနောက်ဆုံးအပတ်တွင် ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ နားနေဆောင်နှင့်ရေလောင်းအိမ်သာကို ဇူလိုင်လက စတင်ဆောက်လုပ်လှူဒါန်းခဲ့ပြီးနားနေဆောင်မှာ အလျားပေ ၅၀၊ အနံ ၁၃ ပေ၊ အမြင့် ၉ ပေ၊ ၅ ခန်း၊ တစ်ခန်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၂၉ သိန်းနှင့်ရေလောင်း အိမ်သာမှာအလျား ၁၁ ပေ၊ အနံ ၆ပေ၊ အမြင့် ၇ ပေ၊ နှစ်ခန်းတွဲ RC၊ရေကန်ပါရှိပြီးစုစုပေါင်းငွေကျပ် ၁၉ သိန်း ကုန်ကျကြောင်း ပင်စင်စားဦးညိုဝင်းက ပြောသည်။ **ခင်ဦးစိုးဝေ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏**
**Myanmar Chamber Vocational Institute မှ**
**သင်တန်းများဖွင့်လှစ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ Myanmar Chamber Vocational Institute မှ အောက်ပါသင်တန်းများကို ဖွင့်လှစ်သွားရန်ရှိပါသည်။
1. တိုင်းတာရေးဆိုင်ရာ စံချိန်စံညွှန်းများ Metrology
2. နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ချိတ်ဆက်ခြင်း -Traceability to International Standard
3. ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ အသေးစားလုပ်ငန်းများထူထောင်ခြင်း-Weight and Measure
4. တီထွင်ထားရှိပြီးသောပစ္စည်းများ နည်းပညာဖော်ထုတ်၍ ကိုယ်ပိုင်ထုတ်လုပ်ခြင်း -Reverse Engineering

၂။ တက်ရောက်သင့်သူများမှာ
1. နည်းပညာကျောင်းဆင်းပြီး၍ ကိုယ်ပိုင်လုပ်ငန်းထူထောင်လိုသူများ
2. ဝါသနာပြင်းပြ၍ ကိုယ်ပိုင်လုပ်ငန်းထူထောင်လိုသူများ
3. ပစ္စည်းအမယ်သစ်ထုတ်လုပ်လိုသော (ရှိပြီးသား)ကုမ္ပဏီများ ဖြစ်ပါသည်။

၃။ သင်တန်းများကို အခမဲ့သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ အသက်၊ ကျား/မ ကန့်သတ်ချက်မရှိပါ။

သင်တန်းဖွင့်လှစ်မည့်ရက်နှင့် အသေးစိတ်သိရှိလိုသော အချက်များကို UMFCCI TVET Unit Ph: 01-214344~9(Ext:107) /(+95)09-782559809/tvet@umfcci. org. mm/tvet.umfcci2014@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မဇ္ဈိမတံခွန် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး**
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုလ်
နိုင်ငံကူးလက်မှတ် ရှိသူများ { ၈ ရက်ခရီး / ၁၅ ရက်ခရီး } စရန် (၂)သိန်း + { USD 620 / USD 720 } နိုဝင်ဘာ ၁၊ ဧပြီ ၁၁ ဟိုတယ်(၂)ညအိပ်၊ညမောင်းခရီးစဉ်လုံးဝမရှိပါ
အောက် ၄၊ ၂၁၊ ၂၈ နို ၁၁၊ ၁၅၊ ၂၉ ဒီ ၂၊ ၁၆၊ ဇန် ၃၊ ၁၃ ဖေ ၁၊ ၁၀၊ ၂၂ မတ် ၂၊ ၁၆၊ ၂၃ ဧပြီ ၁၀။ ခရီးစဉ်သေချာစေရန် (၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ရန်ကုန် - အမှတ်(၆၉)၊ ပထမထပ်(ခ)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၉-၂၁၅၀၉၉၂၊ ၀၉-၂၀၅၁၄၃၀။
မန္တလေး-ခ-၅/၂၀၊ ၄၁×၄၂ လမ်းကြား၊ ၆၆×၆၇ လမ်းကြား။ ဖုန်း ၀၉-၄၀၂၇၆၃၈၅၉၊ ၀၉-၄၄၄၀၂၉၆၉၈

အမြို့မြို့ အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပညာချွန်
တက္ကသိုလ်ဝင်တန်း သင်္ချာ မေးခွန်းဟောင်းများနှင့် စံပြ အဖြေများ စုစည်းမှု (၂၀၀၂ မှ ၂၀၁၅)
MATHEMATICS
EXCELLENT CHOICE
၂၀၁၄ - ၂၀၁၅ ခုနှစ်များတွင် တိုင်းနှင့်ပြည်နယ်အလိုက်မေးခဲ့သော မေးခွန်းဟောင်းများကို ကဏ္ဍသုံးခုစလုံးတွင် အစမှ အဆုံးတိုင် ပြေပြစ်သောလော့ဂျစ်များ သုံးယွယ် အမြင်ရှင်းအောင် တစ်ပွင့်ချင်း တွက်ပြထားပါသည်။
၂၀၀၂ ခုနှစ် မှ ၂၀၁၃ ခုနှစ်ထိ မေးခဲ့သော မေးခွန်းဟောင်းများကို မူ၊ တူရာ တူရာအုပ်စုများခွဲ၍ မေးခွန်းကောင်းများကို တစ်ပုဒ်မှ မကျန်ရစေအောင် အမှတ်ပေးစည်းမျဉ်းနှင့် အညီ ပြည့်ပြည့် စုံစုံ တွက်ပြထားပါသည်။
ဆရာ ဦးစိုးမြင့်
ထွက်ပြီ
ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်
အမှတ် (၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

**ပျောက်ဆုံးကြောင်း**
DAWHSU PYAE[12/OUKAMA (N)223237]၏ ID အမှတ်723288/04 JUN 2013, CUSTOMS STATEMENT ယာဉ်ဓာတ်ပုံ (မူရင်းများ) ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
Ph:09-31350693

**P.E.S.**
**English Speaking**
**T. Kate**
(၄ - လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
(၂၈)(3C)ဒုတိယထပ်၊ ရတနာလမ်း၊ မြေနီကုန်းဓမ္မာရုံ ဒေါင်းမြို့နယ်၊ ရန်ကုန်မြို့
Ph: 503984 / 516503 / 09 258814935 / 09 73140326

# ပန်းတနော်မြို့မှ အသေးစားမင်းတစုငါးချဉ်များ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်အောင်မြင်လာ







**ပန်းတနော် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မင်းတစုကျေးရွာအုပ်စုသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ်၏ မင်းတစုကျေးရွာအုပ်စုပတ်ပတ်လည်ရှိ ဇီးပင်ရွာ၊ ဂိုးအိုင်ရွာ၊ အထက်စုရွာနှင့် ဓနုဖြူမြို့နယ်မှ တောင်ဇီးရွာ၊ ယင်းကတစ်ရွာများသည် မိသားစုတစ်ပိုင်တစ်နိုင် ငါးလေးချဉ်အသေးစားလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး အောင်မြင်လျက်ရှိသည်။

မင်းတစုကျေးရွာအုပ်စုရှိ ကျေးရွာငယ်လေးများသည် ရေပတ်လည်ဝိုင်းရံလျက်ရှိပြီး ကျေးရွာနေပြည်သူများမှာ အင်းလုပ်ငန်း၊ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြကာ ငါးလေးချဉ်လုပ်ငန်းကို ကျေးရွာငါးရွာမှ အိမ်ထောင်စု ၉၀ ကျော် လုပ်ကိုင်လျက်ရှိသည်။

"မင်းတစုငါးချဉ်လို့ နာမည်တွင်လာပုံက အရင်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိတဲ့အတွက် သွားရေးလာရေးခက်ခဲပါတယ်။ ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့တို့ကို သွားရောက်လိုပါက ကူးတို့လှေဖြင့် သွားလာရပါတယ်။ ကူးတို့လှေသွားရာလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ငါးချဉ်လုပ်ကိုင်သူများသည် ထုတ်လုပ်သူနာမည်တပ်၍ ပေးပို့ရပါတယ်။

"ငါးချဉ်ထုပ်များစုပေါင်း၍ ကူးတို့လှေမှသယ်ဆောင်သွားပြီး သယ်ပို့တဲ့ မင်းတစုလှေကို အစွဲပြု၍ မင်းတစုငါးချဉ်လို့ နာမည်တွင်လာပါတယ်။ ၂၀၁၀ ခုနှစ်နောက်ပိုင်း ကျုံပျော်-ဓနုဖြူကားလမ်း၊ ဓနုဖြူ-ကျုံတနီး-မင်းတစု-ပန်းတနော် ကတ္တရာခင်းကားလမ်းပေါ်ပေါက်လာတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတဲ့အတွက် ငါးချဉ်တွေကို ကားတွေနဲ့ဈေးကွက်သို့တင်ပို့နိုင်ပါတယ်" ဟု ဖုန်းဆိုးတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းတိုးက ပြောပြသည်။

"ငါးလေးချဉ်ပြုလုပ်ရာမှာ ငါးခုံးမ၊ ငါးဘဲ၊ ငါးဖယ် (အသား) တစ်ပိဿာ ထမင်း ၃၀ ကျပ်သား၊ အိမ်သုံးဆား ခုနစ်ကျပ်သားထည့်ရပါတယ်။ ငါးလေးချဉ် ပြုလုပ်ရာမှာတော့ ကြိတ်စက်(သို့)ငရုတ်ဆုံ၊ အဝကျယ်ကော်ဇလုံ၊ ပန်းကန်ပြားတောင်စွန်ဖက်၊ ငှက်ပျောဖက်ငယ်၊ တောငှက်ပျောဖက်၊ ဓား၊ စဉ့်တီတုံး၊ အလေးချိန်ခွင်၊ သင်အူကြိုးတွေနဲ့ လုပ်ရပါတယ်။

"နံနက်(၉)နာရီမှာ အိမ်ရှိအမျိုးသမီးတွေ၊ သားသမီးတွေက ငါးကို အကြေးခွံချွတ်၊ ခေါင်းခုတ်၊ စီပေါင်း၊ အဆီဖတ်နှင့် ဝမ်းတွင်းရှိ အညစ်အကြေးများကို ပြောင်စင်အောင်ထုပ်ပြီး ရေနဲ့စင်ကြယ်စွာ အထပ်ထပ်ဆေးကြောရပါတယ်။ ဆေးကြောပြီးသောငါးများကို ရေစင်အောင် ညှစ်ရပါတယ်။

"ရေစင်တဲ့ငါးကို ထမင်းမာမာနဲ့ သမအောင် ရောနယ်ပြီး ကြိတ်စက်(သို့မဟုတ်)ငရုတ်ဆနဲ့ တစ်ကြိမ်သာ ကြိတ်၊ ထောင်းရပါတယ်။ ကြိတ်၍ ထောင်း၍ရရှိလာတဲ့ အရောအနှောများကို ကော်ဇလုံထဲသို့ ဆားထည့်ကာ စေးပိုင်နေအောင်နယ်ပေးရပါတယ်။

"ပြီးရင် ခွက်ထဲသိပ်၍လည်းကောင်း၊ လိုသလောက် အလေးချိန် ၁၀၊ ၂၀၊ ၅၀ ကျပ်သား၊ ၁၊ ၂ ပိဿာ အတိုင်း ငါးချဉ်နှင့်ပန်းကန် မကပ်စေရန် ပန်းကန်ပြားထဲ ရေအနည်းငယ်ခံ၍ အလုံးလိုက်ထည့်ရပါတယ်။ ရောင်းပန်းလှစေရန်အတွက် နာရီဝက်လောက်နေလှန်းထားတဲ့ ငှက်ပျောဖက်နဲ့ အသင့်ပြုလုပ်ထားတဲ့ ငါးလေးချဉ်ကို ထုတ်ပိုးရပါတယ်။

"သင်ဖြူးဖျာယက်လုပ်ရာမှာ အပိုထွက်လာတဲ့ သင်အူကြိုးနဲ့ အကြမ်းပတ်ချည်နှောင်ပြီး ငါးအသားချဉ်လုံခြုံစေရန်နဲ့ လှပပြီးကြည့်ကောင်းစေဖို့ သင်အူကြိုးနဲ့ အကွာအဝေးညီညီ ရစ်ပတ်ထုတ်ပိုးရပါတယ်။ လက်နဲ့အလွယ်တကူ ဆွဲလို့ရအောင် လက်ဆွဲကွင်းကလေးတပ်ထားရပါတယ်။ ထုတ်ပိုးပြီးသုံးရက်ကြာရင် ငါးလေးချဉ်ကို စားလို့ရပြီ"ဟု ငါးလေးချဉ်ပြုလုပ်ရောင်းချသူတစ်ဦးက ရှင်းပြသည်။

မင်းတစုနယ်တွင် ငါးလေးချဉ်ကို ဈေးကွက်သို့ တင်ပို့ရောင်းချသူများနှင့် ကျေးရွာတွင်းရှိ ရေလုပ်သားများအား ငါးလေးမြှုံး(ဇလုံ) အလုံးရေ ၁၀၀ မှ ၂၀၀ အထိ ရေလုပ်သားတစ်ဦးစီကို ဝယ်ပေးရသည်။

မြှုံးတစ်လုံးကို ကျပ် ၇၄၀ ပေးရပြီး မြှုံးဝယ်ပေးထားသော ရေလုပ်သားများထံမှ ငါးလေးချဉ်ကို တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူစုဆောင်းရကာ ရေလုပ်သားတစ်ဦးကို ငါးလေးချဉ်ငါး နှစ်ပိဿာမှ တစ်ဆယ်ပိဿာအထိ ရတတ်သည်။

ငါးလေးချဉ်လုပ်ငန်းကို ဝါခေါင်လမှ သီတင်းကျွတ်လကုန်အထိ လုပ်ကိုင်ကြပြီး မင်းတစုပတ်ဝန်းကျင်မှ တစ်နေ့လျှင် ကုန်ချိန်ပိဿာ ၁၅၀ မှ ပိဿာ ၈၀၀ အထိ ထွက်ရှိ၍ ငါးလေးချဉ်ဈေးကွက်ကိုတင်ပို့ရာမှာ ဟသ်ာတ၊ ဇလွန်၊ ကျုံပျော်၊ ဓနုဖြူ ပန်းတနော်၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြသည်။

ရေထွက်ပစ္စည်းများဖြစ်သော ငါး၊ ပုစွန်များကို ဈေးကွက်သို့တင်ပို့ရောင်းချလေ့ရှိပါသော်လည်း ဈေးကွက်တွင် ရောင်းတန်းမဝင်သော ငါးပုစွန်များကို ငါး၊ ပုစွန်အချဉ်ပြုလုပ်၍ စနစ်တကျထုတ်ပိုးရောင်းချခြင်းဖြင့် ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခဲ့သည်။

ငါး၊ ပုစွန်အလေအလွင့်နည်းပါးခြင်း တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေပြီး မိသားစုဝင်ငွေ တိုးတက်လာခြင်းနှင့် ဈေးကွက်ကောင်းများကို ချိတ်ဆက်ဆောင်ရွက်လာနိုင်သည်။

**ကိုရွှေငါး(ဓနုဖြူ)**




Diabetasol
Diabetes Nutrition Solution
'ဆီးချို သွေးချိုရှိသူများ၏ အာဟာရအတွက် အသင့်တော်ဆုံးရွေးချယ်မှု'
နိုင်ငံယာဘီတစော
Diabetasol (၄)မျိုး ..
Zero Calorie Sweetener ..
Chocolate Flavour Nutrition Powder ..
Cappuccino Flavour Nutrition Powder ..
Vanilla Flavour Nutrition Powder ..
Clinically Proven
START 3C CONTROL
Count
Classify
Comply
Vanilla Flavour
Zero Calorie Sweetener
Cappuccino Flavour
Chocolate Flavour
KALBE Customer Care 01-2399800
KALBE


NEO MIXAGRIP
အအေးမိတုပ်ကွေး အတွက်ဆို
နီယို
မစ်ဆာဂရစ် ပဲ
ကွက်တိဘဲ
MIXAGRIP
KALBE


PRENAGEN
(ပရီနာဂင်)
သံဓာတ်ချို့တဲ့မှုကို
လျှော့ချပေးမည့် BioFe နှင့်
Folic Acid ကြွယ်ဝစွာပါဝင်သော ...
ကိုယ်ဝန်ဆောင်မိခင်နှင့်
နို့တိုက်မိခင်တို့အတွက်
ပြီးပြည့်စုံသောအာဟာရ
BioFe has higher absorption and bioavailability
3,5 Higher
BioFe
Ordinary Fe
PRENAGEN mommy
PRENAGEN lactamom
KALBE Customer Care 01-2399800
CLINICALLY PROVEN
PRENAGEN (ပရီနာဂင်)
KALBE


NOW AVAILABLE IN MYANMAR
JAPAN QUALITY PRODUCT
morinaga
(မောရီနာဂါး)
ဉာဏ်ရည်ဉာဏ်သွေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကိုယ်ခံစွမ်းအားအတွက်
အကောင်းဆုံးရွေးချယ်မှု
chil-school
BRAIN CARE
BODY DEFENSE
KALBE Customer Care 01-2399800
KALBE




အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

**EPS-TOPIK**

**(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)**

**ပညာအရည်အချင်းမလိုဘဲ**

**သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့**

* လစာ(၁၈)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၁၂-၁၀-၂၀၁၅ ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်

**တွေ့ဝေမနေဘဲ အရင်ဆုံးပုန်းဆက်ပြီး**

**တိုင်ပင်ဆွေးနွေးကြည့်ပါ။**

လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၁၀၀
ပုဂ္ဂန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊

စားသောက်ကုန်လုပ်ငန်းတွင်

**ဝန်ထမ်းအလိုရှိသည်**

(မြို့တွင်း၌သာခန့်ထားရန်)

၁။ ယာဉ်မောင်း (ကျား) - ၁ဦး
- အနည်းဆုံး (ခ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။
- ယာဉ်မောင်း အတွေ့အကြုံ (၅)နှစ်ရှိသူဖြစ်ရမည်။
- ရန်ကုန်မြို့နယ်အတွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- အရက်သေစာ မူးယစ်ဆေးဝါး ကင်းရှင်းသူဖြစ်ရမည်။

၂။ ယာဉ်မောင်း (ကျား) - ၁ဦး
- အနည်းဆုံး (ဃ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။
- ယာဉ်မောင်း အတွေ့အကြုံ (၅)နှစ်ရှိသူဖြစ်ရမည်။
- မွန်၊ ကရင်၊ တနင်္သာရီနှင့် နယ်ဝေးခရီးသွားနိုင်သူဖြစ်ရမည်။
- အသက် (၃၀ မှ ၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အရက်သေစာ မူးယစ်ဆေးဝါး ကင်းရှင်းသူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အမျိုးသား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ လိုင်စင် မိတ္တူ၊ ဓါတ်ပုံ (၂)ပုံနှင့်အတူ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၄၉၂)၊ (၁၀) ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၉၁၀၄၄၅၅၅၀၊ ၀၉၅၁၄၄၅၆

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်မေသန္တာဦး(ဘ)ဦးမြင့်ရွှေ၊၇/နတလ(နိုင်)၀၃၈၇၇၀၊သည် ဒေါ်အေးမြတ်မော်(ဘ) ဦးမြတ်မောင်၊၉/မတလ (နိုင်)၀၁၁၁၉၄၊အား ၂၃-၇-၂၀၁၅ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ် လွှဲအပ်ထားခြင်းအား ပြန်လည်၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာဦး၊၇/နတလ(နိုင်)၀၃၈၇၇၀၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၇၇ဆ)၊ ဧရိယာ(၀. ၀၂၈) ဧကရှိ ဒေါ်ညွန့်ရီ(ပါ) ၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ဦးသန်းစိုး၊၉/ပမန(နိုင်)၀၃၆၂၆၃၊အဖအမည် ဦးအလျှောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တရားမအထွေထွေမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အမှတ်(၂)လျှောက်ထားခံရသူသို့ အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်(၅)၊ နည်းဥပဒေ-၂၀(၁)
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅-ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ်-၅၇
(တရားမဇာရီမှုအမှတ်-၁၂၇/၂၀၁၄မှ ပေါ်ပေါက်သော)

ဦးဇော်သူရ နှင့် ၁။ ဦးထွန်းကျော်
၂။ ဦးအေး
၃။ ဦးအောင်စိုး
၄။ ဒေါ်မြင့်မြင့်ဦး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၇အမှု၏ တရားမအထွေထွေလျှောက်လွှာနှင့် ပတ်သက်၍ အမှတ်(၂)၊ လျှောက်ထားခံရသူဖြစ်သော ဦးအေး၊ အမှတ်-၃၈၁၊ အောင်ချမ်းသာ(၃)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) ဦးအေးသိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမအထွေထွေလျှောက်လွှာကို ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း၃ရက်) နံနက် ၁၀နာရီတွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။)

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၁ရက်တွင် ဤရုံးတော်က တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၇၀-အေ)နေ ဦးစောရန်နိုင်(ဘ) ဦးစောနိုင်၊၁၂/ဒဂန(နိုင်)၀၂၅၈၀၃၊ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

POWER PLUS

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော Power- PLUS တံဆိပ်အမှတ်အသားဖြင့် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးပလပ်ပေါက်၊ ပလပ်ပေါက်နှင့်တွဲသုံးသည့် ပလပ်ခုံအပါအဝင် ၎င်းနှင့်သက်ဆိုင်သော ဆက်စပ်ပစ္စည်းများအားလုံးကိုသော်လည်းကောင်း၊ ကွန်ပျူတာနှင့်တွဲစပ်အသုံးပြုသည့် မီးအားထိန်းညီစက် (UPS)၊ ကွန်ပျူတာလက်ကွက်ရိုက်ဘုတ်ပြား (Key-board) အပါအဝင် ကွန်ပျူတာနှင့် တွဲစပ်အသုံးပြုရသည့် ဆက်စပ်ပစ္စည်းအားလုံးကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်တပ်ဆင်ဖြန့်ချိ ရောင်းချနိုင်ရန်အတွက် တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၄/၁၃၉၃၄/၂၀၁၅) ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိမှပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို မိမိနှင့် မိမိ၏ခွင့်ပြုချက်ရရှိသူမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားရုံးများတွင် နစ်နာမှုအားလုံးအတွက် တည်ဆဲဥပဒေများအားလုံးဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးထွန်းထွန်းအေး**
**LL.B,H.G.P (စဉ်-၂၀၆၅၄)**
**အမှတ်(၃က/၅အေ)၊ မိုးကောင်းလမ်း၊ ရန်ကင်း။ ဖုန်း-၀၉ ၅၁၆၄၅၅၆**

**T.V(ရန်ကုန်)**

**အမျိုးသား/အမျိုးသမီး**

**ကားမောင်းစက်ပြင်သင်တန်း**

၁။ No.93/99၊ ဗညားဒလလမ်း (၄လမ်းမှတ်တိုင်နှင့် မဆလာစက်မှတ်တိုင်အနီး)
၂။ မဆလာစက်မှတ်တိုင်ရှေ့
၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။
Ph:09-5041550,09-73044311,09-421150033, 09-420066955, 09-31551976

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင်
T.V(ရန်ကုန်)နှင့်သင်လိုက်ပါ။







## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်ပင်လာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၈) နေ ဘ-ဦးလှမောင်၏သားဖြစ်သူ ဦးအောင်အောင်နိုင် (၁၂/တမန (နိုင်) ပ၆၆၅၈၇) ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း တရားဝင်ပြန်လည်ရောင်းချနိုင်ရန် ရန်ကုန်မြို့တော်ရုံးမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၁၂၈၉၇/၂၀၁၅ ဖြင့်(၄-၉-၂၀၁၅) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

SEWON L-LYSINE

အထက်အပုဒ်ပါ ဦးအောင်အောင်နိုင်သည် အထက်ဖော်ပြပါ SEWON L-LYSINE ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် မွေးမြူရေးတိရစ္ဆာန်သုံး အစာဖြည့်စွက်ဆေး (Feed Additive) ကို ပြည်ပမှ တိုက်ရိုက်တင်သွင်းပြီး ထုပ် ပိုးမှုစံချိန်မီစွာဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး ဖြန့်ဖြူးရောင်းချသုံးစွဲလျက်ရှိသော အဆိုပါ SEWON L-LYSINE ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဦးအောင်အောင်နိုင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဆိုပါ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ၍ ပြည်ပမှ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ထုတ်လုပ်ခြင်းများ မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက ဦးအောင်အောင်နိုင်၏ လုပ်ပိုင်ခွင့်ကို ထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]

အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃) [Ever Ready Multi Law Firm]

အမှတ် (၆)၊ ၅-လွှာ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ၈၆/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၃၀၆၉၈၃၆၊ ၀၉ ၉၈၅၀ ၂၈၈၃

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဇီဝစိုးလမ်း၊ မြေကွက်အမှတ်(၂၀၇/၂) ဟု ခေါ်တွင်သော အလျား×အနံ ပေ(၅၅×၃၀) ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်၏ ကန်ထရိုက်တာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော ခေါင်းရင်းဘက်ခြမ်း မြေညီထပ် အကျယ်အဝန်း ပေ(၁၃. ၅×၅၀)ခန့်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အခန်းရောင်းချသူ ကန်ထရိုက်တာဦးဉာဏ်မိုး (THIHA MAW Construction Co.,Ltd)[၁၂/ရကန(နိုင်)၀၅၁၇၃၅]က တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ထံတွင်မှ ပေါင်နှံ၊ လွှဲပြောင်း၊ ရောင်းချ၊ လှူဒါန်းထားခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်းမျိုးမရှိကြောင်းဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းချက်ကို ကျွန်ုပ်၏မိတ်ဆွေကသဘောတူညီပြီး အဆိုပါတိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေလင်းအောင်(စဉ်-၃၁၅၄၅) ဒေါ်ခင်စိမ်းဝေ(စဉ်-၃၂၈၅၀) ဒေါ်ခင်မြိုးဝေ(စဉ်-၃၁၆၉၅)**

**အထက်တန်းရှေ့နေများ**

**ရုံးအမှတ်(၄၉၀/က)၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၁၁၀၇၉၊ ၀၉-၅၆၈၀၅၁၁**

23

မဆဏ

(ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ငွေကုန်းရွာနေ ဒေါ်ဂျမ်းစိန်၏ သမီး မအေးသင်းခိုင် [၅/ခဥန(နိုင်)၀၆၉၀၄၆]သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိခင်-ဒေါ်ဂျမ်းစိန်[၅/ခဥန(နိုင်)၀၂၈၂၇၄]**

## ကိုကျော်စိုး

**ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည်**

**မြေကြီးလိုအပ်သူများဆက်သွယ်ပါရန်**

**ဖုန်း-၀၉-၂၀၁၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊**

**၀၉-၃၀၁၆၈၈၈၈**



# SAMSUNG Galaxy

## Galaxy Gift အသုံးပြုသူများသာ ရရှိနိုင်သော အထူးကံစမ်း အစီအစဉ်

Samsung ဖုန်းသုံးစွဲသူများအတွက် အပိုအခွင့်အရေးများနှင့် Discount များရယူနိုင်ဖို့ Galaxy Gift အက်ပလီကေးရှင်း ကို အသုံးပြုရင်း SAMSUNG Galaxy Note5 များစွာ ထပ်မံ ကံထူးနိုင်မည့် အခွင့်အရေး လာပါပြီ။

### ဘယ်လို ကံစမ်းကြမလဲ



အဆင့်(၁) Play Store သို့သွားပြီး Galaxy Gift ကိုရယူပါ။

အဆင့်(၂) Samsung Device များဖြင့် Galaxy Gift ကို စာရင်းသွင်းပါ။

အဆင့်(၃) Lucky Draw Campaign ကိုရွေးချယ်ပါ။

အဆင့်(၄) ကံထူးနိုင်မည့် အခွင့်အရေး ခလုတ်ကို နှိပ်ပါ။

အဆင့်(၅) အကျိုးစီးပွားခွင့်နှင့် ပတ်သက်သော မတ်ဆေ့ချ်ကို ရရှိမည်ဖြစ်ပြီး Samsung Galaxy Gift Myanmar အက်ပလီကေးရှင်း မှတစ်ဆင့် ကံထူးသူအား ကြော်ငြာပေးသွားပါမည်။

- Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတိုင်းအတွက် Samsung Galaxy Note 5 ကို (၆) ကြိမ်တိုင်တိုင် ကံထူးနိုင်မည့် အထူးအခွင့်အရေး ဖြစ်သည်။
- ယခု ကံစမ်းအစီအစဉ်ကို နှစ်ပတ်တစ်ကြိမ် ပြုလုပ်သွားပါမည်။
- နီးစပ်ရာ Samsung Brand Shops များမှဝန်ထမ်းများကို လည်းအသေးစိတ်အချက်အလက်များမေးမြန်းနိုင်သည်။
- ကံထူးနိုင်မည့် အခွင့်အရေး ခလုတ်ကို နှိပ်ပြီး ယခု ကံစမ်းအစီအစဉ်တွင် အလွယ်တကူ ပါဝင်နိုင်ပါသည်။
- Samsung Galaxy Gift အက်ပလီကေးရှင်းကို အသုံးပြုသူတစ်ဦးသည် နှစ်ပတ်လျှင် တစ်ကြိမ်သာ ကံစမ်းနိုင်သည်။
- Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းသာ နှင့် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

www.facebook.com/samsungmobilemyanmar

SAMSUNG

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

# ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ အထူး သက်သာစွာရောင်းချပေးသောအစီအစဉ်

၉-၉-၂၀၁၅ မှ ၉-၁၀-၂၀၁၅ အထိသာ

- ရွှေထည်၊ စိန်ထည် လက်ဝတ်ရတနာများအား အထူးသက်သာသော **အလျော့တွက်** နှုန်းထားဖြင့် ရောင်းချပေးနေပါသည်။
- **အလျော့တွက်** မပါသော **ရွှေ** လက်ဝတ်ရတနာ **ဒုံးထည်**များ ရောင်းချပေးနေပါသည်။
- **အလျော့တွက်** မပါသော **စိန်ဖိုး** နှင့် **ရွှေဖိုး** သာပေးရမည့် **စိန်ဒုံးထည်**များအားလည်း ရောင်းချပေးနေပါသည်။

ဗုဒ္ဓဂယာဘုရားဖူးကံစမ်းမဲများဖြင့် ကုသိုလ်ပြုနေပါသည်။

ရတနာသည်သင့်အတွက်ထာဝရ ရတနာစုလိုက




သို့ကြွခဲ့ပါ

**ကံစီမ်းမဲများရယူရင်းပျော်ရွှင်စွာလှလာကြည့်ရှုဝယ်ယူအားပေးနိုင်ရန် လေးစားစွာဖိတ်ခေါ်ပါသည်။**

အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃-လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၄၂၁၀၂၉၉၉၉

---

## ပြင်ဦးလွင်မြို့ (မေမြို့) အ.ထ.က (၁) နှစ်တစ်ရာပြည့် အခမ်းအနား

ဖိတ်ကြားလွှာ

မေမြို့ အထက(၁) နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။



နှစ်တစ်ရာပြည့် အခမ်းအနား

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၁) ရက်နေ့၊
နံနက် (၈) နာရီမှ ညနေ(၄) နာရီ ထိ၊
ရေဝတီ ခန်းမ၊ အ.ထ.က(၁)၊ ပြင်ဦးလွင်မြို့။

မိတ်ဆုံ ညစာစားပွဲ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၁) ရက်နေ့၊
ညနေ (၆) နာရီမှ ည(၈) နာရီ ထိ၊
ရေဝတီ ခန်းမ၊ အ.ထ.က(၁)၊ ပြင်ဦးလွင်မြို့။

မိတ်ဆုံညစာစားပွဲ ဖျော်ဖြေရေး အစီအစဉ်။ Mystery Band နှင့်ဆုန်သင်းပါရဲ၊ မိုးမိုး၊ မင်းမင်းဟိန်း၊ ထက်ထက်မြင့်အောင်၊ဂျူဂယ်လ်
မိတ်ဆုံ ညစာစားပွဲ လက်မှတ်များကို အောက်တိုဘာလ (၂) ရက် နေ့ နေ့လည် (၁၂) နာရီ တွင် စတင်ရောင်းချပါမည်။
မေမြို့ အထက (၁) ရာပြည့် အထိမ်းအမှတ် အခမ်းအနား ဖြစ်မြောက်ရေး ကော်မတီရုံး၊ ပြင်ဦးလွင် အမှတ် (၁) အခြေခံ ပညာ အထက်တန်းကျောင်းဝင်း အတွင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

---

Since 2004

## M.E.E.G

✓ Design ✓ Structure ✓ Construction ✓ Training

ဆရာဦးလင်းထိုက် (BE.Civil) နှင့် ဆရာမဒေါ်ယုယုခင် (BE.Civil) တို့ ကိုယ်တိုင်ဦးဆောင်သင်ကြားပေးလျက်ရှိသော အင်ဂျင်နီယာလုပ်ငန်းခွင်သုံးအဆင့်မြင့်ကွန်ပျူတာသင်တန်းများ

AutoCAD/ 3dsMAX/ SketchUp/ MicroStation
Revit/ Etabs&Safe/ Estimate/ SolidWorks

No.18, 2nd Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196 , 095140118

---

**N-Car Company** မှအောက်ပါ ဝန်ထမ်းများအလိုရှိသည်။

1. Office Staff (Computerကျွမ်းကျင်)
2. Sales and Marketing
3. ကိုရီးယားစကားပြန်

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Formနှင့်တကွ လာလျှောက်ရန်။ အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီးနေထိုင်သူ ဦးစားပေးမည်။

**ဆက်သွယ်ရန်-Ph: 09-401604282, 09-422517562**

**လိပ်စာ-အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။**

---

| CNG - ကားရောင်းမည်။ | Hi-ACE ကားရောင်းမည်။ |
|---|---|
| Light Truck (၁) တန် | (၁၅/ယောက်)(အံစာတုံး)ခေါင်မြင့် |
| 70 L (၃) လုံး အပြာရောင် | (2.6) Eng ဂျပန် (အသင့်သုံး) |
| ၈က/၄၉ -----ဈေး (၇၇) သိန်း | ဘေးတံခါး (Auto) ခဲမှင်ရောင် |
| Ph -09254362005 | 2J/74------ ဈေး (၂၅၀) သိန်း |

---

**တရုတ်**

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

Sayar.Yang

**ENGLISH**
Conversation Practice

ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636
09 49 285182

---

## မြင့်မြတ်
အမှတ်တံဆိပ်
## အမွှေးပြေဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)

ပင်ရင်း - မြကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉၇၃၂၁၁၀၆၁၊ ၀၉၇၃၀၉၇၅၂၄၊ ၀၉၇၃၀၄၅၁၀၉။

---

ဗိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

High Tech
ENT Head & Neck Surgery
ONE STOP SOLUTION

**မလေးရှားနိုင်ငံ နား၊ နှာခေါင်းနှင့် လည်ချောင်း အထူးကုပါမောက္ခဆရာဝန်ကြီးမှ ခွဲစိတ်ကုသပေးမည့် အောက်တိုဘာလ အထူးအစီအစဉ်**

(၂၃.၁၀.၂၀၁၅) တစ်ရက်တည်းသာ ပြင်ပလူနာများကြည့်ရှုပေးမည်ဖြစ်ပါသည်

မွေးရာပါ နားလေးရောဂါများနှင့် အသက်ကြီးမှ ဖြစ်ပေါ်သော နားလေးရောဂါများအတွက် အတွင်းနားအာရုံကြောနှီးဆွစက် ခွဲစိတ်တပ်ဆင်ပေးခြင်း (Cochlear Implant)

နှာခေါင်းရောဂါများကြောင့် နှာပိတ်ခြင်း၊ နှာခေါင်းအတွင်း အသားပိုထွက်ခြင်းနှင့် နှာတာရှည်ထိပ်ကပ် နှာရောဂါများကို နောက်ဆုံးပေါ် ခေတ်မီ FESSခေါ် တီဗွီမှန်ပြောင်းဖြင့် အနုစိတ် ခွဲစိတ်ကုသပေးခြင်း။

အသံဝင်ခြင်း၊ အသံကြီးတွင် အသီးထသောရောဂါများကို Miran $CO_2$ Laser စက်သစ်ကြီးဖြင့် ခွဲစိတ်ကုသပေးခြင်း။

ကြိုတင်စိစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် အောက်တိုဘာ ၁၉ ရက်မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

လူဦးရေအကန့်အသတ်ရှိပါသည်။

Hot Line +95 9 783 666 141~144 ( Ext :7065 ) သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

Address - အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Website : www.victoriahospitalmyanmar.com

Facebook : www.facebook.com/WitoriyaGeneralHospital

European Hearing Care (Myanmar) Limited
Affordable, Quality Hearing Care For All Ages
oticon
အရည်အသွေးမြင့်၍ဈေးနှုန်းသင့်သော
နားအကြားအာရုံစမ်းသပ်စစ်ဆေးပေးခြင်းနှင့်
နားကြားကိရိယာများတပ်ဆင်ပေးခြင်းဝန်ဆောင်မှု




စမ်းသပ် စစ်ဆေး တပ်ဆင်နိုင်သောနေရာများမှာ
Like & Share us on facebook European Hearing Care (Myanmar) Limited

**Centre (I)** **ပါရမီအထွေထွေရောဂါကုဆေးရုံ** အမှတ် (၆၀) (ဂျီ-၁)၊ ၉ လွှာ၊ ပါရမီလမ်းသစ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၉၅-၁) ၆၅၇၂၂၈၊ ၆၅၇၂၃၀၊ (လိုင်းခွဲ - ၀၉၀၆)
**Centre (II)** တိုက်အမှတ် (၆၀/၆၂)၊ အခန်း (၀၀၂) မြေညီထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်၊ တာမွေမြို့၊ ရန်ကုန်မြို့။ ဖုန်း - (၉၅) ၀၉ ၇၆၆၄၇၃၃၇
**Centre (III)** **အေးမေတ္တာဆေးခန်း** အမှတ် (၂၇၁)၊ ဗိုလ်ဆွန်ပက်လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၉၅-၁) ၂၄၂၀၆၄ (မကြာမီဖွင့်လှစ်ပါမည်)

ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ရေးသားစီစဉ်သော
EC Edu-Care
လေ့ကျင့်ပြင်ဆင်အောင်ပွဲဝင်
၂၀၁၆ မေးခွန်း(၅)စုံ
နှင့် စံပြအဖြေများ
◆ဒီဂျေမတန်း [တိုင်းနှင့်ပြည်နယ်အဆင့်အစီးရစစ်]
◆စတုတ္ထတန်း [ခရိုင်အဆင့်အစီးရစစ်]
ထွက်ပြီ
EC Edu-Care ဒီဂျေမတန်း ၂၀၁၅ ဘာသာစုံမေးခွန်းဟောင်းသီးသန့် | စတုတ္ထတန်း ၂၀၁၅ ဘာသာစုံမေးခွန်းဟောင်းသီးသန့်
EC Edu-Care တက္ကသိုလ်ဝင်တန်း ဘောဂဗေဒ သင်ရိုးကုန် အနှစ်ချုပ် လေ့လာနည်းစာအုပ်
**ဖြန့်ချိရေး** – ကိုကိုနိုင်(စာပေ)၊ အမှတ်(၅)၊ ၉လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၇၃၁၃၀၉၆၈၊ ၀၉၅၀၆၃၄၅၁၊ ၀၉၇၃၂၀၅၇၂၆

ဝန်ထမ်းအလိုရှိသည်
၁။ အရောင်းဝန်ထမ်း ကျား/မ(၃၀)ဦး
၂။ Marketing ဝန်ထမ်း ကျား/မ(၁၀)ဦး
၃။ စတိုစာရင်းကိုင်ဝန်ထမ်း ကျား/မ(၅)ဦး
ဖုန်း - ၀၉-၇၃၁၀၅၀၅၉၊
၀၉-၉၆၀၀၅၄၉၀၀၊
၀၉-၉၆၀၀၅၅၉၀၀
(ရုံးချိန်အတွင်းသာ)

ဒေါ်တင်လှိုင် B.A(Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview (၁)ပတ်၊ နိုင်ငံခြားသွား(၁)လ အခြေခံအဆင့်မြင့်(၁)လ
Tourism,Hotel,Company,Student Visa, Grammer
သဒ္ဒါ အထူးသီးသန့် ☎ 511231
တိုက်(၁)အခန်း(၂၂)ပ-ထပ်၊ လှည်းတန်းမီးပွိုင့်အနီး။

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးမြင့်အောင်[၁၃/ကခန(နိုင်)၀၀၂၅၆၉]၏ ID 758398 (5-9-13)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၀၉၃၉၂

စာအုပ်စာပေလှူမိတ်ဆွေ

ငွေရတုသို့တိုင်ခဲ့ပြီ "ခင်" ကြက်အူချောင်း
သင့်ကျန်းမာရေးအတွက်အသင့်တော်ဆုံး
Halar 100% ကြက်သားစစ်စစ်ဖြင့် ထုတ်လုပ်ထားပါသည်။
ရေခဲသေတ္တာထဲထည့်သိမ်းရန်မလို။
ယမ်းစိမ်း / ပေါ်မလင် / ဘိုးရပ်အက်စစ် သုံးစွဲမှုမရှိ
နယ် – ကားဂိတ်ပို့ – ငွေကြိုလွှဲ (ဘဏ်မှ)
ရန်ကုန် – အရောက်ပို့ – လက်ငင်းငွေချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
(၁၀)ကျပ်သား ၁၆၀၀/-
ဆက်သွယ်ရန်ဖုန်း – ၀၉ – ၅၃၀၉၃၈၀၁၊ ၀၉ – ၉၅၅၁၅၃၉၉၉။

YOUTH® INTERNATIONAL COLLEGE
Alternate Education for Your Success
• The First Cisco Official Learning Partner in Myanmar
• Authorized Pearson VUE Test Center
edexcel Approved Centre No.95942
HND Diploma in Computing သင်တန်းသား သစ်များခေါ်ယူခြင်း
သင်တန်းပြီးဆုံးလျှင် မိမိဘဝအတွက် အာမခံချက်အပြည့်အဝ ပေးနိုင်သော Edexcel (UK) အသိအမှတ်ပြု HND Diploma in Computing ရရှိမည်။






အနာဂတ်စိမ်းလန်းဆောင်များဖြစ်ကြသည့် ရည်မှန်းချက်ကြီးမားသော လူငယ်များကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေနိုင်မည့် Learning Environment ဖြစ်သည့် YOUTH International College (MICT Campus) မှ နွေးထွေးစွာကြိုဆိုလျက်ရှိနေပါသည် . .
MICT Campus - အခန်း (၆၀၅)၊ အဆောင် (၁၆)၊ Red Link Building MICT Park.
ဖုန်း ၀၁ ၂၅၄၈၉၃၊ ၀၉ ၅၀၀ ၃၅၉၆၊ ၀၉ ၇၈ ၅၀၀ ၃၅၉၆

ဂျပန်နိုင်ငံရှိ စားသောက်ကုန်ထုတ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရန် အမျိုးသမီးသင်တန်းသူ (၃၀)ဦးအမြန်အလိုရှိသည်။
ဂျပန်နိုင်ငံ၊ အီပါရာကီမြို့တွင်ရှိသော ဝက်အူချောင်းထုတ်လုပ်သည့်စက်ရုံ Nippon Ham Co.,Ltd.တွင် မြန်မာသင်တန်းသူ (၃၀) ဦး အမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ (၇၂၉ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၂၃၃၂၇ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၃) စာချုပ်သက်တမ်း (၃)နှစ် ဖြစ်ပါသည်။
(၄) အသက် (၂၀) မှ (၃၀)နှစ် ကြားဖြစ်ရမည်။
အောက်တိုဘာလအတွင်း အင်တာဗျူးရှိမည်။
အသေးစိတ်သိလိုပါက ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။
**Shine Hill Co.,Ltd** (License No.59/2015)
အမှတ်(၂၅၆)၊ ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – (၀၁)၂၄၁၂၄၈၊ ၀၉၇၃၀၅၂၉၉၃၊ ၀၉၇၃၀၅၂၈၀၅၊ ၀၉၃၆၀၂၉၂၉၆

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING









TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

အလက(၂)သာကေတ၊ အဌမတန်း(A)တွင် ပညာသင်ကြားနေသော မောင်သန့်စင်ဖြိုး၏ အမည်မှန်မှာ မောင်သန့်ဇင်ဖြိုးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးတင်ထွန်း[၁၂/ဥကမ(နိုင်)၀၉၁၅၀၃]ဖြစ်ပါသည်။ အလက(၂)သာကေတ ဆဌမတန်း(A)တွင် ပညာသင်ကြားနေသော မချစ်စုလှိုင်၏ ဖခင်အမည်မှန်မှာလည်း ဦးတင်ထွန်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်နေ ဦးစိန်ဝင်း[၁၂/မရက(နိုင်)၀၁၁၃၃၆]၏သား ကိုဝင်းမြတ်ထူး၏အမည်မှန်မှာ ကိုဝင်းမြတ်ထူး(ခ)ကိုဝေယံဝင်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကိုဝင်းမြတ်ထူး(ခ)ကိုဝေယံဝင်း**

**သွေးသည်အသက်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းကြည်

**အသက်(၇၈)နှစ်**

ဆရာဦးခင်ဇော်ထွန်း-ဆရာမကြီး ဒေါက်တာသီရိ(ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏ချစ်လှစွာသော ဖခင်ကြီး ဦးထွန်းကြည်သည် ၂၈-၉-၂၀၁၅ ရက် မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ၊ ဆရာမများ(ဗိသုကာဌာန)**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တကုဏ္ဍေဘာသ သက်တော်(၁၀၀)၊ သိက္ခာတော်(၃၀)

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ပြည်မြို့ မိုးကုတ်ဝိပဿနာ ရာသက်ပန် ကံသုံးဆင့်ဓမ္မရိပ်သာ ဩဝါဒါစရိယ၊ သာသနာမြေအမှတ်(၁)ဝိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၄၇) ဓမ္မရိပ်သာ၊ ဦးစီးပဓာနနာယက၊ မိုးကုတ်အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တကုဏ္ဍေဘာသ သက်တော်(၁၀၀)၊ သိက္ခာတော်(၃၀) ဆရာတော်ကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁)တပ်မတော်စစ်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်) ၃၀-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်ကို (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) ၄-၁၀-၂၀၁၅(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ငြိမ်းအေးဇရပ်၌ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ သာသနာမြေ အမှတ်(၁)ဝိုင်း၊ မိုးကုတ်အောင်မင်္ဂလာကျောင်းတိုက်မှ နံနက် ၁၁ နာရီတွင် ကားများထွက်ပါမည်။

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**


# Human Resources Management Course

- Definition Of Human Resources Management
- How To Acquire & Prepare Human Resources
- How To Select & Recruit Employees
- How To Train & Develop Employees
- How To Compensate & Provide Employees Benefit
- How To Create & Maintain Organizational Performance

Enroll Now!

Starting Date - 11.10.2015
Time Table- Sunday Only ( 9:30 am ~ 12:00 pm )

VAC
VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912 ,01-395939 , 09-5102094,09-73022727



## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်မေ

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ မြေညီထပ်၊ အမှတ်(၈၁)နေ ဒေါ်မြင့်မြင့်ရီ(DGM-CB BANK)၏မိခင်၊ ဒေါ်မေဇကရီမိုး(M-CB Bank)နှင့် ဒေါ်သက်ထားဆွေ(Operational Analyst CB BANK)တို့၏အဘွား ဒေါ်တင်မေသည် ၂၅-၉-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK မိသားစု**



## အမည်ပြောင်း

ဦးခင်ဇော်၏သား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက(၆)၊ သာဝတ္ထိကျောင်းမှ ကျောင်းဝင်အမှတ်-ခ/၃၆၈၄ မောင်အောင်ကောင်းမြတ်အား မောင်အောင်ကောင်းစံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကောင်းစံ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဂုန်တောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၇၇^၀/၀)၊ ဧရိယာ(၀. ၀၃၄)ဧကရှိ ဒေါ်မြဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ဦးသန်းစိုး[၉/ပမန(နိုင်)၀၃၆၂၆၃] အဖအမည် ဦးအလျှောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းကြည်

**အသက်(၇၈)နှစ်**

ဆရာဦးခင်ဇော်ထွန်း-ဆရာမကြီး ဒေါက်တာသီရိ(ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏ချစ်လှစွာသော ဖခင်ကြီး ဦးထွန်းကြည်သည် ၂၈-၉-၂၀၁၅ ရက် မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်မြင့်

**(လ/ထမန်နေဂျာ-CB BANK)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ (၄)လွှာ၊ အမှတ်(၆၂)နေ ဦးအောင်မြင့်(လ/ထမန်နေဂျာ-CB BANK)သည် ၇-၉-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK မိသားစု**

## မွေးသက္ကရာဇ်အမှန်

ရွှေပြည်သာ၊ အထက(၂)၊ ဒသမတန်း(B)မှ ဦးဇော်ဇော်ထွန်း၏သမီး မမေအေးချမ်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁-၁၁-၁၉၉၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

Myanmar Theingi Services Co.,Ltd. ၏ ILV 15-16 1103 လိုင်စင်ဖြင့် ID No. 743107(18-8-15) ရက်ဖြင့် တင်သွင်းခဲ့ရာ ID မှုရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၄၄၈၀၀၃၀၃၃**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်မောင်သန်း

**(ယာဉ်မောင်း-CB BANK)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ (၃)လွှာ၊ တိုက်ခန်းအမှတ်(၄၀၅)နေ ဦးမောင်မောင်သန်း(ယာဉ်မောင်း-CB BANK)သည် ၁၆-၈-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK မိသားစု**




Hot Line No-0930500100

## မာတိကာ

ပြည်သူ့အကျိုး သယ်ပိုးရွက်ဆောင်
စာမျက်နှာ - ၂

မြန်မာ့ရိုးရာလှေလှော် ပြိုင်ပွဲ သင်္ဘောချောင်းတွင်ကျင်းပ ပြိုင်ပွဲဝင်အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်
စာမျက်နှာ - ၇

# ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက် စာအုပ်များကို လွတ်လပ်စွာဝယ်ယူနိုင်မည့်အပြင် သင်္ဘောကြီးကို အခမဲ့လေ့လာနိုင်

သတင်း » သီဟသူ



ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းသင်္ဘောကြီး ရန်ကုန်မြို့ အလုံနိုင်ငံတကာသင်္ဘောဆိပ်ကမ်းသို့ ရောက်ရှိစဉ်။ (ဓာတ်ပုံ-ဘဇေး)

**ရန်ကုန် အောက်တိုဘာ ၂**

ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်း သင်္ဘောကြီးဖြစ်သည့် *M.V Logos Hope* သည်စေတနာ့ဝန်ထမ်း သင်္ဘောသားနှင့် လုပ်အားပေးသူ ၄၀၀ ကျော်နှင့်အတူ ရန်ကုန်မြို့ အလုံနိုင်ငံတကာ သင်္ဘောဆိပ်ကမ်းသို့ ယနေ့နံနက် ၉ နာရီတွင် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောကြီးသည် ရန်ကုန်မြို့တွင် အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ သုတ၊ ရသ၊ နည်းပညာဆိုင်ရာစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ၊ အတတ်ပညာ၊ ဆေးပညာ၊ အားကစားနှင့် ကလေးစာပေ စသည့် စာအုပ်ပေါင်း ငါးထောင်ကျော်ကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရပြီး ယင်းသင်္ဘောကြီးပေါ်တွင် လိုက်ပါလာသည့် စေတနာ့ဝန်ထမ်း လုပ်အားပေးများက ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်နေရာများတွင် ပရဟိတ လုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ✳**

# လက်ပန်ရေတံခါး ဖျာပုံမြို့နယ်အတွင်း တည်ဆောက်ပြီးစီး ရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် စပါးစိုက်ပျိုးရေးကို အထောက်အကူပြုနိုင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ လက်ပန်ပင်ကျွန်းပတ်တာသည် နိုင်ငံ့ဂုဏ်ဆောင်ပေါ်ဆန်းမွှေးစပါး(ဖျာပုံရွှေလက်ပန်ပေါ်ဆန်းမွှေး) အဓိကစိုက်ပျိုးထုတ်လုပ်ပေးနေသော ဒေသတစ်ခုဖြစ်ပြီး အရှေ့ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ အနောက်ဘက်တွင် ကြက်ဖမွှေးဇောင်းကျွန်းပတ်တာ၊ တောင်ဘက်တွင် ဇင်းဘောင်ကျွန်းပတ်တာ၊ မြောက်ဘက်တွင် ဒေးဒလူကျွန်းပတ်တာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ လက်ပန်ပင်ကျွန်းအတွင်းနေထိုင်သူများသည် စပါးစိုက်ပျိုးရေးအပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။ တာတမံအလျား မိုင် ၂၀ အရှည်ရှိသော လက်ပန်ပင်ကျွန်းပတ်တာတွင် ကာကွယ်ဧရိယာ ဧက ၁၁၃၀၀ ရှိရာ အဆိုပါဧရိယာအတွင်း မိုးရာသီတွင် ရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီတွင် ပင်လယ်ရေငန်ဝင်ရောက်ခြင်းများမှ ကာကွယ်နိုင်စေရေးအတွက် ကွန်ဒိုင်းကြီးရေတံခါး၊ ထိတန်ရေတံခါး၊ ကမာအောင်ရေတံခါးနှင့် ဘန့်ခွေးရေတံခါး စသော ရေတံခါး လေးခုဖြင့် စပါး(၁)စီမံကိန်းမှ ၁၉၈၂ ခုနှစ်တွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

( သပြေထွန်း )



ဖျာပုံမြို့နယ် လက်ပန်ပင်ကျွန်းပတ်တာအတွင်းရှိ လက်ပန်ရေတံခါးအား တွေ့ရစဉ်။

# မြန်မာအသင်းနှင့် တီမောအသင်းတို့ သရေကျ

ရှိုင်းထက်ဇော်

**ရန်ကုန် အောက်တိုဘာ ၂**

အာရှ ယူ-၁၉ ခြေစစ်ပွဲအုပ်စု(*G*) တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားရာ မြန်မာနှင့် တီမောအသင်းတို့ ဂိုးမရှိသရေကျသွားသည်။

**မြန်မာ ယူ-၁၉ - ဂိုးမရှိ။**
**တီမော ယူ-၁၉ - ဂိုးမရှိ။**

အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် နောက်ကျချေပဂိုးဖြင့် တီမောကို သရေသာကစားနိုင်ခဲ့သည့် မြန်မာအသင်းမှာ ယခုခြေစစ်ပွဲတွင်လည်း အိမ်ကွင်း၌အနိုင်မကစားနိုင်ခဲ့ပေ။ ပရိသတ်အများအပြားရှေ့မှောက်တွင် ပထမဆုံးကစားဖူးသည့် မြန်မာကစားသမားအများအပြားမှာ စိုးရိမ်စိတ်ရှိခဲ့သော်လည်း ဘရူနိုင်းနှင့်ပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်များ ဂိုးမရခဲ့၍ သာနိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲ၌သရေရလဒ်ကြောင့် လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းမှာ ဘရူနိုင်းအသင်းနှင့် ပြိုင်ခဲ့သည့် ပွဲထွက်လူစာရင်းမှ ရွေ့ကိုနေရာတွင် စျာနေရသူကို ပြောင်းလဲခဲ့ပြီး ကျန်နေရာများတွင် ယခင်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း တီမောအသင်းက ဂိုးရနိုင်သည့်အခွင့်အရေးပိုရခဲ့သည်။ မိနစ် ၂၀တွင် ခရုစ်၏ ခေါင်းတိုက်ဂိုးမှာ လူကျွံဘောဖြစ်နေသလို မိနစ် ၄၀ တွင် ဝေါလ်တာ၏ အပိုင်ကန်ချက်မှာလည်း လွဲချော်ခဲ့၍ တီမောအသင်း နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
အောက်တိုဘာ ၃၊ ၂၀၁၅
စာမျက်နှာ-၁

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို လိုက်နာရန်။

### မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်းပြုလုပ်ရမည်။

### မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

**မဲဆန္ဒရှင်တစ်ဦးသည် -**

(က) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ။

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ။

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ။

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရ။

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။

(ဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ။

(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ။

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ည) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**




**ရွေးကောက်ပွဲကျင်းပရန် ၃၆ ရက်သာ လိုတော့သည်။**

# ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**




**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ ဖြစ်ပေါ်လာမှုနှင့် ဖွဲ့စည်းတည်ရှိမှုတို့ကို တင်ပြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ နိုင်ငံရေးအမြင်ရှိသူများ၊ စီးပွားရေးအမြင်ရှိသူများ၊ ပြည်သူများရဲ့အကျိုးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင်ဆောင်ရွက်ပေးလိုသော အတွေ့အကြုံရှိကြသည့် ပုဂ္ဂိုလ်များနှင့်စုဖွဲ့ကာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့အလံနှင့် တံဆိပ်ကိုလည်း အဖြူရောင်ခွပ်ဒေါင်းကို ကြယ် ၁၄ လုံးက စက်ဝိုင်းပုံသဏ္ဍာန်ဝန်းရံထားပါတယ်။

အဓိပ္ပာယ်ဖော်ပြရမယ်ဆိုလျှင် ဒီမိုကရေစီပြောင်းလဲရေးအတွက် တစ်တိုင်းပြည်လုံး ဆန္ဒထုတ်ဖော်ပြသရာတွင် ယနေ့ပါတီဖွဲ့စည်းခဲ့ရာမှာ ပါဝင်ခဲ့သော ပုဂ္ဂိုလ်များသည် ကျောင်းသားအဖြစ်တည်ရှိနေရာမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ကျောင်းသားများဖြစ်သည့်အတွက် ကျောင်းသားများရဲ့သင်္ကေတ (ဗိုလ်ချုပ်အောင်ဆန်းတို့မှ စတင်ခဲ့သည့်) ခွပ်ဒေါင်းအား သင်္ကေတယူခဲ့ပါသည်။ ယခင်က ခွပ်ဒေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေးကာလဖြစ်သည့်အတွက် မျိုးချစ်စိတ်ရှိစေရန် အနီရောင်ဖြစ်သော်လည်း ယနေ့ကာလသည် ငြိမ်းချမ်းစွာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေသည့်အတွက် အရောင်ကင်း၍ အဆင်းလှသော "အဖြူရောင် ခွပ်ဒေါင်း" ဖြစ်ပါသည်။ ဝန်းရံထားသော ကြယ် ၁၄ လုံးမှာ ကျွန်တော်တို့ရဲ့ညီနောင်များဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ပြည်နယ်၊ တိုင်းဒေသကြီးများအတွက် သင်္ကေတအမှတ်အသားဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထားများကို ဆက်လက်တင်ပြအစီရင်ခံပါမယ်ခင်ဗျား။

နိုင်ငံခြားရေးမူဝါဒအနေဖြင့် ဘက်လိုက်မှုကင်းပြီး လွတ်လပ်၍ တရားမျှတသော မူဝါဒဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံရဲ့ လွှမ်းမိုးခြင်းကိုလက်မခံဘဲ ဘက်လိုက်မှုကင်းရှင်းခြင်းကို လက်ခံတဲ့မူဝါဒဖြစ်ပါတယ်။

မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်မှာမဟုတ်သလို မိမိနိုင်ငံနဲ့ တိုင်းပြည်လူမျိုးအပေါ်ကိုလည်း ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ကျင့်သုံးပါမည်။

အင်အားကြီးနိုင်ငံများ/လက်နက်အင်အားတောင့်တင်းသော နိုင်ငံများနှင့် ထိစပ်နေရသည့် ကျွန်တော်တို့ တိုင်းပြည်အတွက် အင်အားတောင့်တင်းသော ခေတ်မီလက်နက်တပ်ဆင်ထားသော ပြည်ထောင်စုတပ်မတော်တစ်ရပ်ဖြစ်တည်ရေးဆောင်ရွက်မည့် မူဝါဒများဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

**စီးပွားရေးမူဝါဒအနေနဲ့**

အခြေခံလူတန်းစားအများစု ပါဝင်သော သမဝါယမလုပ်ငန်းများ ဦးစားပေးပါမည်။ အခြေခံအလုပ်သမားများပါဝင်သော အသေးစား တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ပါမည်။ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်ရေးဦးစားပေးပါမည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ရန် မူဝါဒနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုဆောင်ရွက်ပေးပါမည်။

**ပညာရေးမူဝါဒအနေဖြင့်**

မသင်မနေရစနစ်အား အခြေခံပညာအထက်တန်းအထိ အဆင့်ဆင့်ဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လူသားအရင်းအမြစ်များ ရရှိရေးအတွက် ခေတ်မီလျော်ညီသော ပညာရေးမူဝါဒ ချမှတ်ဆောင်ရွက်ပါမည်။

ပညာရေးအစ၊ ဘကပညာရေးကျောင်းကဆိုသည့် စကားအရ တိုင်းရင်းသားပြည်သူအများ လေးစားယုံကြည်သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပါမည်။

**ကျန်းမာရေးမူဝါဒအနေဖြင့်**

လက်ရှိနိုင်ငံတစ်ဝန်းရှိ ဆေးရုံ/ဆေးခန်းများအား နိုင်ငံတကာနှင့်ယှဉ်နိုင်စေရန် ခေတ်မီကိရိယာများ တပ်ဆင်ခြင်းအား ဦးစားပေးပါမည်။ သက်ကြီးရွယ်အိုအားလုံးအား ဆေးဝါးအခမဲ့ ကုသခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်ပေးသော ဂေဟာများ ဖွင့်လှစ်တည်ထောင်ပေးပါမည်။ ကလေးမွေးဖွားစဉ်သေဆုံးမှု လျှော့ချရေးနှင့် ကျန်းမာရေးနှင့်အသိပညာပေးမှုများအား လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ပေးသွားပါမည်။ တိုင်းပြည်၏ အခြေခံဒေသများဖြစ်သော မြို့များနှင့်ဝေးကွာသည့် နေရာဒေသများ၊ တောင်ပေါ်ဒေသများတွင် ကျေးရွာအုပ်စုအလိုက် တိုက်နယ်ဆေးရုံတစ်ရုံစီနှင့် ကျန်ကျေးရွာများတွင် ဆေးပေးခန်း၊ သားဖွားခန်းများကို ဖွင့်လှစ်နိုင်ရေး အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

**လူမှုရေးမူဝါဒအနေဖြင့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ယုံကြည်ကိုးကွယ်ရာဖြစ်သော လွတ်လပ်စွာ ကိုးကွယ်နေမှုအား ဆက်လက်၍ ကူညီပံ့ပိုးသွားပါမည်။ အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်ပေးပါမည်။ နိုင်ငံသားတိုင်းရရှိရမည့် တန်းတူအခွင့်အရေးရရှိမှုအား တိုးတက်နိုင်သမျှ တိုးတက်စေရေး ဦးစားပေးပါမည်။ အခြေခံလူတန်းစား(မြေမဲ့ယာမဲ့)တို့၏ လူနေမှုဘဝမြင့်မားရေးကိုလည်း အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အခြေခံလူတန်းစားများဖြစ်တဲ့တောင်သူလယ်သမား၊ အလုပ်သမားများ အများဆုံးနေထိုင်ရာ မြို့နယ်မှာ ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။ ဒါကြောင့်လယ်သမားများရဲ့ အခွင့်အရေးများကို မဆုံးရှုံးစေရန် အဓိကထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်သမားများရဲ့ လယ်ယာမြေများအား မှန်ကန်စွာ ပြန်လည်ရရှိရေးဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသလို လယ်သမားများရရှိရမယ့် အခွင့်အရေးများကိုလည်း မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခုကျွန်တော်တို့ပါတီ အခြေစိုက်ရာဒေသသည် စက်ရုံပေါများပြီး အလုပ်သမားထုများ များပြားစွာလုပ်ကိုင်လျက်ရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်နေကြသော ညီအစ်ကိုမောင်နှမများအား ၎င်းတို့၏ အခက်အခဲများကို အဓိကထား ဦးစားပေးညှိနှိုင်းဖော်ဆောင်ပေးသွားပါမယ်လို့ ကတိပြုပါတယ်။ ရသင့်ရထိုက်သည်များကို အမှန်တကယ်ရရှိရေး အထူးဆောင်ရွက်ပေးသွားပါမယ်လို့ ကတိပေးအပ်ပါတယ်။



**လေးစားအပ်ပါသော**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

အထက်ကဖော်ပြခဲ့တဲ့ကျွန်တော်တို့ ပါတီရဲ့မူဝါဒများကို မိဘပြည်သူများအား တင်ပြဆွေးနွေးခြင်းသည် ယခုကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အတွေးများပြီး အရွေးမမှားစေဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟုဖော်ပြချက်အား အပြည့်အဝထောက်ခံပြီး ရွေးကောက်ပွဲဝင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူအားလုံး လိုလားသော ဒီမိုကရေစီစနစ်ကို တစ်သင်း/တစ်ဖွဲ့/တစ်ပါတီတည်းမသွားဘဲ ပါတီစုံကို အခြေခံသွားခြင်းဖြစ်ကြောင်း မှန်ကန်သော လမ်းကြောင်းအဖြစ် မှတ်ယူပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အမှီအခိုကင်းပြီး အရောင်ဖြူစင်တဲ့အတွက် ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ နောက်က လိုက်နေရတဲ့ နောက်လိုက်တွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပါတီဝင်အားလုံးဟာဒီမြေမှာမွေး၊ ဒီမြေမှာကြီး၊ ဒီရေကို အတူသောက်ခဲ့တဲ့ ညီရင်းမောင်နှမတွေပါ။ ကျွန်တော်တို့ ကိုယ့်အိမ်၊ ကိုယ့်နိုင်ငံကိုပစ်ပြီး ဘယ်မှမသွားခဲ့ကြဘဲ ဒီတိုင်းပြည်အပေါ်မှာ သံယောဇဉ်ရှိစွာ နေခဲ့ကြတာပါ။ ယနေ့ မဲပေးမယ့် မိဘပြည်သူများဟာဒီနိုင်ငံမှာ မွေးရာကစ သေဆုံးသည့်တိုင် နေထိုင်လျက်ရှိကြတဲ့အတွက် စိတ်ထားမြင့်မြတ်တဲ့ လူမျိုးများဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ ပါတီဟာ အခွင့်အရေးရရှိနိုင်ရေးအတွက် လောဘရမ္မက်ကြီးသော လူများနဲ့ ဖွဲ့စည်းထားတဲ့ပါတီမဟုတ်ပါဘူး။ သေအတူရှင်မကွာ ဒီနိုင်ငံရဲ့ ခေတ်အဆက်ဆက် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ယခုလို ဖော်ဆောင်ခွင့်ရတဲ့အချိန်မှာ မြန်မာနိုင်ငံသား စိတ်ဓာတ်အပြည့်နဲ့ ထမ်းဆောင်ချင်ပါတယ်။ အပေါ်ယံရွှေမှုန်ကြဲ အနှစ်ကန္တားချေးမခံပါဘူး။ အပေါ်ယံသဘောနဲ့ ပြောဆိုမှုများကို ရှုတ်ချပြီး မှန်ကန်စွာပြောဆိုတဲ့ အခြားပါတီတွေကို မဲပေးကြပါ။ အရွေးမမှားစေပါနဲ့။ ကိုယ့်တိုင်းပြည်ကို နွံထဲအကျမခံပါနဲ့လို့ တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ရောက်မယ့် ကျွန်တော်တို့ ပါတီကိုယ်စားလှယ်လောင်းများရဲ့ အရောင်ကင်းအဆင်းဖြူတဲ့ ဒေါင်းဖြူကို ကြယ် ၁၄ လုံး ဝန်းရံထားသောကျွန်တော်တို့ပါတီရဲ့ သင်္ကေတဘေးမှာ အမှတ်တံဆိပ်ခတ်နှိပ်ပေးရင်း ရွှင်လန်းတက်ကြွစွာ မဲပေးကြပါ။ ကျွန်တော်တို့ ပါတီအနေဖြင့် အပြောကောင်းခြင်းမဟုတ်ဘဲ အကောင်းပြောခြင်းသာဖြစ်ကြောင်း လေးစားစွာတင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ကတော့-

လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ
စဉ်ဆက်မပြတ် လူထုအတွက်၊
အားသွန်ခွန်စိုက်ထမ်းရွက်ကာ
ပြည်သူချစ်တဲ့ ဒေါင်းဖြူပါ။ ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့စေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုးကောင်း အောက်တိုဘာ ၁**

၂၀၁၅ အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးသောင်းက ရွေးကောက်ပွဲဆိုင်ရာများဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးသည်။



**သန်းလွင်ဦး(မိုးကောင်းပြန်/ဆက်)**

# လမ်းပြကြယ်ပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**လမ်းပြကြယ်ပါတီဥက္ကဋ္ဌ ဦးအေးမြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ယုံကြည်အားကိုးလေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

ဤနေရာမှနေ၍ မိဘပြည်သူများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်. . .။

ကျွန်တော်ဟာ လမ်းပြကြယ်ပါတီ၏ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ လမ်းပြကြယ် ဦးအေးမြင့်ဖြစ်ပါတယ်။ ကျွန်တော်၏ပါတီမှ ကိုယ်စားလှယ်လောင်း ငါးဦးဝင်ရောက်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရန်အတွက် စာရင်းတင်သွင်းထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်တွင် လမ်းပြကြယ်ပါတီကိုယ်စားလှယ်နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် လမ်းပြကြယ်ပါတီကိုယ်စားလှယ်လောင်းနှစ်ဦးနဲ့ ဖြူးမြို့နယ် မဲဆန္ဒနယ်တွင် လမ်းပြကြယ်ကိုယ်စားလှယ်လောင်းတစ်ဦး စုစုပေါင်း ငါးဦးဝင်ရောက်ယှဉ်ပြိုင်ထားပါသည်။

မိဘပြည်သူများမှ လမ်းပြကြယ်ပါတီကိုယ်စားလှယ်လောင်း ငါးဦး အပေါ် စိစစ်လေ့လာသုံးသပ်၍ **ကြိုက်နှစ်သက်ပါက လမ်းပြကြယ်ပါတီ၏ ကြယ်ကြီး (၁)လုံးအား ကြယ်ဖြူ (၁၄)လုံး ဝန်းရံထားတဲ့တံဆိပ်အမှတ်အား ဘေးမှာရိုက်နှိပ်ပေးပြီး ကြိုက်နှစ်သက်ခြင်းမရှိပါက မိဘပြည်သူများ၏ ဆန္ဒအတိုင်း တံဆိပ်တုံးမရိုက်ဘဲ လွတ်လပ်စွာ ပစ်ပယ်ထားနိုင်ပါတယ်လို့ ပြောကြားလိုပါတယ် . . . .။**

ကျွန်တော်တို့ပါတီကို မိဘပြည်သူများမှ မေးလိုတဲ့မေးခွန်းရှိပါတယ်လို့ ယုံကြည်ပါတယ်။ **"အဲဒါကတော့ မင်းတို့ပါတီက တို့ကိုဘာတွေလုပ်ပေးနိုင်လဲ"** လို့ ကတိကဝတ်တောင်းဆိုချင်ပါလိမ့်မယ်ဟု ထင်ပါတယ်။ အဲဒီလိုမေးလာတဲ့အခါ ကျွန်တော်တို့ပါတီက ပြန်လည်ဖြေကြားလိုတဲ့စကားရပ်ကတော့ **"ကတိပေးခြင်း"** ဆိုတဲ့ စကားရပ်မှာ **"ကတိပေးရလွယ်ကူသလို အကောင်အထည်ဖော်ရတာ ခက်ခဲပါတယ်လို့"** ပြန်လည်ဖြေကြားလိုပါတယ် . . .။

လမ်းပြကြယ်ပါတီအနေဖြင့် မိဘပြည်သူများကို တင်ပြလိုသော စကားရပ်ကတော့ **"လွှတ်တော်ထဲရောက်သည့်အခါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ထုတ်ပြီး မိဘပြည်သူများ ဖြစ်စေလိုသောဆန္ဒကို ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးပါမည်"**ဟု ဤနေရာမှနေပြီး ကတိပေးပါတယ်. . . .။

ဒါကတော့ ပြည်ထောင်စုလွှတ်တော်အတွင်းသို့ လမ်းပြကြယ်ပါတီ ကိုယ်စားလှယ်တစ်ယောက်ကို မိဘပြည်သူများရောက်အောင်ပို့ပေးလိုက်လို့ လွှတ်တော်ထဲရောက်တဲ့အခါ ဘာတွေလုပ်ရမည်၊ ဘယ်အချက်တွေပြင်ရမည် စတဲ့လုပ်ငန်းတွေဟာ များပြားကျယ်ဝန်းလှပါတယ် **လွှတ်တော်တွင်း နိုင်ငံရေးသည် ပြင်ပနိုင်ငံရေး လုပ်ဆောင်သကဲ့သို့ လွယ်လင့်တကူ လုပ်ဆောင်၍ မရပါ။ ဥပဒေစည်းကမ်း၊ နည်းလမ်းအတွက် သတ်မှတ်သဖြင့် ဘဝအတွေ့အကြုံ၊ လေ့လာမှုအား တက်ကြွသော စိတ်ထားဖြင့် ကြိုးစား လုပ်ဆောင်ရာတွင် လုပ်ငန်းနယ်ပယ်အသီးသီး၏ စည်းကမ်းနည်းလမ်းများ (ပြဋ္ဌာန်းဥပဒေ)များ၏ သဘောသဘာဝကို အဆင့်မြင့်ပညာ ဉာဏ်စွမ်းဖြင့် သုံးသပ်ဆုံးဖြတ်ရသော လွှတ်တော်တွင်းနိုင်ငံရေးဖြစ်သောကြောင့်** လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အကျင့်သီလစာရိတ္တနှင့် ပညာဉာဏ်စမ်းတို့ပြည့်စုံဖို့ လိုအပ်ပါတယ်. . . .။

တံတားကြီးတည်ဆောက်ပေးပါမည်။ လမ်းမကြီးဖောက် လမ်းခင်းပေးပါမည်။ ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး ဆောက်ပေးပါမည်ဟု ကတိမပေးနိုင်ပါ။ **"နိုင်ငံတစ်ခုလုံးနှင့်ဆိုင်ပြီး အများပြည်သူအကျိုးရှိသည့် ဆောင်ရွက်ချက်မျိုးကိုသာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် ဆောင်ရွက်ပေးပါမည်"**ဆိုသော ကတိစကားသာ ပေးနိုင်ပါတယ်. . . .။

ဒီအချိန်အခါမှ ကျွန်တော်တို့ လမ်းပြကြယ်ပါတီအနေဖြင့် အစိုးရဖွဲ့နိုင်လောက်အောင် ကိုယ်စားလှယ်လောင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသေးပါ။ လမ်းပြကြယ်ပါတီအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ရရှိခဲ့သည့်ကာလမှာ အချိန်တိုပိုင်း လသားအရွယ်သာရှိသေးသော ပါတီဖြစ်ပါတယ်. . .။

လမ်းပြကြယ်ဆိုတဲ့အတိုင်းကို မြန်မာတစ်ဝန်းလုံးက ကြားသိပြီး နားယဉ်ပြီးသားဖြစ်ပါလိမ့်မယ်။ ဒုက္ခနှင့်ရင်ဆိုင်နေရသော အလုပ်သမား၊ လယ်သမားကိစ္စများ၊ ကလေးစစ်သားကိစ္စများနှင့် တရားဥပဒေအရိပ်ခို၍ ပြည်သူလူထုကို မောက်မာစော်ကားခဲ့သည့်ကိစ္စများအတွက် အမှန်တရားဘက်က ရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်ခဲ့သဖြင့် **"မိဘပြည်သူများအသိအမှတ်ပြုခဲ့လို့ ဂုဏ်တင်ခဲ့သောအမည်"**ဖြစ်ပါတယ်. . .

လမ်းပြကြယ်အမည်ဖြင့် လွှတ်တော်ပြင်ပကနေ ပြောင်းလဲလိုသော အရွေ့တစ်ခုကို ကြိုးစားနေခြင်းဟာ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ရင်းနှီးခဲ့ရသော အတွေ့အကြုံများအရ တရားဝင်ပါတီမှတ်ပုံတင်ပြီး တရားဝင်ပြောခွင့်ဆိုခွင့်ရသော **"ပြည်ထောင်စုလွှတ်တော်"** အတွင်းဝင်ရောက်ပြီး မိမိတို့တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန်အတွက် ရွေ့လိုသော ရွေ့ခြင်းက ပိုမိုကောင်းမွန်သည်ဟု ယူဆသဖြင့် **"ကျွန်တော်နှင့် ကျွန်တော့်ကို ယုံကြည်လေးစားအားကိုးပြီး အကူအညီပေးနေသော လမ်းပြကြယ်အဖွဲ့ဝင်များ စုပေါင်းပြီး လမ်းပြကြယ်ပါတီကို တရားဝင်ပါတီ"**အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

**ဒီမိုကရေစီကို အများစုလိုလားကြပါတယ်။ "လိုချင်တော့ ခြသေ့်ဆီခပ်နေတာက အုန်းမှုတ်ခွက် တောင်းဆိုသူကလည်း အုန်းမှုတ်ခွက်ဘဝမှ ရွှေခွက်ဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန် လိုအပ်ပါတယ်. . .။**

မြန်မာ့နိုင်ငံရေးကို အခြေခံလူတန်းစားဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားများက သူတို့တွေ့ကြုံဖြတ်သန်းလာခဲ့ရသော တစ်စတစ်စ နားလည်သဘောပေါက်လာသဖြင့် **"နိုင်ငံရေးသမား"**(သို့)အစိုးရကို ရဲရဲတောက် အတိုက်အခံပြုဆန့်ကျင်ခဲ့သော **"နိုင်ငံရေးသူရဲကောင်း"**များကို အယုံအကြည်မရှိ အားမကိုးရဲတော့ဘဲ ကိုယ့်မိသားစုအရေးကို ကာကွယ်ရေး စိတ်မောလူမောနှင့် ကြားက ပွဲကြည့်ပရိသတ်သဖွယ် ထိုင်စောင့်ကြည့်နေသော ကာလဆိုတာ လမ်းပြကြယ်ပါတီက နားလည်ပါတယ်. . . .။

မှန်ပါတယ်။ လူထုကြားထဲ လမ်းပြကြယ်တွေက လမ်းလျှောက်နေကြတော့ သိလာရတယ်။ မိဘပြည်သူများက လေ့လာဆန်းစစ်တဲ့နေရာမှာ **"အမတ်လောင်း"**ဟာ **"နိုင်ငံရေးသမားလား"** ဒါမှမဟုတ် **"နိုင်ရင်ပြောထားတဲ့ ကတိကိုမတည်ဘဲ မိသားစုကောင်းကျိုးအတွက် စဉ်းစားမလား"** ဆိုတာ မျက်လုံးဒေါက်ထောက်ပြီး ခွဲခြားနေကြပြီ။ ဒါကိုလမ်းပြကြယ်ပါတီမှ ကိုယ်စားလှယ်လောင်းများ ကောင်းစွာ နားလည်ကြပါတယ်။




ကျွန်တော့် အသက်အရွယ်အားဖြင့် တတိယအရွယ်ဖြစ်ပြီး တဖြည်းဖြည်းနှင့် လုပ်ကိုင်နိုင်စွမ်း ကျဆင်းလာမည်ဖြစ်သဖြင့် လူငယ်၊ လူလတ်ပါတီဝင်များကို လွှတ်တော်အတွင်းဝင်ရောက်ပြီး စနစ်တကျ နိုင်ငံရေးပြုလုပ်နိုင်ရန်အတွက် ပါတီဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ရပ်တည်ပြီး အလားအလာရှိပြီး အရည်အချင်းရှိသော လူငယ်၊ လူလတ် ကိုယ်စားလှယ်လောင်းငါးဦးကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းသာဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုး ကိုယ့်စရိတ်ကိုယ်စိုက်ပြီး မိမိမွေးဖွားကြီးပြင်းရာ မြို့နယ်တွေမှာ သတ္တိရှိရှိ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်. . . . . ။

အိမ်ကွင်းမှာ မကန်ဘဲ အဝေးကွင်းထွက်ကန်လိုသော ကိုယ်စားလှယ်လောင်းများကို လက်မခံပါ။ ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲများ အတွေ့အကြုံများအရ ရွေးကောက်ကာလတုန်းကတော့ ခေါင်းပေါင်းစတထောင်ထောင်နှင့် ဟိုဟာပေး၊ ဒီဟာလုပ်ပေးမည်ပြောပြီး အမတ်ဖြစ်ရေး မျက်နှာချိုသွေးပြီး အမတ်/ ဝန်ကြီးဖြစ်သွားတဲ့အခါ မိမိမဲဆန္ဒနယ်ကို ပြန်မရောက်လာတဲ့ **"ဘုရားကိုပဲ ရွှေချဖို့ ကြိုးစားပြီး ဘုရားရှေ့က ခြင်္သေ့ကို ထုံးသုတ်ရန် မေ့သောအမတ်လောင်း"** မဟုတ်ကြောင်း ကျွန်တော်တို့ပါတီက ကတိပေးနိုင်ပါတယ်. . .။

နိုင်ငံရေးသမားတွေပြောနေတဲ့ **"မဲစာရင်းနှင့်ပတ်သက်လို့"**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စနစ်တကျလုပ်ပေးနေတာ အတွင်းကျကျလေ့လာရင် တွေ့မြင်နိုင်ပါတယ်။ နောက်လာမယ့် အနာဂတ်ရွေးကောက်ပွဲများအတွက် စနစ်တကျဖြစ်အောင် လုပ်ထားခြင်းဖြစ်ပါတယ်ဆိုတာ လမ်းပြကြယ်ပါတီက ကော်မရှင်ကိုယ်စားအာမခံသလို ကော်မရှင်နာ တမင်မှားအောင် လုပ်ထားပြီး ဘက်လိုက်တဲ့ အထောက်အထားတွေ့ခဲ့ရင် ဥပဒေအရ တရားပြန်စွဲမှာဖြစ်ကြောင်း အာမခံကတိပေးပါတယ်. . .။

နောက်ဆုံးအနေနဲ့ မိဘပြည်သူများ ကျွန်တော်တို့ ပါတီဥက္ကဋ္ဌအနေဖြင့် အထူးတင်ပြပြီး ပြောလိုသော စကားကတော့ **"လမ်းပြကြယ်ပါတီမှ ကိုယ်စားလှယ်လောင်းများကို မဲပေးပါလို့ မတောင်းဆိုလိုပါ။ ခိုင်းကြည့်ပါလို့ပဲ ပြောချင်ပါတယ်။"** မဲရုံကို ကိုယ်တိုင်သွားရောက်မဲထည့်ကြပါ။ မထည့်ဘဲနေခြင်းဟာ အစိုးရကောင်းမရအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်. . .။

နောက်တစ်ခု ထပ်ပြောလိုတာကတော့ နိုင်ငံရေးသိပ္ပံသဘောတရားအရ လူထုနဲ့ တိုက်တန်သော အစိုးရသာ ရမှာဖြစ်တဲ့အတွက် **"မိဘပြည်သူများ၏ မဲဆန္ဒပေးမှုသည် မျောက်လက်ထဲ စက်သေနတ်အပ်လိုက်သော မဲပေးမှုမျိုး မဖြစ်ပါစေနဲ့လို့ "** ပြောကြားရင်း မိဘပြည်သူများအားလုံး မိသားစုအတူတကွ လွတ်လပ်ကျန်းမာပျော်ရွှင်နိုင်ကြပါစေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်. . . . .။

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မင်းတပ် အောက်တိုဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဘေးအန္တရာယ်ကင်းပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးအောင်မြင့်စိုးက လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတကာမှအသိအမှတ်ပြုသည့် ရွေးကောက်ပွဲအဖြစ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပါဝင်ကူညီဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းအခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ၊ CSOများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**မစ္စတာလိန်း(iprd)**



# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးအောင်ခင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းတို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၂ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မိဘပြည်သူများနှင့်တကွ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများအားလုံး အနာရောဂါကင်းရှင်းကြပြီး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာရှိကြပါစေ။ စားရေး၊ ဝတ်ရေးမှအစ ရွှေ၊ ငွေ၊ ဥစ္စာ ရတနာပစ္စည်း ပြည့်ပြည့်စုံစုံ ပိုပိုလျှံလျှံရှိကြပါစေ။

အကြောက်တရားများကင်းရှင်းပြီး မိမိတို့ဆန္ဒရှိသလို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ပြောနိုင်၊ ဆိုနိုင်၊လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်ကြသူများဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးအောင်ခင်း ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုဝင် အပေါင်းတို့ဟာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း ဝင်ရောက်အခြေချ နေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒီလိုအခြေချနေထိုင်ရာမှာ ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေဟာ မည်သည့်လူမျိုးရဲ့ နယ်မြေကိုမှ အနိုင်ကျင့်တိုက်ခိုက်လုယူခဲ့ခြင်းမျိုးမဟုတ်ဘဲ နယ်သစ်၊ ပယ်သစ်ရှာဖွေတွေ့ရှိခဲ့ပြီး ခုတ်ထွင်ရှင်းလင်းကာ ဓားမဦးချအခြေချနေထိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊အုပ်ချုပ်မှု အတတ်ပညာတွေလည်း အဲဒီကတည်းက အဆင့်မြင့်ထွန်းကားနေခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ အခြေချနေထိုင်လျက်ရှိတဲ့ ဒေသတွေကတော့ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းမှာ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ နန်းယွန်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ကချင်ပြည်နယ်မှာ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီ၊ ရှမ်းပြည်မြောက်ပိုင်းမှာ မိုးမိတ်၊ မဘိမ်းဒေသများပဲ ဖြစ်ပါတယ်။ သို့ပေမယ့် အချို့ဒေသမှာ နေထိုင်တဲ့ ရှမ်းနီများဟာ မိမိဘာသာစကားကို ပြောကြားခြင်းမရှိတော့တဲ့အပြင် မိမိကိုယ်မိမိ ရှမ်းနီလူမျိုးဖြစ်ကြောင်းကိုပင် မသိရှိကြတော့ပါဘူး။ အလွန်ရင်နာစရာကောင်းလှပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးခေတ်မှာ ကျွန်တော်တို့ ရှမ်းနီတွေဟာ ဝန်းသို စော်ဘွား ဦးအောင်မြတ် ဦးဆောင်ပြီး ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ နယ်ချဲ့တော်လှန်ရေး၊ဖက်ဆစ်ဆန့်ကျင်ရေးကာလတွေမှာလည်း အသက်သွေးချွေးတို့ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံတော်လှန်တိုက်ခိုက်ခဲ့ကြလို့ နိုင်ငံတော်က မော်ကွန်းဝင်ဆုတံဆိပ် ပေါင်း ၇၀ ကျော် ချီးမြှင့်ပြီး အသိအမှတ်ပြုခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသားပေါင်းစုံတို့က မိမိတို့ရလိုတဲ့ အခွင့်အရေးအတွက် လက်နက်ကိုင်ပြီး နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရှမ်းနီအပါအဝင် မြောက်ပိုင်းရှမ်းမျိုးနွယ်စုဝင်တို့ဟာ လက်နက်ကိုင်ဆန့်ကျင်ခြင်းမပြုခဲ့ဘဲ နိုင်ငံတော်နှင့် ဒိုးတူပေါင်ဖက် တစ်သားတည်းနေထိုင်ခဲ့ကြသည်မှာ ယနေ့အထိပဲဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**



အငိုသန်တဲ့ကလေး နို့စို့ရတယ်ဆိုသလိုပဲ တိုင်းရင်းသားအတော်များများဟာ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ရရှိခဲ့ကြပေမယ့် ကျွန်တော်တို့ ရှမ်းနီလူမျိုးတွေကတော့ မငိုတတ်၊ မတောင်းတတ်တဲ့အတွက် အခြားတိုင်းရင်းသားတွေလို အခွင့်အရေးတွေ မရရှိသေးပါဘူး။ ရှမ်းနီလူမျိုးများဖြစ်ပေ မယ့် မှတ်ပုံတင်မှာ ရှမ်းနီလူမျိုးဆိုပြီး ဖော်ပြခွင့် မရရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ပါတီကယခုလာမယ့် ရွေးကောက်ပွဲအတွက် ဆောင်ပုဒ်နှစ်ခုချမှတ်ခဲ့ပါတယ်။ အဲဒါ တွေကတော့

**(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ကြယ်ငါးပွင့်ကို ဒို့-မဲပေး**

**(၂) ကိုယ့်လူမျိုး အမည်မှန်ပေါ်ပေါက်ဖို့ ကြယ်ငါးပွင့်ကို ထောက်ခံစို့။**

တို့ပဲဖြစ်ပါတယ်။ ဒီဆောင်ပုဒ်နဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိဖို့၊ ကိုယ့်လူမျိုးအမည်မှန် ပေါ်ပေါက်ဖို့ ကျွန်တော်တို့ပါတီက စွမ်းစွမ်းတမံ ကြိုးစားအားထုတ်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့အရည်အချင်းတွေနဲ့ ပြည့်စုံနေလို့လည်း မရနိုင်စရာမရှိပါဘူး။ နိုင်ငံတော်ကို တရားဝင်တင်ပြတောင်းခံနိုင်ဖို့ပဲ လိုအပ်ပါတယ်။ အရေးကြီးတာက ကျွန်တော်တို့လူမျိုးတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြဖို့ပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့နဲ့ ပူးပေါင်းကြပါ။ အားပေးကြပါ။ ထောက်ခံကြပါလို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်တို့နဲ့ ပတ်သက်ပြီး ပါတီအထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းက ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

**(ကျေးဇူးတင်ပါတယ်)**



**(မိုင်ဆွန်ခ) အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ခင်ဗျား။**

ကျွန်တော့်ကို ဦးစွာမိတ်ဆက်ခွင့်ပြုပါ။ ကျွန်တော်ကတော့ ရှမ်းနီ (တိုင်းလိုင်) နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ Shan Ni & Nothern-Shan ethnic solidiarity Party (S.N.S.P) ရဲ့ အထွေထွေအတွင်းရေးမှူး စောဝင်းထွန်းဖြစ်ပါတယ်။ ဒီနေ့ ရုပ်မြင်သံကြားက ထုတ်လွှင့်မယ့် အစီအစဉ်အတွက် ပါတီမှတာဝန်ပေးအပ်ချက်အရ ပါတီရဲ့ နောက်ခံသမိုင်း၊ မူဝါဒများနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များကို မိဘပြည်သူများအား အသိပေးတင်ပြသွားပါမယ်။

**မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ ကျွန်တော်တို့ SNSP ရဲ့ ရည်ရွယ်ချက်၊ မူဝါဒများနဲ့ ရှေ့လုပ်ငန်းစဉ်များကို အကျဉ်းချုံးတင်ပြပါမယ်။

**ရည်ရွယ်ချက်**

(က) နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအား ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန်၊

(ခ) နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးအတွက် ပါဝင်ဆောင်ရွက်ရန်၊

(ဂ) ဒေသခံတိုင်းရင်းသားများအချင်းချင်းယှဉ်တွဲနေထိုင်၍ နေထိုင်ရာဒေသ၏ အကျိုးစီးပွားများကို ဖော်ထုတ်ဆောင်ရွက်ရန်၊

(ဃ) ပျောက်ကွယ်နေပြီဖြစ်သောတိုင်းရင်းသားများတို့၏ အမျိုးသားလက္ခဏာပြန်လည်ဖော်ထုတ်ရန်နှင့် သမိုင်း အမွေအနှစ်၊ စာပေယဉ်ကျေးမှုဓလေ့ထုံးတမ်းများထိန်းသိမ်းစောင့်ရှောက်ရန်၊

(င) အမည်နာမနှင့် နေရာဒေသကွဲပြားနေသော မိမိတို့၏ အမျိုးသားများအားလုံး ပြန်လည်စုစည်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးအား တည်ဆောက်ရန်၊

(စ) ပြောင်းလဲနေသော မြန်မာနိုင်ငံရေးအခြေအနေပေါ်မူတည်၍ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၏ အမျိုးသားရေးအကျိုးစီးပွားအား ဖော်ဆောင်ရယူရန်၊

(ဆ) မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုကြောင့်ဖြစ်ပေါ်လာသော မတရားဖိနှိပ်မှု၊ ဆက်ကြေးကောက်ခံမှု၊ လူသူစုဆောင်းမှု၊ အဓမ္မညှဉ်းပန်းနှိပ်စက်မှုများအား နိုင်ငံရေးနည်းလမ်းဖြင့်ကာကွယ်စောင့်ရှောက်ရန်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ရှမ်းနီ(တိုင်းလိုင်)နဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ နေထိုင်တဲ့ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းဒေသများဟာ တည်ငြိမ်အေးချမ်းမှုမရှိသေးဘဲ ယနေ့ထက်တိုင် အဖြူရောင်နယ်မြေမဖြစ်သေးတာ၊ လက်နက်ကိုင်တိုက်ပွဲများ မရပ်စဲနိုင်သေးတာ မိဘပြည်သူများလည်း သိပြီးဖြစ်မှာပါ။ ဒီလိုကာလမျိုး၊ ဒီလို အခြေအနေအောက်မှာ ကျွန်တော်တို့ လူမျိုးစုများ၊ ဒေသခံလူထုများအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ အခွင့်အရေးများကို မမျှော်လင့်နိုင်တဲ့အပြင် ဒေသအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားလို့ဆိုရမှာဖြစ်တဲ့ စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊သယံဇာတတူးဖော်ထုတ်လုပ်ရေး၊နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းအစရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ဖို့ အခွင့်အလမ်း နည်းပါးနေတာကို နားလည်နိုင်မှာပါ။ ဒါ့အပြင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းတည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်မှုလုပ်ငန်းများ တည်ထောင်ရေး အစရှိတဲ့ လုပ်ငန်းများကို တည်ထောင်၊ ဆောက်လုပ်နိုင်မှာ မဟုတ်ပါ။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့၊ ဖြစ်လာဖို့ဆိုလျှင် ပထမဦးစွာလိုအပ်တာဟာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်တိုက်ပွဲများရပ်စဲရေး တစ်နည်းပြောရရင် ငြိမ်းချမ်းရေးဟာကျွန်တော်တို့အတွက် အဓိကအရေးအကြီးဆုံး၊ ပထမဦးဆုံးဦးစားပေးရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့ ပါတီကခံယူထားပါတယ်။

ဒါဆို ငြိမ်းချမ်းရေးရရှိပြီး နယ်မြေဒေသတည်ငြိမ်မှုမှတစ်ဆင့် နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ ဒေသခံပြည်သူလူထု၊ တိုင်းရင်းသား မျိုးနွယ်စုများအနေနဲ့ ဘယ်လိုပါဝင်ဆောင်ရွက်မှာလဲ။ လက်ရှိ အခြေအနေမှာ နိုင်ငံတော်မှ အကောင်အထည်ဖော်နေတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ် (NCA)ဟာ အချောသပ်အတည်ပြုပြီး နှစ်ဦးနှစ်ဖက် လက်မှတ်ထိုးမယ့်ရက် သတ်မှတ်ဖို့ နောက်ဆုံး ညှိနှိုင်းကြတဲ့ အဆင့်ရောက်နေပြီဆိုတာ မိဘပြည်သူများလည်းသိပြီးဖြစ်မှာပါ။ မဝေးတော့တဲ့ရက်မှာ (NCA)ကို လက်မှတ်ထိုးနိုင်ကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဒီလိုအနေအထားဖြစ်ပေါ်လာရင် (NCA) စာချုပ်အရ ဆက်လက်ဆောင်ရွက်ကြမယ့် နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း၊ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲ (Political Dialogue)ကျင်းပခြင်း အဆင့်ဆင့်ကို သတ်မှတ်ထားတဲ့ ရက်စွဲ၊ အချိန်ဘောင် အကန့်အသတ် (Time Frame)အရ ဆက်လက်ဆောင်ရွက်ကြတော့မှာ ဖြစ်ပါတယ်။ ဒီအဆင့်ကို ရောက်လာရင် နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး(အထူးသဖြင့် မိမိတို့နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး) ဖြစ်စဉ်မှာ နိုင်ငံရေးပါတီများ ပါဝင်ဆောင်ရွက်ခွင့် ရရှိလာမှာဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော်တို့ ပါတီက အမိအရဆုပ်ကိုင်ပြီး (အစိုးရ၊လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပါဝင်သင့်သူများ)က စုပေါင်းဆွေးနွေးဆုံးဖြတ်ကြမယ့် **နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုများ**မှတစ်ဆင့် ငြိမ်းချမ်းရေးနဲ့ ဒေသတည်ငြိမ်ရေးကို ရရှိနိုင်မှာဖြစ်တယ်လို့ လေးလေးနက်နက်ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကိုရဖို့ အခြားနည်းလမ်းမရှိဘူးလို့ ကျွန်တော်တို့ ပါတီမှ ခံယူထားပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ နိုင်ငံမှာအထူးသဖြင့် ကျွန်တော်တို့ နေထိုင်ရာဒေသမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ အကျိုးဆက်ဖြစ်တဲ့နယ်မြေမတည်ငြိမ်မှု၊ တရားဥပဒေ မသက်ရောက်မှု၊ မလွတ်လပ်မှု၊ မမျှတမှုများကြောင့် နယ်မြေဒေသဖွံ့ဖြိုး တိုးတက်ရေး၊ နိုင်ငံရေးတန်းတူညီမျှဖြစ်ရေး အစရှိသည်တို့ကို ဘယ်လိုမှ အကောင်အထည်ဖော် ဆောင်ရွက်လို့ မရနိုင်တာ မိဘပြည်သူများနားလည်မယ်လို့ ယုံကြည်ပါတယ်။

နယ်မြေအေးချမ်းမှ- (တစ်နည်း -ငြိမ်းချမ်းရေးရှိမှ) ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်။ တိုးတက်လာမှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခွင့်အလမ်းများ ဖွံ့ဖြိုးလာမယ်။ ဒီလိုဖွံ့ဖြိုးလာမှ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများနဲ့ ဒေသခံပြည်သူလူထုရဲ့ လူနေမှုအဆင့်မြင့်မားလာမယ်၊ ဘဝလုံခြုံမှုရှိလာမယ်၊ အသိဉာဏ်ပညာအဆင့်မြင့်မားလာမယ်။ ဒီအခြေအနေထိရောက်အောင်ဆောင်ရွက်ပါမှ တိုင်းရင်းသားအခွင့်အရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းရေး၊ နိုင်ငံရေးတန်းတူညီမျှရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်တို့ကိုရရှိမှာ ဖြစ်ပါတယ်။

ယခုလက်ရှိအခြေအနေအောက်မှာ ကျွန်တော်တို့ SNSP ကြယ်ငါးပွင့်ပါတီအနေနဲ့ ဘာတွေကို ဆောင်ရွက်ပေးမယ်။ ဘာတွေကို ကတိပြုတယ် ဆိုတဲ့ အခြေအနေမရှိပါဘူး။ အရိုးသားဆုံး ပြောရရင် ပြည်သူလူထုအတွက် ခုအချိန်မှာ ဘာမှလုပ်ပေးနိုင်တဲ့ အခြေအနေမရှိသေးပါဘူး။ ဒါပေမယ့် ဘာတွေကို ဘယ်လိုလုပ်ရင်ရနိုင်တယ်၊ ဒီမပြည့်စုံမှုတွေထဲက လွတ်မြောက်ဖို့ ဘယ်နည်းလမ်းကဖြင့် လက်တွေ့အဖြေရှိတယ်ဆိုတဲ့ စဉ်းစားထားတဲ့လုပ်ငန်းစဉ်တွေ ကျွန်တော်တို့ SNSP ကြယ်ငါးပွင့်ပါတီမှာရှိပါတယ်။ ကျွန်တော်တို့ စဉ်းစားထားတဲ့ လုပ်ငန်းစဉ်များဖြင့် မိဘပြည်သူများရဲ့ ဒုက္ခဆင်းရဲတွင်းမှ လွတ်နိုင်ဖို့၊ တိုးတက်လာစေဖို့အတွက် မိဘပြည်သူများကိုယ်စားဆောင်ရွက်ခွင့်ရှိရင် ပေးဆပ်နိုင်ဖို့ မိဘပြည်သူများထံကို ခွင့်ပန်ခြင်းဖြစ်ပါတယ်လို့ ပြောပါရစေ။

ဒါကြောင့် ကျွန်တော်တို့ SNSP ကြယ်ငါးပွင့်ပါတီအနေဖြင့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ် (၄)ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။

-နံပါတ်တစ်လုပ်ငန်းစဉ်အနေဖြင့် ဒေသတွင်းအပစ်အခတ်ရပ်စဲရေးမှ တစ်ဆင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးမှာ ဆောင်ရွက်လို့ရနိုင်သော အဆင့်အနေအထားမှတစ်ဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်၍ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**အား ဆောင်ရွက်ရန်၊

-နံပါတ်နှစ် လုပ်ငန်းစဉ်ဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်မယ့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးခြင်းဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးစုများရဲ့ နိုင်ငံရေးရပိုင်ခွင့်၊ နိုင်ငံရေးတန်းတူညီမျှမှုအခွင့်အရေးများကို အမိအရတောင်းဆိုဆွေးနွေးရယူခြင်းဖြင့် **အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်**အား ဖော်ဆောင်ရန်၊

-နံပါတ်သုံးအနေနဲ့ နယ်မြေဒေသတည်ငြိမ်အေးချမ်းလာမှုနဲ့အတူ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံရေးတန်းတူညီမျှမှုအခွင့်အရေးများကို လက်ကိုင်ပြုပြီး မိမိတို့နိုင်ငံ နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံ ပြည်သူလူထုများ မိမိတို့ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု အဘက်ဘက်မှ တိုးတက်မြင့်မားစေမယ့် **အမျိုးသားအကျိုးစီးပွားလုပ်ငန်းစဉ်**အား တည်ဆောက်ရန်၊

-နံပါတ်လေးအချက်ဖြစ်တဲ့ တည်ငြိမ်ပြီးဖွံ့ဖြိုးလာတဲ့ မိမိတို့ဒေသအတွင်းရှိ ရှမ်းနီနဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၊ ဒေသခံပြည်သူလူထုများက ဒီမိုကရေစီစနစ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပြည်ထောင်စုညီလာခံမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး၊ သန့်ရှင်းကောင်းမွန်တဲ့ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်လာရေး အစရှိတဲ့ **ပြည်ထောင်စုအဆင့်လုပ်ငန်းစဉ်**အား အခြားနိုင်ငံရေးအင်အားစုများနဲ့အတူ အကောင်အထည်ဖော်ရန်၊

ကျွန်တော်တင်ပြခဲ့တဲ့ ဖော်ပြပါလုပ်ငန်းစဉ်(၄)ရပ်ကို မိမိတို့တိုင်းရင်းသားလူမျိုးစုများအနေနဲ့ ပကတိတည်ရှိနေတဲ့ နယ်မြေဒေသအခြေအနေ၊ နိုင်ငံရေးအခြေအနေများအောက်မှာ အကောင်အထည်ဖော်နိုင်ဖို့ ဘယ်ပါတီ၊ ဘယ်ကိုယ်စားလှယ်က အကောင်းဆုံးဆောင်ရွက်နိုင်မှာလဲဆိုတာ မိဘပြည်သူများရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ နေထိုင်ရာဒေသနဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ဖို့၊ မိဘပြည်သူများက ကျွန်တော်တို့ SNSP ကြယ်ငါးပွင့်ပါတီကို တာဝန်ပေးအပ်မယ်ဆိုရင်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုတာ **(ရှမ်းနီ(တိုင်းလိုင်)နဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ)**မှ ပြည်သူလူထုကို ကတိပြုရင်း နိဂုံးချုပ်ပါတယ်။

**(အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။)**

4TV ၏ တစ်ပတ်စာကြည့်ရှုရေးအစီအစဉ်ကောင်းများ
(၃-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ အထိ)

Vol.1 No-38 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

SPORTS
အားကစားသီးသန့် ရုပ်သံလိုင်း

ဖြန့်ဖြူးသည့်အနံ့ မြို့နယ်တိုင်းမှာ ကြည့်နိုင်ပြီ

အားလုံးပျော်သည် 4TV




ရုပ်သံမိမ်းစက် နှင့် ဖန်း

အရည်အသွေးမြင့်
ရုပ်သံလိုင်းပေါင်းများစွာ
ဖမ်းယူကြည့်ရှုနိုင်သည်

HOTLINE 01 2306166

အရည်အသွေးမြင့် ရုပ်သံလိုင်းပေါင်းများစွာ ပါဝင်သော
SATELLITE HD PACKAGE
တစ်လလျှင် ၈၉၀၀ ++ ကျပ်

(High Definition)
အရည်အသွေးမြင့်ရုပ်သံလိုင်းများ

4TV မှ ကိုယ်ပိုင်ထုတ်လုပ်သော ရုပ်သံလိုင်းများ

ရုပ်ရှင် ရုပ်သံလိုင်းများ

ဖျော်ဖြေရေး ရုပ်သံလိုင်းများ

သတင်းနှင့် ဗဟုသုတ ရုပ်သံလိုင်းများ

အားကစား ရုပ်သံလိုင်းများ

အခမဲ့ ရုပ်သံလိုင်းများ

သင့်မိတ်ဆွေများသို့ စကားလက်ဆောင်ပါးလိုက်ပါ ...
4TV HD Receiver ရှိပြီးသား မိတ်ဟောင်းမှ နောက်ထပ် Receiver ဝယ်ယူမည့် မိတ်သစ် ခေါ်လာပါက

စက်အသစ်
30,000Ks.
++One Month Free




~~45,000 Ks.~~

4TV ၏
မိတ်ဟောင်းမိတ်သစ်များအတွက်
အထူးအခွင့်အရေး

စက်အဟောင်း
(၁)လ အခမဲ့
ကြည့်ရှုခွင့်
ရရှိမှာဖြစ်ပါတယ်...

September 9th to October 9th

စက်အဟောင်းတစ်လုံးလျှင် စက်အသစ် သုံးလုံး ဝယ်ယူခွင့်ရှိသည်။
Hotline - 01-2306166

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

( ၃ - ၁၀ - ၂၀၁၅ မှ ၉ - ၁၀ - ၂၀၁၅ အထိ)

**High Definition ရုပ်သံလိုင်းများ**


MRTV-4 HD, Channel 7 HD, Nat Geo Wild HD, National Geographic HD, HBO HD, Fox Sports HD, Fox Movies HD, Fox Action Movies, Star World HD, M-HD, 4 HD, 4 Ladies

**ရုပ်ရှင် ရုပ်သံလိုင်းများ**

Fox Movies Premium, HBO, Fox Family Movies, FOXCRIME, Star Chinese Movies, CINEMAX, 4 Cinema 2, 4 Cinema, 4 Drama, 5 Special, 5 Series, 5 သုခုမ, 5 Movies

### (စနေနေ့) ၂၀၁၅ · ၁၀ · ၃

7:30 PM A Walk Among The Tombstones — Fox Movies HD




6:10 PM The Avengers (2012) — CINEMAX




**for CINEMA 2**


01:52 PM ရွာပျောက်ကြီးရှာပုံတော် စည်ပြိုး ဝိုင်းရန်ဝင်သိန်း
03:59 PM ဝေဝ်လာရို လွမ်းအိမ္မြာကျော်ခင်
05:40 PM အချစ်ရဲ့ဆုလာဘ် ကျော်သူ၊ မို့မြင့်အောင်
07:42 PM မောင်ရွေ့ကိုတည့်တည့် လျှောက်မယ် မင်းမော်ကွန်းဝေ့ဝေ့

**5 သုခုမ**

03:53 PM အက်ဆစ်လိပ်ပြာ (ခန့်စည်သူ၊စိုးမြတ်နန္ဒာ နိုးယောက်)

### (တနင်္ဂနွေနေ့) ၂၀၁၅ · ၁၀ · ၄

12:40 PM The Gambler — HBO HD




2:51 PM Madea's Wintess Protection — For Cinema




**for CINEMA 2**

12:45 PM ပန်းသီးပုံပြင် ထွန်းထွန်း၊အိမ္မြာကျော်ခင်
02:44 PM ဝမ်းတွင်းရှုန်း လွှင်မိုးနန္ဒာလှိုင်
04:35 PM လိပ်ပြာစတေးတဲ့လသိမ်း ပြေတီဦး၊ ဝိုင်းရန်ဝင်သိန်း
06:33 PM လုပ်စတတ်ကြီး မင်းဝေ့ဝ၊ မေသက်နိုင်
08:12 PM ရွာပျောက်ကြီး စည်ပြိုး၊ ဝိုင်းရန်ဝင်သိန်း
10:08 PM ဖွဲ့ကာလေးလေး ထွန်းထွန်း၊ ပုလဲဝင်း

### (တနင်္လာနေ့) ၂၀၁၅ · ၁၀ · ၅

11:20 AM Battle Los Angeles — Fox Action Movies




6:10 PM Dracula Untold — 5 Movies



**for CINEMA 2**

11:13 AM အိမ်နီးချင်း မင်းမော်ကွန်း၊ခိုင်သင်းကြည်
12:56 PM ခါးပြေ့ ထူးအိန္ဒကျော်၊မောစ်ချစ်စနိုးဦး
03:05 PM ဂရှိုရှေ့ရှိ ထွန်းထွန်း၊ ခိုင်သင်းကြည်
05:36 PM ကြည်ဖြူစွာချစ်ခွင့် ဟိန်းဝေယံ၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်

### (အင်္ဂါနေ့) ၂၀၁၅ · ၁၀ · ၆

7:00 PM Ouija — 4 HD




1:45 PM College Road Trip — Fox Family Movies



**for CINEMA 2**


02:20 PM ပျော်စရာအလွမ်း ရန်အောင်၊ခွမ်းမေသက်နိုင်
04:17 PM အမေ့အိမ် ကျော်ကျော်ဗိုလ်၊ နေဆန်း၊ မို့မြင့်အောင်
06:01 PM တစ်ခါတုန်းကတက္ကသိုလ်မှာ ကျော်သူ၊ မေသန်းနု
07:31 PM ချစ်ခြင်းရဲ့သံစဉ်ရန်အောင်၊ နေထိ၊ ထွန်းအိမ္မြာဇို

### (ဗုဒ္ဓဟူးနေ့) ၂၀၁၅ · ၁၀ · ၇

7:30 PM Parnoia — HBO HD




12:36 PM Liberal Arts — For Cinema




**for CINEMA 2**

02:19 PM စင်ဒရဲလားနှင့်ရွှေလက်စွပ် ဒိန်းဒေါင်၊ရွှေမုံရည်ဆုသီ
04:28 PM ညီကြီးရဲ့အတ္တ နေမျိုးအောင်၊ နိုင်နှင်းဝေ

**5 သုခုမ**

07:25 PM ချစ်ကြိုးလေးနှစ်မျှင် သုမောင်၊ကျော်သူ၊ချိုပြုံး

### (ကြာသပတေးနေ့) ၂၀၁၅ · ၁၀ · ၈

4:25 PM Pearl Harbor — Fox Movies HD



8:30 PM Terminator Salvation — Fox Action Movies



6:20 PM I Know Who Killed Me — 5 Movies




**for CINEMA 2**

01:30 PM ခွကျတဲ့ခွင် စည်ပြိုး၊ဇင်လိုင်၊ဒိန်းဒေါင်
03:48 PM အမေ့ ပြေတီဦး၊ ထွန်းအိမ္မြာဇို၊ ခိုင်သင်းကြည်

**5 သုခုမ**

05:56 PM ရွှေပင်ကိုင်းများကျိုးမှာ (နေမင်း၊ရန်အောင်၊ စိုးပြည့်သဇင်)

### (သောကြာနေ့) ၂၀၁၅ · ၁၀ · ၉

7:00 PM Dragon Blade — 4 HD



11:30 PM The Cobbler — Fox Movies




**for CINEMA 2**

02:22 PM ဖွဲ့ကာလေးလေး ထွန်းထွန်း၊ ပုလဲဝင်း
04:12 PM မိဘတို့ဝတ္တရား ရှိသည့်အတိုင်း ရန်အောင်၊နေထိ၊ စိုးမြတ်သူဇာ၊ မေကဗျာ
06:00 PM မျှော်ငြိုင်များ၏ဆုံဆည်းရာ သူထူး၊စံအေးမြတ်သူ

